မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၀၃)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

၂၀၁၃ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ သောကြာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ အဘူဒယ် ဟာမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်ကိစ္စ၌ အာဆီယံ၏ တူညီဆန္ဒနှင့် တစ်သားတည်းရှိနေမည်

နေပြည်တော် ဧပြီ ၂၅

(၂၂)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ ဧပြီ ၂၅ ရက် နံနက် ၉ နာရီတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ဝန်ကြီးချုပ်ရုံး၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ဆွေးနွေးသည်။

သီးသန့် အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် President of the Senate H.E. Mr. Tan Sri Abu Zahar Ujang ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာက (၂၂)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ

စာမျက်နှာ ၉ ကော်လံ ၁ ◆

မြန်မာနိုင်ငံအနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့နည်းရေးကို အလေးထားဆောင်ရွက်နေပြီး ယင်းလုပ်ငန်းစဉ်သည် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်နှင့် တစ်ထပ်တည်းရှိပြီး အာဆီယံပေါင်းစည်းမှုဆိုင်ရာ ဦးဆောင်ဦးရွက်မှု အောင်မြင်ရေးကို အထောက်အကူပြုစေမည်။

(၂၂)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတကာ

ဘော့စ်တွန်ဗုံး သံသယရှိသူတစ်ဦးအား စီအိုင်အေက ၁၈ လကြာ ခြေရာခံထောက်လှမ်းခဲ့

သတင်းစာမျက်နှာ ➤ ၄

နိုင်ငံတကာ

အူမကြီးကင်ဆာဝေဒနာရှင်များ ဆေးလိပ်သောက်တတ်က ရောဂါပိုမိုဆိုးရွားနိုင်

သတင်းစာမျက်နှာ ➤ ၅

အားကစား

တောရက်စ် ချယ်လ်ဆီးတွင် သုံးနှစ်ဆက်တိုက်ကစားမည်ဆို

သတင်းစာမျက်နှာ ➤ ၁၄

Urethane Seal

http://tinyurl.com/mdocRef

Original

မှန် ဒေါက်တာ

U.S.

(+ ၅၀၀၀ ကျပ်)

09-4211 51119, 09-4500 54449

www.MhanDoctor.com facebook.com/MhanDoctor

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အမြန်လမ်းမပေါ် အိပ်မွေ့ကျသည့်ပြဿနာ

မြန်မာနိုင်ငံတစ်ဝန်း လမ်းတံတားများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် သွားလာသူများလည်း တစ်နေ့တခြားတိုးပွားလာခဲ့သည်။ ယာဉ်အို၊ ယာဉ်ဟောင်းများကို အစားထိုးလဲလှယ်ခွင့်နှင့် ယာဉ်အသစ်များကို တင်သွင်းခွင့်ရပြီးသည့်နောက်ပိုင်း အမြန်လမ်းမများအပါအဝင် နိုင်ငံတစ်ဝန်းမှာ လမ်းကြီးလမ်းငယ်အသွယ်သွယ်တို့ပေါ်တွင် သစ်လွင်ပြီး အားကျမက်မောဖွယ်ကောင်းသော ယာဉ်ကြီး၊ ယာဉ်ငယ်များကို ပိုမိုတွေ့မြင်လာရသည်။

အထူးသဖြင့် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ပြီးနောက်ပိုင်းတွင် အရှေ့၊ အနောက်၊ တောင်မြောက် အရပ်ရပ်ဒေသများဆီသို့ အဆိုပါလမ်းမကြီးမှတစ်ဆင့် လွယ်ကူစွာဆက်သွယ်သွားလာနိုင်ခဲ့ပြီဖြစ်ရာ ယခုအခါ ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းမကြီးသည် ခရီးသွားလမ်းမကြီးများအနက် အဓိကကျသော ကျောရိုးလမ်းမကြီးသဖွယ် ဖြစ်လာခဲ့သည်။

ကားကကောင်း၊ လမ်းကကောင်းသဖြင့် အချို့ယာဉ်မောင်းများသည် အဆိုပါလမ်းမကြီးပေါ်တွင် အချိန်တိုအတွင်း လိုရာခရီးသို့ အမြန်ရောက်နိုင်ရေး မိုင်နှုန်းမြှင့်မောင်းလေ့ရှိကြသည်။ ဤသို့လျှင် မောင်းနေစဉ် တစ်စုံတစ်ယောက်က အိပ်မွေ့ချသွားသကဲ့သို့ ငိုက်မြည်းခြင်းအပါအဝင် အမှားတစ်ခုခုကြောင့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ပင် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရတော့သည်။ ထိုမှားယွင်းမှုသည် မော်တော်ကားကို လမ်းဘေးသို့ ဆွဲပါသွားခြင်း၊ တိမ်းမှောက်ခြင်းတို့ ဖြစ်ရသည်အထိ အန္တရာယ်နှင့်ကြုံတွေ့ရတော့သည်။ ထို့ကြောင့် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးဘေး အချို့နေရာများတွင် "အိပ်ငိုက်ခြင်းကြောင့် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ကြောင်း" သတိပေးဆိုင်းဘုတ်များ စိုက်ထူကာ ယာဉ်မောင်းများကို သတိပေးထားရသည်။

အမြန်လမ်းမကြီးသည် လွန်စွာကောင်းလှပါသည်။ တစ်နေ့တခြား များပြားလာသော မော်တော်ယာဉ်ကြီး၊ ငယ်များသည်လည်း လွန်စွာမှကောင်းလှပါပေသည်။ ယာဉ်မောင်း၍လည်း လွန်စွာမှကောင်းလှပါပေသည်။ ထို့အတူ သတိထားနေသည့်ကြားမှ ရုတ်တရက် လျှပ်တစ်ပြက်အတွင်း မထင်မှတ်ဘဲ ငိုက်မျဉ်းသွားတတ်ပါပေသည်။ တစ်စုံတစ်ယောက်က ရုတ်တရက် အိပ်မွေ့လာချလိုက်သလို တစ်ချက်အငိုက်မိသွားလျှင် မျက်စိတစ်မှိတ်အတွင်း ကြုံတွေ့ရမည့်အန္တရာယ်သည် လွန်စွာကြီးလှပါပေသည်။

ထို့ကြောင့် အမြန်လမ်းမကြီး၏ဘေး အချို့နေရာများ၌ မော်တော်ယာဉ်ကို ကီလိုမီတာ ၁၀၀ ထက်ကျော်လွန်ပြီး မမောင်းရန် သတိပေးဆိုင်းဘုတ်များထားရှိသည့်အပြင် အကွေ့အကောက် အတက်အဆင်းရှိကြောင်း လမ်းညွှန်များကိုလည်း စိုက်ထူပေးထားသည်ကို တွေ့ရပေသည်။

ယာဉ်မောင်းသူများအနေဖြင့် အမြန်လမ်းမပေါ်တွင် မောင်းနှင်နေစဉ် လေအေးစက်ဖွင့်၍ မောင်းတတ်သဖြင့် ဘေးတံခါးမှန်များကို ပိတ်ထားကြရမည်ဖြစ်သည်။ ထိုအခါ ပြင်ပမှ လေတိုးသံ၊ ကားတာယာသံတို့ကို မကြားတော့သဖြင့် မိမိမောင်းနေသောအမြန်နှုန်းကို မမှန်းနိုင်တော့ဘဲ အရှိန်မှာ မြင့်သည်ထက် မြင့်တက်လာကာ သတ်မှတ်မိုင်နှုန်းကို ကျော်လွန်သွားတတ်လေသည်။ မိုင်နှုန်းပြဒိုင်ခွက်ကို ကြည့်မှသာ သတ်မှတ်မိုင်နှုန်းထက် မြင့်နေသည်ကိုတွေ့ရသဖြင့် အရှိန်လျှော့မောင်းရလေ့ရှိသည်။ ထို့ကြောင့် အမြန်လမ်းမပေါ်မောင်းလျှင် ဘေးမှန်များဖွင့်မောင်းနှင်ပါက မိမိမောင်းနေသော အရှိန်နှုန်း (မိုင်နှုန်း)ကို သတိပြုနိုင်မည်ဖြစ်ပေသည်။

ထို့ပြင် ကားမောင်းစဉ် အိပ်ငိုက်မှုမရှိစေရန် ဘေးတွင် စကားပြောဖော်တစ်ဦးရှိနေသင့်ပြီး နောက်ဆုံး ထိန်းမရအောင် မျက်ခွံလေးပြီး အိပ်ငိုက်ခဲ့လျှင် လမ်းဘေးတစ်နေရာတွင် ၁၅ မိနစ် နာရီဝက်ခန့် ခေတ္တအိပ်စက်ခြင်းဖြင့် အနားယူသင့်ပေသည်။

ဤသို့ဆိုလျှင် အမြန်လမ်းမပေါ် ယာဉ်မောင်းသူများ ယာဉ်မောင်းရင်း အိပ်မွေ့ကျသည့်ဘေးမှ ကင်းဝေးကာ လိုရာခရီးသို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်တွင်းသတင်း

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း ရှင်းလင်းတင်ပြခြင်းနှင့် အကြံဉာဏ်တောင်းခံခြင်းအခမ်းအနား မော်လမြိုင်မြို့၌ကျင်းပ

နေပြည်တော် ဧပြီ ၂၅

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း ရှင်းလင်းတင်ပြခြင်းနှင့် အကြံဉာဏ်တောင်းခံခြင်း အခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ပုံနှိပ်ထုတ်ဝေသူများ၊ လုပ်ငန်းရှင်များ၊ သတင်းစာဆရာများနှင့် မီဒီယာသမားများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက အမှာစကားပြောကြားပြီး ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေရေးဆွဲရခြင်း အကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေနှင့် ပတ်သက်ပြီး အခန်းလိုက် အသေးစိတ် အချက်အလက်များကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ မီဒီယာများ၏ မေးမြန်းအကြံပြုချက်များကို ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးက အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကို ရှင်းလင်းပြောကြားပြီး အခမ်းအနားတက်ရောက်လာသူများ၏ မေးမြန်းအကြံပြုချက်များကို ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကယ်ရီမောင်းနှင်သူများ ခရီးသည်ခေါ်ဆောင်မှု သရုပ်ပျက်

ထင်သာမြင်သာ ပြုပြင်စရာ

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ် ကယ်ရီမောင်းနှင်သူများအနေဖြင့် ခရီးသည်ခေါ်ဆောင်ရာတွင် ခရီးသည်များအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း ခရီးသွားများထံမှ သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးကားဝင်းနှင့် မြို့တွင်းကားမှတ်တိုင်များတွင် မော်တော်ဆိုင်ကယ် ကယ်ရီမောင်းနှင်သူများသည် ခရီးသည်များ စီးနင်းလာသော မော်တော်ယာဉ်မှတ်တိုင်သို့ ဆိုက်ရောက်လျှင် ဆိုက်ရောက်ချင်း ယာဉ်ပေါ်မှခရီးသည်များ ဂိတ်မှတ်တိုင်အရောက် ကားပေါ်မှ ဆင်း၍မရအောင် ဝိုင်းအုံလာ၍ ခရီးသည် ခေါ်ဆောင်မှုများရှိနေရာ ခရီးသည်များအနေဖြင့် နေ့စဉ်နှင့်အမျှ စိတ်အနှောင့်အယှက်ဖြစ်ပေါ်နေကြရကြောင်း သိရသည်။

"ဘောဂသီရိကားဝင်းအတွင်းမှာ တော်ဝင်ကားဂိတ်တွင် ယာဉ်ဆိုက်ရောက်လျှင်ရောက်ချင်း ခရီးသည်လာကြိုသော ကယ်ရီမောင်းနှင်သူတွေဟာ သူ့ထက်ငါအလုအယက် ဝိုင်းအုံပြီး လက်ဆွဲခေါ်ဆောင်မှုတွေရှိတယ်။ မော်တော်ဆိုင်ကယ် ကယ်ရီစီးမယ့်သူဟာ သူတို့တွေမခေါ်လည်း စီးမယ့်သူက စီးမှာပေါ့။ အခုတော့ ကားပေါ်က မဆင်းရသေးဘူး ကားအပေါက်ကနေ ဝိုင်းအုံပြီးပိတ်ရပ်နေတော့ အဆင်းရခက်ပြီး မကြာသင့်ဘဲ အချိန်ကြာမှုတွေ ဖြစ်ပေါ်နေတယ်"ဟု ခရီးသွားတစ်ဦးက သုံးသပ်ပြောကြားသည်။

သို့ပါ၍ သက်ဆိုင်ရာမှ မော်တော်ဆိုင်ကယ် ကယ်ရီမောင်းနှင်သူများကို စနစ်တကျရှိစေရေးအတွက် ပျဉ်းမနားမြို့ ဘောဂသီရိအဝေးပြေးဝင်းအတွင်းရှိ တော်ဝင်ကားဂိတ်တွင် ဖြစ်ပေါ်လျက်ရှိသည့်ဖြစ်စဉ်ကို ဓာတ်ပုံမှတ်တမ်းရိုက်၍ ထင်သာမြင်သာကဏ္ဍမှ တင်ပြလိုက်ရပါသည်။

ကိုကိုရှပ(နေပြည်တော်)

ရွှေကူ မိုးစစ်ကျေးရွာ၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

ရွှေကူ ဧပြီ ၂၅

ရွှေကူမြို့နယ် မိုးစစ်ကျေးရွာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၂၂ ရက် နံနက် ၇ နာရီက ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘထွေးနှင့် သင်တန်းနာယက ဦးသောင်းညွန့်တို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ တတိယတန်းမှ ဒသမတန်းအထိ အခြေပြုအဆင့်၊ ပထမအဆင့်၊ ဒုတိယအဆင့် သင်တန်းများ ခွဲခြားသင်ကြားပေးလျက်ရှိပြီး အဆိုပါသင်တန်းသို့ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ တက်ရောက်ခဲ့ကြသည်။ မိုးစစ်ကျေးရွာမှ ကျောင်းသား ကျောင်းသူလူငယ်များ စုစုပေါင်း ၂၅၀ ကျော် တက်ရောက်သင်ယူလျက်ရှိပြီး သင်တန်းကာလမှာ ဧပြီ ၂၂ ရက်မှ မေ ၁၁ ရက်အထိ ဖြစ်ကြောင်း သိရှိရသည်။

ဆီမီးခုံ-နန်းရီ

ဇီဝမျိုးစုံ၊ တောမှာစုံ၏

ကျိုးပေါင်းရောဂါဆိုလျှင် ကြို့ပင်ကောက်မြို့ သမားတော်ကြီး ဦးရဲမြင့် ၏
ရွှေသမင် ကျိုးပေါင်းရောဂါ
အမှတ်တံဆိပ်

သောက်ဆေး၊ လိမ်းဆေး၊ အထူးအုံဆေး (ကြပ်ထုပ်ဆေး)ကို သတိရလိုက်ပါ။
ပင်ရင်း - အမှတ် (၇၆) ပန်းတင်လမ်း၊ ကြို့ပင်ကောက်မြို့။ မြန်မာ့ရေး - အမှတ် (၂) ... ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ...

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၂)ကြိမ်မြောက်အာဆီယံ ထိပ်သီးအစည်းအဝေး တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ကျင်းပသည့် (၂၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန်အဖွဲ့ဝင်များ လိုက်ပါလျက် ဧပြီ ၂၅ ရက် ညနေပိုင်းတွင် ခေတ္တတည်းခိုသည့် အင်ပါယာဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ဘန်ဒါဆရီဘီဂါဝန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဘန်ဒါဆရီဘီဂါဝန်မြို့မှ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့်ထွက်ခွာရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဝန်ကြီးချုပ်ရုံး ဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်နှင့် သံရုံးမှ ဝန်ထမ်းများနှင့် မိသားစုဝင်များက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဘန်ဒါဆရီဘီဂါဝန်မြို့မှ ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊ ဦးအောင်ကြည်၊ ဦးသိန်းညွန့်၊ ဦးကျော်ဆန်း၊ ဦးမြတ်ဟိန်း၊ ဦးညဏ်ထွန်းအောင်၊ ဦးသန်းဌေး၊ ဦးဝင်းရှိန်၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်းနှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ဒေါက်တာ ဒေါ်သိန်းသိန်းဌေး၊ ဒေါ်စန္ဒာခင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပသည့် (၂၂) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက်ရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး၌တန်ဖိုးနည်းမိုဘိုင်းဖုန်း SIM Card များစတင်ရောင်းချ

ရန်ကုန် ဧပြီ ၂၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက MEC TEL အမှတ်တံဆိပ်ပါ CDMA-800 MHz Prepaid မိုဘိုင်းဖုန်းများကို တစ်ပြည်လုံး၌ တစ်လလျှင် SIM Card အရေအတွက် ၃၅၀၀၀၀ နှုန်းစီဖြင့် လစဉ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ရာ ပထမအဆင့်အနေဖြင့် ဧပြီ ၂၄ ရက်တွင် SIM Card များကို စတင်ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ယင်းသို့ ဖြန့်ဖြူးရောင်းချခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွက် SIM Card ၁၁၇၀၀၀ ရရှိခဲ့ရာ ယင်းရရှိခဲ့သည့် SIM Cardများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ ပြည်သူများအတွက် ၇၀၇၅၀၊ စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ မြို့နယ်များမှ ပြည်သူများအတွက် အခု ၁၇၂၀၀ ခုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအတွက် ၂၉၀၅၀ ခု တို့ကို ခွဲဝေချထားပေးခဲ့သည်။

ယင်းသို့ ခွဲဝေချထားပေးခဲ့သည့် မြို့နယ်အလိုက်ရရှိသည့် SIM Card များကို မြို့နယ်များက ရပ်ကွက်အလိုက် ပြန်လည်ခွဲဝေပေးခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကလည်း ပွင့်လင်းမြင်သာမှုရှိအောင် ပြည်သူများရှေ့မှောက်၌ လျှောက်ထားသူများအား ပြန်လည်မဲနှိုက်၍ စနစ်တကျ ရောင်းချပေးခဲ့သည်။

ထိုသို့ ရပ်ကွက်အလိုက် SIM Card များကို မဲနှိုက်ရောင်းချပေးရာတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ် (၁)ရပ်ကွက်၌ ယမန်နေ့ နံနက် ၉ နာရီက ရပ်ကွက်အတွင်းရှိ ဇေယျာမင်္ဂလာဘုန်းတော်ကြီးကျောင်းဝင်း၌ ပြည်သူများ ရှေ့မှောက်၌ မဲနှိုက်၍ ရောင်းချပေးခဲ့သည်။

ယင်းသို့ ရောင်းချပေးမှုနှင့် စပ်လျဉ်း၍ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က "ကျွန်တော်တို့ ရပ်ကွက်မှာ လူဦးရေပေါင်း ၁၃၀၀၀ ကျော်ရှိပြီး အိမ်ထောင်စုပေါင်း ၁၇၆၀ ရှိပါတယ်။ SIM Card ခွဲတမ်းက ကျွန်တော်တို့ရပ်ကွက်အတွက် အခု ၁၆၀ ရပါတယ်။ လျှောက်ထားသူပေါင်းက ၉၆၆ ဦးရှိပါတယ်။ အဲဒီအထဲက ရပ်ကွက်အတွင်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတိုက်က ကျောင်းထိုင် ဆရာတော်တွေ၊ တိုက်အုပ်၊ စာချနဲ့ ဓမ္မစရိယအောင်တဲ့ ဆရာတော်တွေအတွက် ၁၀ ကတ်ရောင်းချဖို့ အစည်းအဝေးမှာ ရာအိမ်မှူး အားလုံးကိုတင်ပြပြီး အားလုံးသဘောတူညီမှုနဲ့ ရောင်းချပေးမှာ ဖြစ်ပါတယ်။ ကျန်တဲ့ SIM Card ၁၅၀ ကို ပွင့်လင်းမြင်သာမှုရှိအောင် အများပြည်သူ ရှေ့မှောက်မှာ မဲနှိုက်ရောင်းချပေးမှာဖြစ်ပါတယ်။ မဲနှိုက်ရာမှာလည်း ရပ်ကွက်အုပ်ချုပ်ရေးပိုင်းမှာ တာဝန်ရှိသူတွေက ပါဝင်မှာ မဟုတ်ပါဘူး၊ ကလေးတွေနဲ့ လျှောက်ထားသူ ပြည်သူတွေကိုယ်တိုင် မဲနှိုက်မှာ ဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

SIM Card များကို ညနေ ၄ နာရီမှ စတင်လျက် မဲပေါက်သော ပြည်သူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ငွေသွင်းခြင်း၊ ဆက်သွယ်ရေးစာချုပ်ချုပ်ဆိုခြင်း၊ SIM Card ထုတ်ပေးခြင်းတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်ပေးကြကြောင်း သိရှိရသည်။

(ညွန့်သန်း)

လှိုင်မြို့နယ် အမှတ် (၁) ရပ်ကွက်၌ ဖုန်းမဲလိပ်များအား ရပ်ကွက်နေပြည်သူများ ရှေ့မှောက်၌ မဲလိပ်များလိပ်နေစဉ်။

နှစ်သစ်ကူးတွင်အိမ်ပြန်လာကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားများပြည်ပသို့ပြန်လည်ထွက်ခွာ

ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော ရွှေ့ပြောင်းအလုပ်သမားများ မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော် သင်္ကြန်အချိန်အခါတွင် မိမိတို့၏မိသားစုထံ ပြန်လာကြကာ နှစ်သစ်ကူးပွဲတော်အား ပျော်ရွှင်စွာဆင်နွှဲပြီး အလုပ်လုပ်ရန် ထိုင်းနိုင်ငံသို့ပြန်လည်ထွက်ခွာသွားရန် မြဝတီမြို့ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား၌ နိုင်ငံကူးလက်မှတ်များတွင် တံဆိပ်တုံး ထုနှိပ်ရန် စောင့်ဆိုင်းနေကြသည်။ **(အပေါ်ပုံ)**

အဆိုပါရွှေ့ပြောင်းအလုပ်သမားများ နေ့စဉ်နှင့်အမျှ များပြားလှစွာ အဆင်ပြေချောမွေ့စွာ ထွက်ခွာသွားနိုင်ရန်အတွက် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ လူဝင်မှုကြီးကြပ်ရေးနှင့် စိစစ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက မြန်ဆန်ပြီးမြောက်အောင်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ၎င်းရွှေ့ပြောင်းအလုပ်သမားများသည် အဝေးနေရာတွင်ဝမ်းစာရေး၊ မိသားစုရေးများအတွက် ပြည်ပထွက်အလုပ်လုပ်ကိုင်နေကြရသော်လည်း နှစ်သစ်ကူးအချိန်အခါတွင် အမိမြေကိုအခြေချကာ နှစ်ကူးအတာသင်္ကြန်ပွဲကို မိသားစုနှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲပြီး စိတ်သစ်လူသစ်အင်အားသစ်ဖြင့် မိမိတာဝန်များကို ပြန်လည်ထမ်းရွက်ကြမည် ဖြစ်သည်။

ထိုသို့ ထိုင်းနိုင်ငံမှ မိခင်မြန်မာနိုင်ငံသို့နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို စိတ်အေးချမ်းသာစွာပြန်လည်ဆင်နွှဲနိုင်ခြင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများ၏ တရားဝင်နေထိုင် လုပ်ကိုင်ခွင့်နှင့် သတ်မှတ်ထားသည့် အခွင့်အရေးကို ရရှိအောင် ထိုင်းအစိုးရအားညှိနှိုင်းဆောင်ရွက်ပေးခဲ့မှုကြောင့်ပင် ဖြစ်သည်။ ယခင်က မရရှိခဲ့ဖူးသော အခွင့်အရေးများဖြစ်၍ ထိုသို့သော အခွင့်အရေးများနှင့်အလုပ်သမားများ၏ ရပိုင်ခွင့်အကျိုးခံစားခွင့်များ မထိခိုက်စေရန် စည်းကမ်းနှင့်ညီညွတ်စွာ အလုပ်လုပ်ကြရန် လိုအပ်လျက်ရှိသည်။

နဒီမြင့်မိုရ် (မြဝတီ)

ငွေကျပ်(၂၀၀)တန် ထီဖွင့်ပွဲ မေ (၁) ရက်တွင်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

(၂၉၂)ကြိမ်မြောက် ငွေကျပ်(၂၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမဆောင်၌ မေ ၁ ရက် နံနက် ၈ နာရီမှစတင်၍ ညနေ(၄)နာရီအထိ တစ်ရက်တည်းဖြင့်အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း ၁၅၀၀(၁)ဆု၊ ငွေကျပ်သိန်း ၁၀၀၀ (၁)ဆု၊ ငွေကျပ်သိန်း ၅၀၀ (၁)ဆု၊ ငွေကျပ်သိန်း ၃၀၀ (၂)ဆု၊ ငွေကျပ်သိန်း ၂၀၀ (၄)ဆု၊ ငွေကျပ်သိန်း ၁၀၀ (၁၃)ဆု၊ ငွေကျပ် ၁၀ သိန်း (၃၇၇)ဆု၊ ငွေကျပ် ၅ သိန်း (၂)ဆု၊ ငွေကျပ် ၃ သိန်း (၁၃၅)ဆု၊ ငွေကျပ် ၂ သိန်း (၁၂၃၀)ဆု၊ ငွေကျပ် ၁ သိန်း (၁၂၁၀၉)ဆု၊ ငွေကျပ် ငါးသောင်း (၉၉၉၉)ဆု အပါအဝင် ဆုမဲပေါင်း(၂၃၈၇၄)ဆုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၄-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၃ တရားတော်
၇း၂၀ မျိုးချစ်တပ်မတော်
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၁၀ မဟာဂီတ ချိုကြည်မြ
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ **ရွှာ** ဟာသဇာတ်လမ်းတွဲ
(အပိုင်း-၁၉၆)
လူလိမ်ပြိုင်ပွဲ
ပေါ်လေး၊ ငွေမိုး၊ ဝင်းနိုင်၊
ကျော်ဇေသော်နှင့်
သရုပ်ဆောင်များ
(ဒါရိုက်တာ-မိုးဇော်ကို)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
တိမ်လွှာထက်က
ဖန်ရဲတိုက်
(အပိုင်း-၄၇)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- အမျိုးသားရေးတေးကဗျာ
- ဒို့တာဝန်အရေး (၃) ပါး
- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ပြည်သူ့တရားရှင်ပေါင်ချိန်
(အပိုင်း-၂၉)
- မြဝတီရုပ်မြင်သံကြားသတင်း
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ဂုဏ်ရည်မတူ
(ဒုတိယတွဲ) (အပိုင်း-၆)

နိုင်ငံတကာသတင်း

ဘော့စ်တွန်ဗုံးသံသယရှိသူတစ်ဦးအား စီအိုင်အေက ၁၈ လကြာခြေရာခံထောက်လှမ်းခဲ့

ဘော့စ်တွန် ဧပြီ ၂၅

ဘော့စ်တွန်ဗုံးသံသယရှိသူထဲမှတစ်ဦးကို လွန်ခဲ့သော ၁၈ လကတည်းက ခြေရာခံလိုက်ခဲ့ကြောင်း စီအိုင်အေတာဝန်ရှိသူများက အမေရိကန်မီဒီယာသို့ ပြောကြားလိုက်သည်။အသက် ၂၆ နှစ်ရှိ တာမာလန်းဆာနက်ဗ်အား စုံစမ်းထောက်လှမ်းခဲ့ကြောင်း၊ သို့သော် အကြမ်းဖက်နိုင်သည့် အထောက်အထား တစ်စုံတစ်ရာမတွေ့ခဲ့ရကြောင်း အက်ဖ်ဘီအိုင်က ပြောသည်။ ဆာနက်ဗ်သည် လွန်ခဲ့သည့် သီတင်းပတ်က ရဲတပ်ဖွဲ့လိုက်လံဖမ်းဆီးစဉ် သေဆုံးခဲ့ပြီး ၄င်း၏ညီဖြစ်သူ ဒိုခါး ၁၉ နှစ်အား ဖမ်းဆီးထားသည်။

ဧပြီ ၁၅ ရက်က ဖြစ်ပွားခဲ့သော ဘော့စ်တွန်မာရသွန် ဗုံးပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးပြီး ၂၆၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ဗုံးနှစ်လုံးကို အဝေးထိန်းကိရိယာသုံးပြီး ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ရဲတပ်ဖွဲ့က စောစောပိုင်းတွင် အတည်ပြုပြောကြားခဲ့သည်။ **(ဘီဘီစီ)**

အန်ရီကိုလက်တာ အီတလီဝန်ကြီးချုပ်ဖြစ်လာမည်

ရောမ ဧပြီ ၂၅

အီတလီသမ္မတ ဂျော်ဂျီယိုနာပိုလီတာနိုက ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းရန် ပြောကြားခဲ့ပြီးနောက် အန်ရီကိုလက်တာသည် အီတလီဝန်ကြီးချုပ်ဖြစ်လာလိမ့်မည်ဟု သတင်းများပေါ်ထွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

မစ္စတာလက်တာအား ဗဟိုလက်ဝဲဒီမိုကရက်တစ်ပါတီက ဒုတိယခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ထားသည်။ ၄င်းအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ရေး ပါလီမန်၏နှစ်လကြာ လိပ်ခဲတည်းလည်းဖြစ်နေရခြင်းကို အဆုံးသတ်နိုင်ဖွယ်ရှိသည်။

မစ္စတာလက်တာသည် ယင်းရာထူးကိုလက်ခံပြီး ပါက ပါတီပေါင်းစုံပါဝင်သည့် ညွန့်ပေါင်းအစိုးရသစ်ဖွဲ့စည်းရမည်ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။ လာမည့်သီတင်းပတ်အတွင်း အစိုးရသစ်ဖွဲ့စည်းနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ မစ္စတာလက်တာသည် ဗဟိုလက်ဝဲခရစ္စတီယန်ဒီမိုကရက်တစ်ပါတီဝင်ဟောင်းဖြစ်သည်။ ၄င်းသည် ဝန်ကြီးချုပ်ဟောင်း ဘာလူစကိုနီ၏လက်ထက်တွင် ၁၀ နှစ်ကြာ အစိုးရဝန်ထမ်းအကြီးအကဲတာဝန်ထမ်းဆောင်ခဲ့သည်။ **(ဘီဘီစီ)**

တင်မောင်လွင်-စုစည်းသည်

ဒါကာမြို့ အဆောက်အအုံပြိုကျမှု သေဆုံးသူ ၁၄၀ ကျော်ရှိလာ

ဒါကာ ဧပြီ ၂၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အပြင်ဘက်ရှိ ရှစ်ထပ်အဆောက်အအုံ ပြိုကျပျက်စီးခဲ့ပြီးနောက် သေဆုံးသူအနည်းဆုံး ၁၄၇ ဦးကျော်အထိရှိလာပြီး အဆောက်အအုံအပျက်အစီးများအောက်တွင် အသက်ရှင်ကျန်ရစ်သူများအတွက် ရှာဖွေမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဧပြီ ၂၅ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဧပြီ ၂၄ ရက်က ပြိုကျခဲ့သည့် အဆိုပါအဆောက်အအုံအပျက်အစီးများအတွင်း အသက်ရှင်ကျန်ရစ်သူများအား လွတ်မြောက်ရန် ကယ်ဆယ်ရေးအလုပ်သမားနှင့် စေတနာ့ဝန်ထမ်းများက စက်ယန္တရား အများအပြားသုံးပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

မိသားစုဝင်ထောင်ပေါင်းများစွာတို့ ယင်းနေရာသို့ စုရုံးရောက်ရှိလာကြကာ သေဆုံးသူများအတွက် ငိုကြွေးမြည်တမ်းပြီး ပူဆွေးသောကများရောက်နေကြသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ရှေးကျသော အလက်ပိုဗလီမျှော်စင် ဆီးရီးယားတိုက်ပွဲများကြောင့်ပျက်စီး

အလက်ပို ဧပြီ ၂၅

ဆီးရီးယားနိုင်ငံ၏ အထင်ရှားဆုံးဗလီများအနက် တစ်ခုဖြစ်သည့် ရှေးကျသော ဗလီမျှော်စင်တစ်ခုသည် အလက်ပိုမြို့မြောက်ပိုင်း တိုက်ခိုက်မှုများဖြစ်ပွားစဉ် အတွင်း ပျက်စီးခဲ့ကြောင်း ဧပြီ ၂၅ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အူမေရတ်လီခေါ် အဆိုပါ ၁၁ ရာစုဗလီမျှော်စင်ကို အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးခဲ့ခြင်း ဖြစ်ကြောင်း အစိုးရပိုင်ဆာနာသတင်းဌာနက ထုတ်ပြန်သည်။ သို့သော်လည်း ယင်းဗလီမျှော်စင်ကို ဆီးရီးယားအစိုးရတင့်ကားများက ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း လှုပ်ရှားရေးသမားများက ပြောကြားသည်။

ယူနက်စကိုကမ္ဘာ့အမွေအနှစ်နေရာတစ်ခုဖြစ်သည့် ယင်းဗလီမျှော်စင်သည် ယခုနှစ်အစောပိုင်းကတည်းက အကြမ်းဖက်သမားများလက်အတွင်း ရှိနေခဲ့သော်လည်း အဆိုပါ ဧရိယာဝန်းကျင်တွင် ယခုတိုင် အငြင်းပွားနေဆဲဖြစ်သည်။ မူဆလင်ကမ္ဘာတွင် အလှပဆုံး ဗလီမျှော်စင်တစ်ခုဖြစ်သည်ဟု ဖော်ပြထားသည့် အဆိုပါဗလီမျှော်စင်နေရာကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြီးခဲ့သည့်နှစ်အောက်တိုဘာလက ယူနက်စကိုမှ မေတ္တာရပ်ခံထားခဲ့သည်။ **(ဘီဘီစီ)**

စီချွမ်ပြည်နယ်၌ ငလျင်နှစ်ကြိမ် ထပ်မံလှုပ်

ပေကျင်း ဧပြီ ၂၅

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် အနောက်တောင်ပိုင်း ရင်ဘင်းမြို့၌ ဧပြီ ၂၅ ရက်က ရစ်ခ်ျတာစကေး ၄ ဒသမ ၈ နှင့် ၄ ဒသမ ၂ အဆင့်ရှိ ငလျင်နှစ်ကြိမ်ထပ်မံလှုပ်ခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါငလျင်ကြောင့် အနည်းဆုံး ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိသွားပြီး ထောင်ပေါင်းများစွာသော နေအိမ်များ ပြိုကျပျက်စီးသွားသည်။ **(ပရက်စ်တီဗွီ)**

ကီဆောင်စက်မှုဇုန်အရေးဆွေးနွေးရန် တောင်ကိုရီးယားအဆိုပြု

ဆိုးလ် ဧပြီ ၂၅

တောင်ကိုရီးယားနိုင်ငံသည် နှစ်နိုင်ငံပူးတွဲတည်ဆောက်ထားသော ကီဆောင်စက်မှုဇုန်တွင် လုပ်ငန်းများပြန်လည်စတင်ခြင်းအပေါ် မြောက်ကိုရီးယားနှင့် နည်းလမ်းတကျဆွေးနွေးမှုများ အဆိုပြုကမ်းလှမ်းလိုက်ကြောင်း ဧပြီ ၂၅ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

မြောက်ကိုရီးယားက အဆိုပါဆွေးနွေးမှုများသဘောမတူခဲ့လျှင် စိုးရိမ်ဖွယ် အနေအထားများဟု တောင်ကိုရီးယားပေါင်းစည်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကင်ယွမ်ဆပ်က သတိပေးပြောကြားခဲ့သည်။

ပြုံယမ်းသည် ယခုလအစောပိုင်းက တောင်ကိုရီးယားအလုပ်သမား ၅၃၀၀၀ကို အဆိုပါစက်မှုဇုန်အတွင်းမှ ထွက်ခွာခွင့်ပြုခဲ့ပြီး စက်မှုဇုန်အတွင်းသို့ ဝင်ရောက်မှုကို ပိတ်ဆို့ထားခဲ့သည်။

ကီဆောင်စက်မှုဇုန်ပုံမှန်ပြန်ဖြစ်ရေးနှင့် ဘေးဒုက္ခကြုံတွေ့နေသော ကီဆောင်အလုပ်သမားများ၏ လူသားချင်းစာနာမှုကိစ္စများကို ဖြေရှင်းရန် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားအာဏာပိုင်များအကြား လုပ်ငန်းအဆင့်ဆွေးနွေးမှုပြုလုပ်ရန် အစိုးရက ယနေ့တရားဝင် အဆိုပြုကမ်းလှမ်းလိုက်ကြောင်း မစ္စတာကင်က ပြောကြားခဲ့သည်။

အဆိုပါကမ်းလှမ်းချက်ကို ၄င်းအနေဖြင့် ပယ်ချခဲ့မည်ဆိုလျှင် စိုးရိမ်ဖွယ် အနေအထားများနှင့် ရင်ဆိုင်ရနိုင်ပြီး ယင်းကမ်းလှမ်းချက်ကို မကြာမီရက်အတွင်း ပြန်လည်တုံ့ပြန်သင့်ကြောင်း ၄င်းကထပ်မံပြောကြားခဲ့သည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအတွင်း ကီဆောင်စက်မှုဇုန်၌ ကျန်ရှိနေသေးသည့် ၄င်းတို့၏နိုင်ငံသား ၁၇၆ ဦးကို ပြန်လည်ရုပ်သိမ်းနိုင်ကြောင်း လေ့လာဆန်းစစ်သူများက ယုံကြည်ခဲ့သည်။

ယင်းစက်မှုဇုန်အတွင်း ကျန်ရှိနေသည့် တောင်ကိုရီး ယားနိုင်ငံသားများသည် အစားအစာနှင့် ဆေးဝါးပြတ်တောက်မှုများကြောင့် ကြီးမားသောအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေလျက်ရှိကြသည်။ **(ဘီဘီစီ)**

လုံခြုံရေးစောင့်ကြပ်နေသည့်မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

နိုင်ငံတကာသတင်း

အသွင်မတူ မှုကွဲတဲ့ ဆီးရီးယားစစ်ပွဲ

မောင်နွေသစ်

ဆီးရီးယားမှာ ဖြစ်ပွားနေတဲ့စစ်ပွဲကို လေ့လာကြည့်မယ်ဆိုရင် အီရတ်နဲ့အာဖဂန်နစ္စတန်တို့မှာဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေနဲ့မတူပါဘူး။ အဲဒီတုန်းက အမေရိကန်ဦးဆောင်တဲ့ နေတိုးတပ်ဖွဲ့၊ နေတိုးဦးဆောင်တဲ့ အမေရိကန်တပ်ဖွဲ့ဆိုပြီး အတိအလင်းစစ်ကြေညာပြီး တိုက်ခဲ့တဲ့စစ်ပွဲတွေပါ။ အခုဆီးရီးယားမှာ ဖြစ်ပွားနေတဲ့ စစ်ပွဲက ဒီလိုမဟုတ်ပါဘူး။ ဆီးရီးယားပြည်တွင်းမှာရှိတဲ့ အတိုက်အခံတွေကို အမေရိကန်နဲ့ ဥရောပနိုင်ငံတွေက ငွေအင်အား၊ လက်နက်အင်အားတွေ ဖြည့်ဆည်းပေးပြီး တိုက်တဲ့စစ်ပွဲဖြစ်ပါတယ်။ ဒါကိုပဲ အသွင်မတူ မှုကွဲတဲ့စစ်ပွဲလို့ဆိုရမှာ ဖြစ်ပါတယ်။

အခု ဆီးရီးယားသမ္မတ ဘာရှာ အယ်လ်အာဆတ်အစိုးရ ပြုတ်ကျဖို့ ဥရောပတိုက်သား ရာပေါင်းများစွာတို့က အတိုက်အခံလို့ခေါ်တဲ့သူပုန်အဖွဲ့နဲ့ လက်တွဲပြီး တိုက်ပွဲဝင်နေကြပြီလို့ မေ ၂၄ ရက်တုန်းက အီးယူ အကြမ်းဖက်မှုတိုက်ဖျက်ရေး အကြီးအကဲ ဂေးလ်လက်ဒီကာချော့ဆိုသူက ထုတ်ဖော်ပြောကြားလိုက်ပါပြီ။ ဆီးရီးယားမှာတိုက်ပွဲဝင်နေတဲ့ ဥရောပတိုက်သား ၅၀၀လောက်ရှိမယ်လို့ သူကခန့်မှန်းထားပါတယ်။ ဒါက ဥရောပတိုက်သားတွေချည်း ပြောတာပါ။ အနီးအနားမှာရှိနေတဲ့ အာရပ်နိုင်ငံတွေက အများအပြား ပါဝင်နိုင်ပါတယ်။ တစ်လောကတောင် လက်ဘနွန်နယ်စပ်က ဝင်လာတဲ့ သေနတ်သမားတွေကို ဆီးရီးယားအစိုးရတပ်တွေက ပြန်လည်တိုက်ထုတ်ပစ်လိုက်ရသေးတယ်လို့ သတင်းတွေမှာ ဖော်ပြကြပါတယ်။ အထူးသဖြင့်တော့ အာရပ်နိုင်ငံတွေမှာ သေနတ်သမားတွေ အများဆုံးရှိနိုင်ပါတယ်။

စိုးရိမ်ပူပန်

ဆီးရီးယားမှာ အများဆုံးပါဝင်တိုက်ခိုက်နေတဲ့ ဥရောပတိုက်သားတွေကတော့ ဗြိတိန်၊ အိုင်ယာလန်နဲ့ ပြင်သစ်နိုင်ငံသားတွေလို့ မစ္စတာကာချော့က ဆိုပါတယ်။ သူတို့ဟာ အယ်လ်ခိုင်ဒါလို့ခေါ်တဲ့ အစွန်းရောက်တွေနဲ့ပေါင်းပြီး တိုက်ပွဲဝင်နေကြတာဖြစ်လို့ ဥရောပကိုပြန်လာပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေ ပြုလုပ်လာမှာကို စိုးရိမ်ပူပန်နေကြရတယ်လို့ ထောက်လှမ်းရေး အေဂျင်စီတွေက ပြောပါတယ်။

ဒီလို အယ်လ်ခိုင်ဒါတွေနဲ့ ရောနှောတိုက်ခိုက်နေတာဟာ စိုးရိမ်ပူပန်မိတဲ့အကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောဆိုလိုက်ပါတယ်။ အကြမ်းဖက်သမားတွေကို ငွေကြေးနဲ့လက်နက်တွေ ဖြည့်ဆည်းပေးနေတာဟာ အဆိပ်ပင်ရေလောင်းသလို ဖြစ်သွားနိုင်တယ်လို့ နိုင်ငံရေး အကဲခတ်သူတွေက သုံးသပ်ထားကြပါတယ်။

အမေရိကန်နဲ့ ကာတာနိုင်ငံတို့ကတော့ ဆီးရီးယားမှ ပြည်ပကျော ထောက်နောက်ခံပြုတဲ့ တိုက်ခိုက်ရေးသမားတွေကို အကူအညီတွေ နှစ်ဆတိုးပေးမယ်လို့ ပြောဆိုလိုက်ပါတယ်။ ဝါရှင်တန်က သေစေနိုင်လောက်တဲ့လက်နက်မဟုတ်တဲ့ အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၁၂၇ သန်းပေးမယ်လို့ ဆုံးဖြတ်လိုက်ပြီဖြစ်တဲ့အကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက မေ ၂၁ ရက်တွင် မကြာမီက ပြောကြားလိုက်ပါတယ်။ အမေရိက စစ်သွေးကြွတွေကိုပေးတဲ့ အကူအညီဟာ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၂၅၀ အထိ ရှိသွားပြီလို့ဆိုပါတယ်။

ဆီးရီးယားသမ္မတ ဘာရှာ အယ်လ်အာဆတ်ကတော့ ဒီလို အားပေးအားမြှောက်လုပ်နေတာ ဟာ အနောက်နိုင်ငံတွေ တန်ဖိုးကြီးကြီး ပြန်လည်ပေးဆပ်ရလိမ့်မယ်လို့ မေ ၂၄ ရက်စောစောပိုင်းက ပြောကြားလိုက်ပါတယ်။ အခြားသော ဒေသတွင်းနိုင်ငံတွေကလည်း ဆီးရီးယား အတိုက်အခံတွေကို ပုံစံအမျိုးမျိုးနဲ့ အကူအညီတွေ ပေးနေတယ်လို့ဆိုပါတယ်။

ဆီးရီးယားမှာ ဖြစ်ပွားတဲ့စစ်ပွဲဟာ ၂၀၁၁ ခုနှစ် မတ်လကတည်းက သမ္မတအာဆတ်အစိုးရကို ဖြုတ်ချဖို့ ဆန့်ကျင်ဆန္ဒပြရာကနေ စတင်ခဲ့တာ ဖြစ်ပါတယ်။ အခုဆိုရင် နှစ်ဖက် တိုက်ခိုက်ရေးသမားတွေ အပါအဝင် လူပေါင်း ၇၀၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်ပါတယ်။ စစ်မြေတလင်းဖြစ်နေတဲ့ ဆီးရီးယားမြေမှ ထွက်ခွာသွားကြတဲ့ ဆီးရီးယားပြည်သူတွေဟာလည်း အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တူရကီ၊ ဂျော်ဒန်၊ လက်ဘနွန်စတဲ့ နိုင်ငံတွေမှာ သန်းပေါင်းများစွာရှိနေကြပြီး အတိဒုက္ခရောက်နေကြပြီ ဖြစ်ပါတယ်။

ဆီးရီးယား အစိုးရပြုတ်ကျဖို့ အတိုက်အခံတပ်ဖွဲ့တွေကို အနောက်နိုင်ငံတွေကရော ဒေသတွင်းနိုင်ငံတွေကပါ ငွေအား လူအားတွေပါဝင်ပြီး တိုက်ခိုက်နေပါပြီ။ ရှည်ကြာလာပြီဖြစ်တဲ့ အသွင်မတူ မှုကွဲတဲ့ ဒီစစ်ပွဲကြီးဟာ မည်သို့မည်ပုံ အဆုံးသတ်မည်ကိုတော့ မည်သူမျှ အပ်ကျမတ်ကျ မပြောနိုင်ပါဘူး။ ဒါပေမယ့် ဆီးရီးယားပြည်သူတွေကတော့ ဒုက္ခပင်လယ်ဝေနေရရှာပါပြီ။

အူမကြီးကင်ဆာဝေဒနာရှင်များ ဆေးလိပ်သောက်တတ်က ရောဂါပိုမိုဆိုးရွားစေနိုင်

အမေရိကန်သုတေသနပညာရှင်တစ်စု၏ အသစ်သုတေသနပြု တွေ့ရှိချက်တစ်ရပ်က ဆေးလိပ်သောက်တတ်သူများသည် အူမကြီးကင်ဆာကုသမှုခံရာတွင် ဆေးလိပ်မသောက်သုံးတတ်သူများနှင့်စာလျှင် ရောဂါဒဏ်ပိုမိုခံရပြီး သက်တမ်းလည်း ပိုတိုစေသည်ဟု ဆိုသည်။

အူမကြီးကင်ဆာ ခွဲစိတ်ကုသမှုခံယူခဲ့ကြသူ လူနာပေါင်း ၂၀၀၀ ကို ၎င်းပညာရှင်တစ်စုက သုတေသနဆန်းစစ်ခဲ့သည်။ ထိုသို့ သုတေသနပြုရာတွင် ဆေးလိပ်မသောက်တတ်သော ဝေဒနာရှင် ၇၄ရာခိုင်နှုန်းသည် ဆေးလိပ်သောက်တတ်သော ရောဂါသည် ၇၀ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် ခွဲစိတ်မှုပြုပြီးနောက် ကင်ဆာပျောက်ကင်းနေမှုသည် သုံးနှစ်တာမျှ ပိုမိုနေသည်ကို တွေ့ရှိရကြောင်း ဖော်ပြသည်။

ပြောကြား

အမေရိကန် ဆီယက်တဲလ်ရှိ ကင်ဆာသုတေသနစင်တာက ယခုသုတေသနကို ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တွေ့ရှိချက်ရလဒ်အရ ဆေးလိပ်သောက်သုံးခြင်း၏ ဆိုးကျိုးကိုသိရှိသဖြင့် ကျန်းမာရေးအတွက် ဆေးလိပ်ဖြတ်သင့်ကြောင်း သုတေသနခေါင်းဆောင် အမ်မန်ဒါဖိလစ်က ပြောကြားသည်။

သုတေသနပညာရှင် ဖိလစ်နှင့် အဖွဲ့ဝင်တို့၏ ယခင်တွေ့ရှိချက်က အူမကြီးကင်ဆာ ဝေဒနာရှင်များတွင် ဆေးလိပ် သောက်သူများသည် မသောက်တတ်သူများထက် အသက်အန္တရာယ်ပိုကြီးစေပြီး ဆိုးကျိုးသက်ရောက်မှုများစွာရှိစေသည်ဟု ဆိုသည်။

ထုတ်ပြန်ချက်

စီးကရက်တစ်လိပ်အတွင်း ပါဝင်သော ဒြပ်ပေါင်းများသည် သောက်သုံးသူ၏ တံတွေးသွားရည်တို့တွင် ပျော်ဝင်သွားပြီးနောက် အူမကြီးကင်ဆာနှင့် အခြားကင်ဆာများ ဖြစ်ပွားစေရကြောင်း အမေရိကန်ကင်ဆာအသင်း(ACS)၏ ထုတ်ပြန်ချက်အဆိုအရ သိရသည်။

ခန့်မှန်း

အမေရိကန် နိုင်ငံသားများ၏ ၂၀၁၃ခုနှစ်အတွင်း ကင်ဆာဖြစ်ပွားမှုကို ACS က ခန့်မှန်းထားရာ အူမကြီးကင်ဆာနှင့် အစာအိမ်လမ်းကြောင်းဆိုင်ရာ ကင်ဆာဖြစ်ပွားမှု ၁၀၂၅၀၀ ခန့်ရှိမည်ဟု သိရသည်။ ထိုကင်ဆာရောဂါကြောင့် သေဆုံးသူပေါင်းမှာ ၂၀၁၃ခုနှစ်အတွင်း ၄၀၀၀၀ ကျော်မျှရှိမည်ဟု ဆိုသည်။

မောင်သံဆင့် – ရေးသားသည်

ဘဂ္ဂဒက်မြောက်ပိုင်းမြို့ရှိ သေနတ်သမားများ ထိန်းချုပ်

သေနတ်သမားများက ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၀၅မိုင်အကွာ ဆူလ်မန်ဘတ်မြို့ကို သိမ်းလိုက်ပြီဖြစ်ကြောင်း မေ ၂၄ရက် ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ ယင်းဒေသမှ မေ ၂၄ရက်တွင် ရုပ်သိမ်းခဲ့ပြီးနောက် ဆာလာဟူဒင်ပြည်နယ်ရှိ ၎င်းမြို့သို့ သေနတ်သမားများက ဝင်ရောက်ထိန်းချုပ်ထားကြောင်း ပြည်နယ်ကောင်စီအဖွဲ့ဝင် နာယာဇီမားမာအိုဂလုက အတည်ပြုပြောကြားသည်။

ယင်းမြို့သည် ဘဂ္ဂဒက်နှင့် တွက်ခူဗာတူမြို့အကြား ဆက်သွယ်သည့် မဟာဗျူဟာလမ်းမကြီးပေါ်တွင် တည်ရှိသည်။ ထိုနေ့စောစောပိုင်းက ဆူလ်မန်ဘတ်မြို့၌ တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်သားငါးဦးနှင့် သေနတ်သမားခုနစ်ဦး သေဆုံးသွားခဲ့သည်။

• • • • • • • • • • • • • •

၂၀၁၄ခုနှစ် အမေရိကန်တပ်ဖွဲ့ဝင်များရုပ်သိမ်းပြီးနောက် ဆွီဒင်တပ်ဖွဲ့ဝင်များ တပ်စွဲထားမည်ဆို

၂၀၁၄ ခုနှစ်တွင် အမေရိကန်ဦးဆောင်သော တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် အများစု အာဖဂန်နစ္စတန်မှ ရုပ်သိမ်းသွားပြီးနောက် ဆွီဒင်နိုင်ငံက ၎င်း၏ တပ်ဖွဲ့ဝင် ၂၀၀ ကို ဆက်လက်ထားရှိသွားရန် စီစဉ်နေကြောင်း ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးကားလ်ဘစ်က ပြောကြားသည်။

တာဝန်ထမ်းဆောင်ခဲ့

အာဖဂန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂျာဝက်လူဒင်နှင့်ကဘူးလ်မြို့၌ မေ ၂၄ ရက်က တွေ့ဆုံစဉ် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။ လက်ရှိ ဆွီဒင်တပ်ဖွဲ့ဝင် ၄၀၀ တပ်စွဲထားသည့် အာဖဂန်မြောက်ပိုင်း ပြည်နယ်များ၌ ဆက်လက်တပ်စွဲထားမည်ဖြစ်ကြောင်း ယခင်ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးကလည်း ပြောကြားခဲ့သည်။ ဆွီဒင်တပ်ဖွဲ့ဝင် ၂၀၀ ကို အာဖဂန်မြောက်ပိုင်း ဂျော်ဂျန်ပြည်နယ်မှ မေ ၁၄ ရက်က ရုပ်သိမ်းခဲ့ပြီးဖြစ်သည်။ ယင်းပြည်နယ်၌ ဆွီဒင်တပ်ဖွဲ့ဝင်များ ၁၀ နှစ်ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။

• • • • • • • • • • • • • •

အငြိမ်းစားများဆိုင်ရာဥပဒေမူကြမ်းအရ အီဂျစ်တရားသူကြီး ၃၀၀၀ကျော်အလုပ်ပြုတ်ဖွယ်ရှိ

အီဂျစ်ပါလီမန်က အငြိမ်းစားများဆိုင်ရာ မူကြမ်းတစ်ရပ်ရေးဆွဲလျက်ရှိရာ အတည်ပြုပြီးပါက အီဂျစ်တရားသူကြီး ၃၀၀၀ ကျော် အလုပ်ပြုတ်သွားနိုင်ကြောင်း မေ ၂၅ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

တင်းမာမှုများဖြစ်ပေါ်

အဆိုပါမူကြမ်းကို မူဆလင်ညီအစ်ကိုများလွတ်မြောက်ရေးနှင့် တရားမျှတရေးပါတီက တင်ပြခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေကို အတည်ပြုပြီးပါက တရားသူကြီးအဖြစ် ထမ်းဆောင်ခွင့်ကို အသက် ၇၀ မှ ၆၀ သို့ လျှော့ချမည်ဟု ဆိုသည်။ ယင်းဥပဒေကြမ်း ထွက်ပေါ်လာခြင်းကြောင့် တရားသူကြီးများက သမ္မတမော်စီအနေဖြင့် နိုင်ငံအတွင်းရှိတရားရုံးများကို ထိန်းချုပ်ရန်ကြိုးစားနေသည်ဟု စွပ်စွဲပြောဆိုနေကြသည်။ ယင်းဥပဒေကြမ်းကိုလည်း အသိအမှတ်မပြုနိုင်ကြောင်း တရားသူကြီးများက ပြောဆိုလျက်ရှိသည်။ အီဂျစ်နိုင်ငံတွင် သမ္မတမော်စီ ဇွန်လမှစပြီး တာဝန်ယူပြီးကတည်းက သမ္မတနှင့်တရားရေးအဖွဲ့အစည်းများအကြား တင်းမာမှုများဖြစ်ပေါ်နေသည်။

မြင့်မောင်စိုး–ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မြစ်သလ္လာတွင်း အလင်းမြစ်တစ်စင်း ပေါင်းဆုံစီးဝင် ‘ရွှေ’ခရီးစဉ်

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

မတ်စရက်နေ့ နံနက် ၈နာရီ ၄၅ မိနစ်မှာ Air ကမ္ဘောဇလေယာဉ်ကြီးဟာ သလ္လာဝတီနဲ့ဧရာမြစ်တို့ ပေါင်းစုဆုံတွေ့ရာ မြစ်ဆုံကွေ့မှာ တည်ရှိနေတဲ့ ဟုမ္မလင်းမြို့လေးဆီကို ဦးတည်ပျံသန်းနေခဲ့ပါပြီ။ လေယာဉ်ပေါ်မှာတော့ ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိက၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးသန်းဝင်း၊ ရွှေပါရမီအလှူရှင်များ၊ တာဝန်ရှိသူများ၊ အထူးကုဆရာဝန်၊ ဆရာမကြီးများ၊ MRTV 4, Sky Net နဲ့ သတင်းအဖွဲ့များ လိုက်ပါလာခဲ့ကြပါတယ်။ အားလုံးရဲ့ ရင်ထဲမှာလည်း တစ်ခါမှမရောက်ဖူးတဲ့ နာဂတောင်တန်းရဲ့အစ၊ သားချင်းတို့ရှိရာ ဒေသဆီကို ရောက်ရတော့မယ်ဆိုပြီး စိတ်လှုပ်ရှားတက်ကြွနေခဲ့ကြပါတယ်။

၁။ ‘ခရီးစဉ်ရဲ့ နိဒါန်းအစ’

ဒီခရီးစဉ်ကြီး ဖြစ်ပေါ်လာတာကတော့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်ရဲ့ ချင်းပြည်နယ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ခရီးစဉ်ကအပြန်မှာ ခန္တီးနဲ့ ဟုမ္မလင်းဒေသတွေအတွက် မျက်စိအခမဲ့ ခွဲစိတ်ကုသမှု အစီအစဉ်ကို မိုးမကျခင် မတ်လအတွင်းမှာ စီစဉ်ချင်ကြောင်း၊ အဲဒီအတွက် စီမံချက်ဆွဲပြီး ဆောင်ရွက်စေလိုကြောင်း ကျွန်မကို တာဝန်ပေးအပ်ခဲ့တာကြောင့် ဒေသခံဆရာဝန်ကြီးများ၊ တာဝန်ရှိသူများနဲ့ တိုင်ပင်ညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ ရွှေပါရမီဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်တဲ့ ဟုမ္မလင်းခရီးစဉ်ရယ်လို့ ဖြစ်ပေါ်လာခဲ့ပါတော့တယ်။

နံနက် ၁၀ နာရီ ၄၅ မိနစ်မှာ ကျွန်မတို့အဖွဲ့ဟာ ဟုမ္မလင်းလေဆိပ်ကို ရောက်ရှိခဲ့ကြပါတယ်။ ဟုမ္မလင်းလေယာဉ်ကွင်းကြီးဟာ ပြေးလမ်းအရှည်ပေ ၁၂၀၀၀ရှိပြီး ဘိုးရင်း ၇၄၇-၄၀၀ ဆင်းသက်နိုင်အောင် ဒီဇိုင်းနဲ့ တည်ဆောက်ထားတဲ့ စံချိန်မီလေယာဉ်ကွင်းကြီးဖြစ်ပါတယ်။ လေယာဉ်ပေါ်က ဆင်းတာနဲ့ လတ်ဆတ်အေးမြတဲ့ လေနုအေးနဲ့အတူ ရှမ်းရိုးရာအက၊ အိုးစည်ဗုံမောင်းတွေနဲ့ကိန္နရီ၊ ကိန္နရာအကတွေ၊ မြို့မိမြို့ဖတွေအားလုံးကပါ လာရောက်ကြိုဆိုနေတာကို မြင်လိုက်ရတဲ့အခါ ကျွန်မတို့အားလုံး ပျော်ရွှင်သွားခဲ့ရပြီး သမိုင်းမှတ်တမ်းတွေ အပြည့်ရှိခဲ့ဖူးတဲ့ ဟုမ္မလင်းဆိုတဲ့မြို့လေးရဲ့မြေပေါ်ကို အားပါးတရ ခြေချလိုက်မိပါတော့တယ်။

၂။ ရွှေနဲ့အတိပြီးတဲ့ ရွှေဟုမ္မလင်းရဲ့ ဒဏ္ဍာရီ

ဒီတော့လည်း ဟုမ္မလင်းမြို့ကိုရောက်တဲ့အချိန် ဟုမ္မလင်းမြို့လေးအကြောင်းကို ကျွန်မသိသလောက် ပြောပြချင်မိပါတယ်။ ဟုမ္မလင်းမြို့ဟာ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်မှာ ပါဝင်ပြီး ချင်းတွင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ တည်ရှိပါတယ်။ ဧရိယာ(စ)မိုင် (၄၃၂၆၆၄၈) ကျယ်ဝန်းပြီး ရှမ်း၊ ဗမာ၊ ချင်း၊ နာဂစတဲ့ တိုင်းရင်းသားတွေစုစည်းနေထိုင်လျက်ရှိပါတယ်။ မြောက်ဘက်မှာ ခန္တီးမြို့၊ အနောက်ဘက်မှာ လေရှီး၊ တမူးနဲ့အိန္ဒိယနိုင်ငံ၊ တောင်ဘက်မှာ ဖောင်းပြင်၊ အရှေ့ဘက်မှာ ဖားကန့်၊ ဗန်းမော်၊ မိုးညှင်းမြို့တို့နဲ့ နယ်နိမိတ်ထိစပ်နေပါတယ်။

ရှေးယခင်က အလွန်ကြီးမားလှတဲ့ ညောင်ပိန္နဲကြီးတစ်ပင်ရှိခဲ့ပြီး ရှမ်းဘာသာစကားအရ ညောင်ဆိုတာ(ဟုန်း)၊ ပိန္နဲဆိုတာ(မလန်း)၊ ဟုန်းမလန်းရယ်လို့ ခေါ်ဝေါ်ခဲ့ကြရာက ကာလရွေ့လျားလာတဲ့အခါ ဟုန်းမလန်းမှ ဟုမ္မလင်းလို့ အမည်တွင်ခဲ့တယ်လို့ ဆိုပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ခန့်က ဧရာမြစ်ဖျားရဲ့ အရှေ့ဘက်၊ မိုးညှင်းနယ်များမှ ခန္တီးရှမ်းမျိုးနွယ်စုများ(ခန္တီးလုံရှမ်းများ)နဲ့ ကောလင်း၊ ဝန်းသို၊ ကသာဒေသများမှ (အဟုန်ရှမ်းမျိုးနွယ်စုများ)ဟာ ဧရာမြစ်ဖျားကနေ ရေကြည်ရာ မြက်နုရာ ရှာဖွေရင်း ပြောင်းရွှေ့နေထိုင်လာရာက မြို့ပြတည်ထောင်အခြေပြုခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီနောက် ထမန်လူမျိုး၊ ကဒူးကနန်းလူမျိုးတွေနဲ့အတူ အနောက်ရိုးမတောင်တန်းက နာဂလူမျိုးတွေကပါ ပြောင်းရွှေ့လာခဲ့ကြပါတယ်။

ရှမ်းမျိုးနွယ်စုတွေဟာ ချင်းတွင်းဥရုဒေသအတွင်း ပေါင်းစုမိကြပြီး စော်ဘွားတွေရဲ့ အုပ်ချုပ်ရေးအာဏာကုန်ဆုံးချိန်ထိတိုင်အောင် မြစ်စဉ် ၁၅ ရွာ၊ ရွှေ ၁၉ ရွာ၊ ဥရု ၁၀ရွာ စသည်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးတွေနဲ့ ခွဲဝေအုပ်ချုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ မြန်မာမင်းများလက်ထက်ကတည်းက နိုင်ငံစည်းလုံးမှုအတွက် အစဉ်တစိုက်ပါဝင်ဆက်နွှယ်ခဲ့ပြီး ခန္တီးစော်ဘွား၊ သောင်သွပ်စော်ဘွားတို့ရဲ့ သမိုင်းမှတ်တမ်းတွေကလည်း ဟုမ္မလင်းရဲ့ပုံရိပ်ကို ပိုမိုတောက်ပြောင်စေခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတွေမှာလည်း ဒေသခံ ရှမ်းတိုင်းရင်းသားများ တက်တက်ကြွကြွပါဝင်ခဲ့ကြတဲ့ သမိုင်းမှတ်တမ်းတွေအပြည့်နဲ့ မြို့လေးပဲဖြစ်ပါတယ်။ တမံသီဘေးမဲ့တောဟာဆိုရင်လည်း ဧရိယာစတုရန်းမိုင် ၈၃၀ ကျယ်ဝန်းတဲ့ ရှားပါးသားငှက် တိရစ္ဆာန်များ ထိန်းသိမ်းထားရာ မြန်မာနိုင်ငံရဲ့ တတိယအကြီးဆုံး သစ်တောကြိုးဝိုင်းအဖြစ် နာမည်ကျော်လှပါတယ်။ ကျောက်စိမ်း၊ ရွှေနဲ့ သစ်မွှေးများ ထွက်ရှိပြီး သစ်၊ ဝါး၊ ကြိမ်စတဲ့ သစ်တောထွက်ပစ္စည်းများထွက်ရှိရာ နိုင်ငံရဲ့ ဂုဏ်ဆောင် မြို့တစ်မြို့ဆိုလည်း မမှားပါဘူး။

၃။ တာဝန်ကိုယ်စီထမ်းကြပြီ

အဲဒီလို လေဆိပ်မှာကြိုဆိုသူတွေရဲ့ လှိုက်လှိုက်လှဲလှဲနှုတ်ဆက်သံတွေကြားမှပဲ ကျွန်မတို့ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တွေဟာ လာရောက်ကြိုဆိုနေကြတဲ့ စစ်ကိုင်းတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်အေး၊ ဟုမ္မလင်းခေတ္တဆေးရုံအုပ် ဒေါက်တာမြင့်မိုးနှင့် အထူးကုဆရာဝန်ကြီးများ၊ မြို့မိမြို့ဖများနှင့်အတူ ဟုမ္မလင်းဆေးရုံရှိရာကို ဦးတည်ခဲ့ကြပါတယ်။ ဟုမ္မလင်းဆေးရုံဟာ ခုတင်(၁၀၀)ဆံ့ဆေးရုံဖြစ်ပြီး ဆေးရုံဝင်းထဲမှာတော့ မျှော်လင့်တကြီး အားကိုးတကြီးနဲ့ လာရောက်ပြသကြတဲ့ လူနာတွေဟာ ပျားပန်းခပ်မျှ များပြားလို့နေပါတယ်။ ဒါနဲ့ပဲ ဒုတိယဝန်ကြီးနဲ့ တာဝန်ရှိသူများက ဆရာဝန်နဲ့လူနာကွင်းဆက်မိမိ ကြည့်ရှုကုသမှုအဆင်ပြေနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြပြီး ခရီးစဉ်တိုင်းရဲ့ ထုံးစံအတိုင်း အခန်းကဏ္ဍတွေခွဲပြီး ရောဂါအလိုက်ပြသရမယ့်နေရာတွေကို ကြည့်ရှုစစ်ဆေးပြီးတဲ့နောက် လုပ်ငန်းစတင်ပါတော့တယ်။ ခွဲစိတ်ခန်းဝင်မယ့်သူ၊ ပြင်ပလူနာကြည့်မယ့်သူ၊ ခွဲစိတ်ခန်းပစ္စည်းတွေ ပြင်ဆင်မယ့်သူ စသည်ဖြင့် လူစုခွဲကြပါတယ်။ ကျွန်မတို့အဖွဲ့ထဲမှာ ဒေါက်တာဥမ္မာရီ (မော်လမြိုင်ဆေးရုံ)၊ ဒေါက်တာမိုးကျော်(စစ်တွေ)၊ ကျွန်မနဲ့ ဒေါက်တာစောသွင်မွန်သိန်း(ပဲခူး)၊ ဒေါက်တာ အောင်နေဦး(မအူပင်)နဲ့ ရန်ကုန်မျက်စိဆေးရုံမှ ဒေါက်တာနိုင်လင်း၊ ဒေါက်တာအေးသီတာတို့ ပါဝင်ပါတယ်။ ဆရာမတွေကတော့ ရန်ကုန်မျက်စိဆေးရုံကြီးမှ ဒေါ်မြင့်မြင့်ထူး၊ ဒေါ်စိုးလဲ့ဝါ၊ မော်လမြိုင်မှ ဒေါ်သန်းဌေးဝင်း၊ မအူပင်မှ ဒေါ်သန်းသန်းချို၊ စစ်တွေမှ ဒေါ်မပုတင်၊ ပဲခူးမှ ဒေါ်ပပဝင်းနဲ့ ဦးမြင့်ဦးတို့ဖြစ်ကြပါတယ်။ ရန်ကုန်မျက်စိဆေးရုံကြီးမှ မျက်မှန်ကျွမ်းကျင်အင်ဂျင်နီယာများဖြစ်တဲ့ ဦးဝင်းနိုင်ထွန်း၊ ဦးကိုကိုလွင်တို့လည်း လိုက်ပါလာခဲ့ကြပါတယ်။ ဦးဝင်းနိုင်ထွန်းနဲ့ ဦးညီညီ (ရွှေပါရမီဖောင်ဒေးရှင်း)တို့က ကြိုတင်သွားနှင့်ပြီး ခွဲစိတ်ခန်းနှစ်ခန်းမှာ မိုက်ခရိုစကုတ်လေးလုံး တပ်ဆင်ထားခြင်းနှင့် ကြိုတင်ပိုးသတ်ခြင်းတွေကို ပြုလုပ်ထားပြီးဖြစ်လို့ ကျွန်မတို့ရောက်တာနဲ့ ခွဲစိတ်ခန်းဟာ အဆင်သင့်ဖြစ်လို့နေခဲ့ပါတယ်။

မတ် ၈ ရက် မွန်းလွဲ ၁ နာရီ မှာ စတင်ကြည့်ရှုကုသမှုပေးခဲ့ကြပြီး ညနေ ၃ နာရီမှာခွဲစိတ်မှုကို စတင်နိုင်ခဲ့ပါတယ်။ ခွဲစိတ်မှုစတင်ပြီဆိုကတည်းက ခွဲစိတ်ခန်းထဲမှာ ဆရာဝန် ဆရာမတွေရဲ့ အသံတွေက လှိုင်လို့နေပါတယ်။ ‘အဘရေ ငြိမ်ငြိမ်နေပါ။ မလှုပ်ပါနဲ့၊ အဖွားရေ ခေါင်းကို မရမ်းပါနဲ့’ ‘ခေါင်းမော့ထားပါ’။ ဘယ်လိုပဲအော်အော် လူနာတွေက သိပ်နားမထောင်ကြဘူး။ အားလုံးဟာ အသက် ၇၀ ကျော် ၈၀တွေ ဖြစ်နေတာက တစ်ကြောင်း၊ ဘာသာစကား နားမလည်တာက တစ်ကြောင်းမို့ ခွဲရတာမပင်ပန်းပေမယ့် ပြောရတာမောလှပါတယ်။

ဒါနဲ့ပဲ ရှမ်းစကားတချို့ကို အမြန်သင်ပြီး ‘ဟွန်တာမိန်း’ (မျက်စိဖွင့်ပါ)၊ ‘ကနူးနူ’(အပေါ်ကြည့်ပါ)၊ ‘ကတုန်နူး’(အောက်ကြည့်)၊ ‘ဟန်း’ (ခေါင်းမော့ထားပါ)၊ ‘မီးငလယူလေး’ (လက်ဘယ်နှစ်ချောင်းပါလဲ)၊ ‘ဟမ်းရာလေး’(မြင်ပြီလား)၊ အသံထွက်တွေမှန်လား မမှန်လားမသိ၊ မပီတပီနဲ့ လူတတ်ကြီးလုပ်လို့ အာပေါက်မတတ်ပြောလည်း နားမထောင်၊ သူတို့နေချင်သလိုနေကြတော့ ဘေးကနေကူညီနေကြတဲ့ မြို့ခံဆရာမလေးတွေကို တပ်ကူတောင်းရတော့တယ်။ “ဒီလိုပဲ အမရေ သူတို့တွေကရိုးသားပြီး အတွေ့အကြုံကမရှိ၊ ဗဟုသုတလည်း နည်းကြတယ်လေ။ အဲဒါကြောင့်ပါ”ဆိုပြီး မထူးဆန်းသလို ပြန်ပြောကြတယ်။

“ဘယ်ကလာသလဲ”။

“ခန္တီးအောက်ဘက် မိုင်းဝယ်ကလာတယ်။ ၇ နာရီ သင်္ဘောစီးရတယ်”။

“ထမံသီအောက်ဘက် ဟူးလောင်ရွာကလာပါတယ်။ တစ်ရက်ခရီး သင်္ဘောစီးပြီး လာရတာပါ”။ “လေးရက်ခရီးနဲ့လာရတဲ့ ရွာတောင်ရှိပါတယ်လို့” အမေအိုအဘအိုတွေက တုန်တုန်ယင်ယင်နဲ့ အလုအယက်ပြောကြတော့ ကျွန်မရင်ထဲသနားလိုက်တာ။ ဒါပေမယ့် ခွဲနေတုန်းမှာ ပြောစကားနားမထောင်ပြန်တော့ စောစော ကသနားတဲ့စိတ်တွေမေ့လျော့သွားပြီး နှုတ်က ဗျစ်တောက်ဗျစ်တောက်နဲ့ ပေါက်ပေါက်ဖောက်သလို ညည်းနေမိပါတော့တယ်။ အဲဒါကို ဆရာကြီး (ဒုတိယ ဝန်ကြီး) ကြားသွားပြီ ‘ကိုယ်လည်း တစ်နေ့ဒီလိုပဲအသက်ကြီးလာဦးမှာလေ၊ သူတို့တွေမြင်ဖို့အဝေးကြီးက ကြိုးကြိုးစားစားလာခဲ့ရတာမို့လား၊ သည်းခံမှပေါ့’ ဆိုတာနဲ့ နောက်ထပ် မညည်းညူရဲတော့ပေမယ့် ဒီအခက်အခဲတွေကလည်း လုပ်ငန်းမတွင်ကျယ်စေတဲ့ အချက်တစ်ခုပါပဲလို့တော့ စိတ်ထဲကနေ စောဒက တက်နေမိပါသေးတယ်။

ဒါပေမယ့် နောက်တစ်နေ့ သူတို့အားလုံးကို ဆေးရုံရှေ့မှာစုဝေးထိုင်ခိုင်းပြီး အမြင်အားတွေစမ်းသပ်၊ မျက်စိသန့်ရှင်းရေးတွေလုပ်ပေးပြီး ခွဲစိတ်ပြီးဆောင်ရန်ရှောင်ရန်တွေကို မြန်မာဘာသာ၊ ရှမ်းဘာသာနဲ့ ပြောကြတော့ သူတို့အားလုံးရဲ့ အလင်းရတဲ့အပြုံးမျက်နှာတွေကြောင့် ကျွန်မတို့အမောတွေ ပြေပျောက်သွားပြီး ဝမ်းသာလွန်းလို့ မျက်ရည်များတောင်လည်မိပါတော့တယ်။

၄။ပညာရှင် လုပ်အားရှင် အလှူရှင်တို့ရဲ့ ရွှေခရီးစဉ်

၉-၃-၂၀၁၃ ရက်နေ့ နံနက် ၉ နာရီမှာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှု၊ ရွှေပါရမီဖောင်ဒေးရှင်းရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ စစ်ကိုင်းတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနရဲ့ ပံ့ပိုးကူညီမှုနဲ့ ဒေသခံ မြို့မိမြို့ဖများရဲ့ အားပေးကူညီမှုတွေနဲ့ပြုလုပ်တဲ့ ဟုမ္မလင်းဒေသအတွင်းရှိ ပြည်သူများကို ကျန်းမာရေး အခမဲ့စောင့်ရှောက်မှုပေးတဲ့ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ပါတယ်။ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက ဩဝါဒကထာမိန့်ကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က အဖွင့်အမှာစကား၊ ရွှေပါရမီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက လှူဒါန်းရခြင်း အကြောင်းအရင်း၊ မြို့မိမြို့ဖ အဘ ဦးထွန်းရွှေက ကျေးဇူးတင်စကားတို့ကို ပြောကြားခဲ့ကြပါတယ်။ ဆရာတော်ကတော့ “ပို့မေတ္တာနဲ့ပေးမေတ္တာ” ဆိုတဲ့ တရားနဲ့အတူ ပညာရှင်၊ လုပ်အားရှင်၊ အလှူရှင်တွေနဲ့ ပေါင်းစည်းဖြစ်တည်လာတဲ့ ဒီခရီးစဉ်ကြီးကို ‘ရွှေခရီးစဉ်’ရယ်လို့ တင်စားမိန့်ကြားသွားခဲ့ပါတယ်။ ကျွန်မတို့အားလုံးလည်း ရွှေတွင်းရှိရာကို မရောက်ခဲ့ရပေမယ့် ရွှေတကယ်ထွက်တဲ့ ဟုမ္မလင်းမြေကို ခြေချခဲ့ရပြီမို့ ဘဝင်တွေမြင့်လိုနေပါတယ်။

အခမ်းအနားအောင်မြင်စွာပြီးဆုံးတာနဲ့ ခွဲစိတ်ခန်းဝင်တဲ့သူကဝင်၊ OPD ကြည့်တဲ့သူကကြည့်နဲ့ မှန်းထားတဲ့အတိုင်း လုပ်ငန်းပြီးစီးဖို့ ကျွန်မတို့အချင်းချင်း တွန်းအားတွေပေးရပါတယ်။

နံနက်စာကို ရှမ်းရိုးရာအစားအစာတွေနဲ့ ဧည့်ခံခဲ့ကြပြီး နေ့လယ်စာကိုတော့ ပရိယတ္တိစာသင်တိုက်မှာ စီစဉ်ပေးခဲ့ပါတယ်။ ပရိယတ္တိစာသင်တိုက်ရဲ့ ခြေတံရှည် ဇရပ်ဆောင်ကြီးမှာ ဆရာဝန်၊ ဆရာမတွေ၊ လုပ်အားပေးတဲ့သူတွေ တပျော်တပါး နေ့လယ်စာစားနေကြတာများ အလှူကြီးပေးနေသလိုပါပဲ။ စားပွဲဝိုင်းကို ကျွန်မတို့ထိုင်လိုက်တာနဲ့ အစ်မကြီးဒေါ်ကြွေ၊ ဒေါ်ယဉ်ကြည်၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်စိုးစိုးကြည်တို့အဖွဲ့တွေရဲ့ ပြင်ဆင်ကျွေးမွေးကြတဲ့ ဟင်းတွေကတော့ မြင်ရုံနဲ့ သရေယိုစရာကောင်းလှပါတယ်။ ငှက်ပျောအူသုပ်၊ ဟင်းပုတ်ရွက်နဲ့ရောချက်ထားတဲ့ ပိန္နဲသီးဟင်းပေါင်း၊ ကြိမ်ဖူးဆန်လှော်ဟင်းချိုငါးအုံတုံငါးပေါင်း၊ မြူရွက်သုပ်၊ မြေထောက်ပဲ စာကလေးပဲသုပ်၊ ရှမ်းနှမ်းနိုင်နိုင်နဲ့ သုပ်ထားတဲ့ နာမည်ကျော် ဟုမ္မလင်းလက်ဖက်သုပ်တွေနဲ့ အားရပါးရစားလိုက်ကြတာ ထမင်းလိုက်တဲ့သူခမျာ လက်မလည်နိုင်အောင် ဖြစ်နေရတာမို့ ဧည့်ခံကျွေးမွေးတဲ့သူတွေမှာ အားရနေခဲ့ကြပါတယ်။

ညစာစားတဲ့အချိန်ကတော့ နေ့တိုင်း ည ၁၂ နာရီပါပဲ၊ ခွဲစိတ်ပြီးတာနဲ့ ပစ္စည်းတွေသိမ်းဆည်း၊ နောက်တစ်နေ့အတွက် ပြင်ဆင်ပြီးမှ ခွဲခန်းထဲက ထွက်ကြရတာမို့ ည ၁၁ နာရီဆိုတာ အစောဆုံးပါပဲ။ ညစာကို မြကျွန်းညိုစားသောက်ဆိုင်မှာ စီစဉ်ပေးတာမို့ သူတို့ခမျာ ကျွန်မတို့အဖွဲ့မပြီးမချင်း ဆိုင်မပိတ်ဘဲ စောင့်ပေးနေရပေမယ့် အခုလို ကျွန်မတို့ကို ကျွေးမွေးခွင့်ရနေတာကိုပဲ ဝမ်းသာဂုဏ်ယူနေရတာပါလို့ ဆိုင်ပိုင်ရှင် ဦးနိုင်နိုင်ကျော်နဲ့ ဦးမင်းမင်းကျော်တို့မိသားစုက ပြောကြပါတယ်။ ညစာစားပြီးလို့ ကျွန်မတို့ တည်းခိုတဲ့ ရတီတည်းခိုခန်းကို ရောက်တော့လည်း ဝန်ထမ်းကလေးတွေမှာ ငုတ်တုတ်စောင့်နေရရှာတယ်။ ရတီတည်းခိုရိပ်သာဟာ အဆင့်မြင့်တည်းခိုရိပ်သာတစ်ခုဖြစ်ပြီး ချင်းတွင်းမြစ်ကမ်းနဖူးမှာတည်ရှိပါတယ်။ နံနက် ၅ နာရီ၊ ၆ နာရီအိပ်ရာထတာနဲ့ ရတီအပေါ်ထပ်ကနေ ဟိုးအဝေးကို လှမ်းမျှော်ကြည့်လိုက်တဲ့အခါ တွေ့ရတဲ့မြင်ကွင်းတွေက လွမ်းမောစရာအတိပါ။ ချင်းတွင်းမြစ်နဲ့ ဥရုမြစ် ပေါင်းဆုံရာမြစ်ဆုံကို မြင်နေရပြီး တစ်ဖက်ကမ်းမှာတော့ ကက်သာရွာလေးနဲ့ ကက်သာစေတီကိုလည်း ရွှေရောင်တဝင်းဝင်းနဲ့ ဖူးမြော်နိုင်ပါတယ်။ အချိန်များရခဲ့ရင် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရှုပ်ပြေးသင်္ဘောစီးပြီးသွားကြည့်ရရင်ကောင်းမှာပဲလို့ တွေးရင်းနဲ့ အဲယားကွန်းမလို၊ အေးမြနွေးထွေးလှတဲ့ ရတီဧည့်ရိပ်သာမှာ တစ်နေ့တာပင်ပန်းနွမ်းနယ်သမျှ အိပ်စက်အနားယူခဲ့ရပါတော့တယ်။

ဆက်လက်ဖော်ပြပါမည်

လားရှိုးမြို့၌ လေပြင်းများတိုက်ခတ်

လားရှိုး ဧပြီ ၂၅

လားရှိုးမြို့တွင် ဧပြီ ၂၂ ရက် ညနေ ၆ နာရီခွဲနှင့် ၂၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လားရှိုးမြို့ ရပ်ကွက် ၁၂ ဟူမွန်ရွာရှိ နေအိမ်အချို့ သွပ်မိုးများပြုတ်ကျ၍ သစ်ပင်များ ပြိုလဲခြင်း၊ လျှပ်စစ်မီးလိုင်း၊ တယ်လီဖုန်းလိုင်းများ ပြတ်တောက်သွားကြောင်း သိရှိရသည်။ **(ယာပုံ)**

မောင်လွင်(လားရှိုး)

မိုးသီးကြွေအောင်ရွာတဲ့မိုး

တောင်ကြီး ဧပြီ ၂၅

ရှမ်းပြည်နယ်တွင်လည်း ယခုနှစ်နွေရာသီအပူချိန်မြင့်မားခဲ့သည်။ ဧပြီ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်က မိုးမရွာမီအထိ ပျမ်းမျှနေ့အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်ခန့်အထိ ရှိခဲ့သဖြင့် အပူပိုသည်ဟု ပြောနိုင်ကြောင်း တောင်ကြီးဒေသခံများက ပြောကြားသည်။ ဧပြီ ၂၂ ရက် ညနေပိုင်းတွင် အနောက်ဘက်မှ လေပွေလှိုင်းများ ရွေ့လျားမှုကြောင့် မိုးရွာမည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းသည့်အတိုင်း သုံးရက်ခန့် ရွာမလိုဟန်ပြင်ခဲ့သည့်မိုး ရွာသွန်းခဲ့သည်။

အနှံ့အပြားရွာသွန်းခဲ့

ရှမ်းပြည်နယ်အတွင်း အနှံ့အပြား ရွာသွန်းခဲ့ကြောင်းနှင့် အေးသာယာ မြို့တစ်ဝိုက်တွင် ဆီးသီးလုံးခန့်၊ ပင်လောင်းမြို့တစ်ဝိုက်တွင် ၂ စင်တီမီတာ မက်မန်းသီးခန့်အရွယ် မိုးသီးများကြွေကျခဲ့ပြီး လေပြင်းများပါ တိုက်ခတ်ခဲ့သည်။

မျှော်လင့်လျက်ရှိ

မိုးရွာသွန်းချိန် နာရီဝက်ခန့်ကြာမြင့်ခဲ့ပြီး တောင်ကြီးမြို့တွင် ၀ ဒသမ ၄၄ လက်မ၊ ပင်လောင်းမြို့တွင် ၁ ဒသမ ၁၈ လက်မခန့်ရရှိခဲ့ပြီး ညပိုင်းတွင်လည်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးရွာသွန်းခြင်းများရှိခဲ့သဖြင့် အပူချိန် ၃၁ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ခန့် ကျဆင်းသွားခဲ့သဖြင့် ကမ္ဘောဇပြည်နယ်သားများ အကြိုက်တွေ့ခဲ့ရသည့် ရာသီဥတုဖြစ်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း မိုးရွာမည့်ရက်ကို မျှော်လင့်လျက်ရှိကြသည်။ **နိုင်ထွန်း(TGI)**

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ အကြံပေးအား လက်ခံတွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၊ လူသားဖွံ့ဖြိုးတိုးတက်မှုဌာန၊ နည်းပညာနှင့်အဆင့်မြင့် ပညာရေးဌာနခွဲ အကြံပေး Mr. Daisuke UEDA အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ လူသားဖွံ့ဖြိုးတိုးတက်မှုဌာန၊ နည်းပညာနှင့်အဆင့်မြင့်ပညာရေးဌာနခွဲ အကြံပေး Mr. Daisuke UEDA ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်ဖေ၊ ဦးစံထွန်း၊ ဗိုလ်မှူးကြီး မောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံစက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့်အခြားကဏ္ဍများ၌ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ မြန်မာ-ဂျပန်နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍတိုးမြှင့်ဖော်ဆောင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

❍ *ကျောဖုံးမှ*

၂၀ ခန့်သည် နွားလှည်းနှစ်စီးဖြင့် ရောက်ရှိလာပြီး ၎င်းတို့၏ လယ်ယာမြေအတွင်း ထွန်ယက်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးတပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ပါဝင်သောအဖွဲ့သည် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၎င်းတို့က ရန်လိုသည့် အပြုအမူဖြင့် တုံ့ပြန်လာသဖြင့် ၎င်းတို့အား မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က ဖမ်းဆီးစဉ် ရွာသူ ရွာသားများက ဝိုင်းဝန်းရိုက်နှက်ခဲ့မှုကြောင့် ရဲတပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာအသီးသီး ရရှိခဲ့သည်။

နံနက် ၁၀ နာရီခန့်တွင် ဖမ်းဆီးထားသူများအား ပြန်လည်လုယူရန်လုပ်ကွက်အမှတ် (8 MCC) အရှေ့ဘက်နေရာသို့ ဆည်တဲရွာဟောင်းမှ ရွာသူ ရွာသား ၂၀၀ ခန့်သည် တုတ်၊ ဓား၊ ကျောက်ခဲ၊ လေးခွများကိုင်ဆောင်၍ ထပ်မံစုဝေးရောက်ရှိလာသဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူးက လူစုခွဲထွက်ခွာရန် ကြေညာခဲ့သော်လည်း ရွာသူရွာသားများက ရဲတပ်ဖွဲ့ဝင်များအနီးသို့ရောက်ရှိလာပြီး ရွာသားတစ်ဦးမှ ဓားဖြင့် ဝင်ခုတ်သည့်အပြင် အမျိုးသမီးတစ်ဦးက ထန်းလက်တုတ်ဖြင့် ဝင်ရိုက်ခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက နောက်သို့ ပေ ၅၀ ခန့်ဆုတ်၍ သတိပေးကြေညာပြီး ရိုင်ဖယ်သေနတ်ဖြင့် မိုးပေါ်သို့ ခြောက်ချက် ခြောက်လှန့်ပစ်ခတ်ခဲ့ရသည်။ ထိုသို့ခြောက်လှန့်ပစ်ခတ်မှုကြောင့် ရွာသူ ရွာသားများနောက်သို့ ပေ ၂၀ ခန့် ဆုတ်သွားပြီး ရဲတပ်ဖွဲ့ဝင်များအား ခဲများ၊ လေးခွများဖြင့် ဆက်၍ ပစ်ခတ်သည့်အပြင် ရှေ့သို့တက်လာကာ ပလတ်စတစ်ရေသန့်ဘူးအတွင်း ဓာတ်ဆီထည့်၍ ကြိုးဖြင့် မီးစာပြုလုပ်ထားသော မီးလောင်ဗုံးများဖြင့် ရဲတပ်ဖွဲ့ဝင်များ ဟန့်တားသည့်နေရာသို့ ပစ်ပေါက်အန္တရာယ်ပြုလာပြီး ခဲများဖြင့် အင်အားသုံး ပစ်ပေါက် ရှေ့သို့ တိုးလာမှုကြောင့် ရိုင်ဖယ် သေနတ်ဖြင့် မိုးပေါ်သို့ ၁၂ ချက် ထပ်မံ၍ ခြောက်လှန့်ပစ်ခတ်ခဲ့ရသည်။

ထိုသို့ ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ် ရွာသားသုံးဦးက ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးချုပ်နှောင်၍ တရွတ်တိုက် ဆွဲခေါ်သွားခဲ့မှုကြောင့် သေနတ်လေးချက် ပစ်ဖောက်ပြီး ပြန်လည်ဆွဲထုတ်ခဲ့ရသည်။ ရွာသူရွာသားများဘက်မှ ပလတ်စတစ်ရေသန့်ဘူးအတွင်း ဓာတ်ဆီထည့်၍ ကြိုးဖြင့်မီးစာပြုလုပ်ထားသော မီးလောင်ဗုံးများဖြင့် ဆက်လက်ပစ်ခတ်လုံးထွေးတိုက်ခိုက်လာ၍ ရော်ဘာကျည်ဖြင့် သုံးချက်ပစ်ခတ်ခဲ့ရာ နောက်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ နံနက် ၁၀ နာရီခွဲခန့်တွင် ဆည်တဲရွာဟောင်းဘက်သို့ ပြန်လည်ထွက်ခွာသွားပြီး ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် အားလုံးလူစုကွဲခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ရွာသားသုံးဦး ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်းနှင့် မုံရွာပြည်သူ့ဆေးရုံသို့ ရောက်ရှိဆေးကုသမှုခံယူလျက်ရှိကြောင်းနှင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့် ပတ်သက်ပြီး ဖြစ်စဉ်မှန်၊ အခြေအနေမှန်ကို ဖော်ထုတ်နိုင်ရန်အတွက် ဒေါ်အောင်ဆန်းစုကြည်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းစစ်ဆေးခဲ့ပြီးဖြစ်သည်။ အဆိုပါကော်မရှင်က လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်ပြီး ဆောင်ရွက်သင့်သည့် ဆောင်ရွက်ရမည့်အချက်များအပေါ် မတ် ၁၁ ရက်တွင် အပြီးသတ်အစီရင်ခံစာ ရေးသားတင်ပြခဲ့ပြီး ဖြစ်သည်။ ကော်မရှင်ကတင်သွင်းသည့် အစီရင်ခံစာနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီကိုလည်း မတ် ၁၁ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်သည်။

ယင်းကော်မတီ၏ အစီရင်ခံစာနှင့်အညီ လက်ပံတောင်းနယ်မြေသို့ဝင်ရောက်ပြီး ဒေသခံလူထု၏ နစ်နာချက်များမရှိစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိသော်လည်း ဆူပူအကြမ်းဖက်လိုသူလူတစ်စု၏ မင်းမဲ့စရိုက်ဆန်ဆန် လုပ်ဆောင်မှုများကြောင့် အများပြည်သူလုံခြုံရေး၊ ရပ်ရွာ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ် တည်ငြိမ်ရေးတို့ကို ပျက်ပြားစေမည့် လုပ်ရပ်များ ဖြစ်ပေါ်လာစေခဲ့သည်။ တာဝန်ရှိသူများအနေဖြင့် ကော်မရှင် အစီရင်ခံစာနှင့်အညီ ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် သတိပေး ပြောကြားခဲ့သော်လည်း ဆူပူအကြမ်းဖက်မှုများ ဆိုးရွားလာခဲ့သဖြင့် သတိပေးပြီး ခြောက်လှန့်ပစ်ခတ်မှုများကို ဆောင်ရွက်ခဲ့ရသည်။ သို့ဖြစ်ပါ၍ အထက်ပါဖြစ်စဉ်များတွင် မင်းမဲ့စရိုက်ဆန်ဆန် လုပ်ဆောင်မှုကြောင့် ဖမ်းဆီးရမိသူများအား ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ပြစ်မှု ကျူးလွန်သူများကိုလည်း ဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ဆူပူအကြမ်းဖက်သူ သုံးဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်နေရာသို့ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အနီးကပ်ကြီးကြပ်၍ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဦးစီးတပ်ဖွဲ့ဝင်များနှင့် အမှတ်(၁၆) ရဲတပ်ရင်းတို့ကပူးပေါင်း၍ လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးများက ထန်းလက်တုတ်ကို လက်ကကိုင်ကာ အော်ဟစ်ကြိမ်းမောင်းနေစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၆-၄-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ ပြည်တွင်းသတင်း မိုးလေဝသသတင်း
- ၇း၁၀ လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆုအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပဏာမ ရွေးချယ်ထားသူများအား စိစစ်အကဲဖြတ်ခြင်းအကြိုမြင်ကွင်း
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း

နေ့လယ်ပိုင်း

- ၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၁၂း၂၅ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) **သားသမီးဇနီးကြင်ယာ** (ပထမပိုင်း) ကျော်ရဲအောင်၊ မေသန်းနု (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၃း၀၀ ပြည်တွင်းသတင်း
- ၁၄း၀၀ ပြည်တွင်းသတင်း

ညပိုင်း

- ၁၅း၀၀ ပြည်တွင်းသတင်း၊
- ၁၆း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
- ၁၆း၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
- ၁၇း၀၀ ပြည်တွင်းသတင်း
- ၁၈း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
- ၁၉း၀၀ ပြည်တွင်းသတင်း၊
- ၂၀း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း
- ၂၀း၃၅ ပြည်သူတို့ရဲ့ စကားသံများ
- ၂၀း၄၅ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ စီးပွားရေးဆိုင်ရာ အကောင်းဆုံး ပို့ကုန်လုပ်ငန်းရှင်ဆု
- ၂၁း၀၀ ပြည်တွင်းသတင်း

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar က ကြီးမှူး၍ 1st Junior Golf Myanmar Tournament 2013 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂ ရက်မှ ၃ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး ၂၄ နှစ်အောက်ပြိုင်ပွဲ၊ ၁၈ နှစ်အောက်ပြိုင်ပွဲ၊ ၁၄ နှစ်အောက် ပြိုင်ပွဲနှင့် ၁၀ နှစ်အောက် ပြိုင်ပွဲဟူ၍ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ကြမည့် လူငယ်ဂေါက်သီးရိုက် အားကစားသမားများသည် ဧပြီ ၃၀ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ အမည်စာရင်းနှင့်ပူးတွဲ၍ မွေးစာရင်း၊ မှတ်ပုံတင်(မူရင်း/မိတ္တူ) များနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း ၀၉-၄၃၀၉၅၆၇၈၊ ၀၁-၉၆၆၉၅၂၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

အဆိုပါ လူငယ်သက်တန်းအလိုက် ဂေါက်သီးရိုက် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ရာ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်ကူညီပံ့ပိုးနိုင်သည်။

Junior Golf Myanmar အနေဖြင့် မြန်မာလက်ရွေးစင် ဂေါက်သီးရိုက်အသင်းတွင် အခြေခံနိုင်မည့် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက် အားကစားသမားများပေါ်ထွက်လာရေးအတွက် လစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲများ ကျင်းပနိုင်ရန် Junior Golf Myanmar က ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်(၂၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး အလုပ်သဘော ညစာစားပွဲသို့တက်ရောက်

နေပြည်တော် ဧပြီ ၂၅

ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧပြီ ၂၄ ရက် ည ၈ နာရီတွင် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ဝန်ကြီးချုပ်ရုံး၌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာက တည်ခင်းဧည့်ခံသည့် (၂၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ အလုပ်သဘော တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အဆိုပါအလုပ်သဘော ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် President of the Senate H.E. Mr. Tan Sri Abu Zahar Ujang၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘီနင်နို အကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ညစာစားပွဲသို့တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာက ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။

ယင်းနောက် ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်နှင့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အတူတကွ ညစာသုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများသည် အလုပ်သဘောတွေ့ဆုံဆွေးနွေးကြသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

တွေ့ဆုံစဉ် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုတိုးတက်မြင့်မားရေး၊ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ဆက်စပ်စီမံကိန်းများ ဆောလျင်စွာပြီးစီးရေးအတွက် နှစ်နိုင်ငံအစိုးရများက တွန်းအားပေးရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်ခိုင်မာရေးအတွက် အတူတကွ လက်တွဲဖော်ဆောင်သွားရေးဆိုင်ရာကိစ္စရပ်များနှင့် ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများမှ ဒုက္ခသည်များ ငြိမ်းချမ်းရေးတည်ဆောက်မှုကာလနောက်ပိုင်း မြန်မာနိုင်ငံသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးခင်မင်စွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်အား ဘန်ဒါဆရီ ဘီဂါဝန်မြို့ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သီးသန့်ရထားတွဲများ စီးနိုင်ပြီ

သတင်းနှင့်ဓာတ်ပုံ-ဥမ္မာသန့်၊ ရီရီမြင့်

ရန်ကုန်မြို့ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့အဆင်ပြေစေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရန်ကုန်မြို့ပတ်ရထား ခရီးစဉ်များတွင် ဧပြီ ၁၇ ရက်မှစ၍ အထူးတွဲဆိုင်းသစ်များချိတ်ဆွဲ၍ ရန်ကုန်-အင်းစိန်

ဒုတိယတပ်ကြပ်ရဲအောင် ရထားလုံခြုံရေး။

(လှော်ကားမြို့ပတ်)၊ ရန်ကုန်-မင်္ဂလာဒုံ(မြို့ပတ်) ပြေးဆွဲပေးလျက်ရှိကြောင်း သိရှိရ၍ သတင်းစဉ်မှ သတင်းအဖွဲ့ သွားရောက်မေးမြန်းခဲ့သည်။

အထူးတွဲဆိုင်းသစ်များ ချိတ်ဆွဲမှုနှင့်ပတ်သက်၍ ရန်ကုန်ဘူတာကြီး ဘူတာစာရေး ဦးဇော်နိုင်ချိုက “ရန်ကုန်ဘူတာကြီးမှာ အထူးတွဲဆိုင်းသစ်များ ကန်စွန်း၊ ခရမ်း၊ ဆဒ္ဒန်၊ ဇီယာနှင့် သရက်အတွဲ ငါးဆိုင်းချိတ်ဆွဲပြီး အထူးသီးသန့် ရန်ကုန်-အင်းစိန် (လှော်ကားမြို့ပတ်)ကို နံနက် ၄ နာရီ ၁၅ မိနစ်မှ ည ၉ နာရီ မိနစ် ၂၀အထိ တစ်နေ့လျှင် ၁၅ ခေါက်၊ ရန်ကုန်-မင်္ဂလာဒုံ မြို့ပတ်ကို နံနက် ၆ နာရီ ၁၀မိနစ်မှ ည ၈ နာရီ ၁၀ မိနစ်အထိ ၁၁ ခေါက် ပြေးဆွဲပေးနေပါတယ်။ လက်မှတ်ခကတော့ ငွေကျပ် ၂၀၀ ဖြစ်ပါတယ်။ တစ်နေ့ကို ရန်ကုန်မှ အင်းစိန်သို့ ဘူတာကြီးမှ လက်မှတ်ဝယ်စီးသူ ၁၀၀ ဝန်းကျင်ခန့်ရှိပြီး ရန်ကုန်မှ မင်္ဂလာဒုံသို့ ဘူတာကြီးမှ လက်မှတ်ဝယ်စီးသူ ၆၀ ကျော်ရှိပါတယ်။ ခရီးသည်အချို့က ဒီအထူးတွဲကို မသိသေးတဲ့အတွက် စီးတဲ့ဦးရေ နည်းနေခြင်းဖြစ်ပါတယ်။ ဒါပေမယ့် တစ်နေ့ထက်တစ်နေ့ များလာပါတယ်။ ကျွန်တော်တို့ ဧပြီ ၁၂ ရက် နေ့ကတည်းက အထူးတွဲခရီးစဉ်ကို ကြေညာထားပါတယ်။ အထူးတွဲ တစ်တွဲမှာ လူစီးထိုင်ခုံ ၆၂ ခုံပါ ပါတယ်။ အထူးတွဲက လူစီးသီးသန့်ဖြစ်တဲ့အတွက် ကုန်ပစ္စည်းများတင် ဆောင်ခွင့်မပြုပါဘူး”ဟု ပြောကြားသည်။

ဒေါ်မြင့်မြင့်ထွေး မြောက်ဥက္ကလာပ။

အထူးတွဲဆိုင်းသစ် သီးသန့်စီးသူခရီးသည် ကိုဝေလင်း (မြောက်ဥက္ကလာပ) နေထိုင်သူက “အလွန် Safety ဖြစ်တယ်။ အဲဒါကြောင့်မို့လို့ပဲ ဒီနေရာလေးကို ရွေးစီးတာပါ။

ကိုဝေလင်း-မြောက်ဥက္ကလာပတွင် နေထိုင်သူ။

ရုံးပြန်ဖွင့်တဲ့ အချိန်ကျမှ စစီးတာပါ။ အရင်ကတော့ ရိုးရိုးတွဲမှာပဲ စီးတာပါ။ အခုသီးသန့် ရထားတွဲဆိုင်းကို အလွန်လည်း သဘောကျတယ်။ အစစအရာရာ စိတ်ချမ်းသာရတယ်။ အေးအေးဆေးဆေး စီးချင်တဲ့သူတွေအတွက် အလွန်ကို ကောင်းပါတယ်” ဟု ပြောကြားသည်။

ခရီးသည် မမင်းမွန်ကလည်း “မစီးဖူးလို့ စီးကြည့်တာပါ။ အခုမှ လိုက်စီးမလို့ လက်မှတ်ဝယ်တာပါ” ဟု ပြောပြသည်။

“သက်သောင့်သက်သာလည်း ရှိတယ်။ သီးသန့်လေးလည်း ဖြစ်တယ်။ ကောင်းပါတယ်။ စိတ်ချမ်းမြေ့ရပါတယ်”ဟု မလှကုန်းဘူတာနေ ဒေါ်နွယ်နွယ်က ပြောသည်။

ဒေါ်မြင့်မြင့်ထွေး (မြောက်ဥက္ကလာပ) နေသူကလည်း “ဟိုရိုးရိုးတွဲတွေကတော့ ကုန်သည်တွေရော၊ ကုန်တွေရော၊ ခရီးသည်တွေရော ကျပ်ညပ်နေပါသေးတယ်။ အခုလို အထူးတွဲမှာ စီးရတဲ့အတွက် တော်တော်လေးကို အဆင်ပြေပါတယ်။ စိတ်လည်းချမ်းသာပါတယ်။ လူလဲ သန့်သန့်ရှင်းရှင်း စီးရတဲ့အတွက် အဆင်ပြေတယ်။ ဒီလို သီးသန့်တွဲဆိုင်းလေးကိုဆက်ပြီးတော့ ဆွဲပါလို့ ပြောချင်ပါတယ်” ဟု သူ၏ဆန္ဒကို ပြောပြသည်။

သီးသန့်ရထားတွဲ လုံခြုံရေး ဒုတိယတပ်ကြပ် ရဲအောင်ကလည်း “စီးတဲ့လူတွေများပါတယ်၊ တစ်နေ့ကို ခရီးသည် ၂၀၀ ကျော်လောက် ရှိပါတယ်၊ ခရီးသည်အားလုံးက သက်သောင့်သက်သာ စီးရတဲ့အတွက် အဆင်ပြေကြောင်း ပြောပါတယ်။ ခရီးသည် လုံခြုံရေးအတွက်ပါ တာဝန်ယူရပါတယ်။ ငွေကျပ် ၁၀၀ တန်လက်မှတ်ဝယ်ထားတဲ့ ခရီးသည်တွေကို ရိုးရိုးတွဲပြောင်းခိုင်းပါတယ်။ အထူးသီးသန့် စီးချင်သူတွေ

ဒေါ်နွယ်နွယ်-မလှကုန်းဘူတာ။

အတွက် ငွေကျပ် ၂၀၀ တန် လက်မှတ်ကို ဘူတာမှာရောင်းတဲ့အကြောင်း ရှင်းပြရပါတယ်”ဟု ပြောသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ခရီးသည်နှင့်ကုန်စည်ပို့ဆောင်သူများ စိတ်ချမ်းမြေ့အဆင်ပြေစေရေး၊ ရထားများ အချိန်မှန်ကန်စေရေး စသည့် ရည်မှန်းချက်(၁၁) ချက်နှင့်အညီ ပြည်သူများ စိတ်ချမ်းမြေ့လုံခြုံစွာ ခရီးသွားလာနိုင်ရေး အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ရန်ကုန်မြို့ပတ် ရထားလမ်းတွင် ခရီးသွားပြည်သူများ သီးသန့်ရထားတွဲများ စီးနိုင်ပြီဖြစ်ကြောင်း တစေ့တစောင်း ကွင်းဆင်းလေ့လာရေးသားတင်ပြလိုက်ရပါသည်။

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

◆ **ရွှေဖုံးမှ**

နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် အာဆီယံအသိုက်အဝန်း ၂၀၁၅ အာဆီယံ ဗဟိုအချက်အချာကျမှုနှင့် ဒေသတွင်း ဗိသုကာတည်ဆောက်မှု၊ အာဆီယံအနာဂတ် လုပ်ငန်းစဉ်နှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆွေးနွေးပြောကြားရာတွင် ဘန်ဒါဆရီဘီဂါဝန်မြို့တော်ကို လာရောက်လည်ပတ်ခွင့်ရသည့်အတွက် ကြည်နူးဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ကို လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ပေးကြသည့် ဘရူနိုင်းအစိုးရတာဝန်ရှိသူများနှင့် ပြည်သူများကို အထူးကျေးဇူးဥပကာရ တင်ရှိကြောင်း ဦးစွာပြောကြားလိုပါကြောင်း။

ဤထိပ်သီးအစည်းအဝေး၌ မိမိတို့အနေဖြင့် ဘရူနိုင်းနိုင်ငံ၏ "မိမိအနာဂတ်အတွက် အတူတကွပေါင်းစည်းကြမယ့် မိမိတို့၏ပြည်သူများ" ဆိုသည့်ဆောင်ပုဒ်နှင့်အညီအာဆီယံအသိုက်အဝန်း ထူထောင်မှုတွင် ပြည်သူများ၏ အခန်းကဏ္ဍနှင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံ၏ အနာဂတ် မျှော်မှန်းချက်တို့ကို လေးလေးနက်နက်ဆွေးနွေးနိုင်မှာ ဖြစ်ပါကြောင်း။

အဆွေတော် ဘုရင်မင်းမြတ်၏ ခေါင်းဆောင်မှုအောက်၌ အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် သိသာထင်ရှားသော တိုးတက်မှုများကို ရရှိမည်ဟု မိမိတို့ အပြည့်အဝယုံကြည်ပါကြောင်း၊ ဘရူနိုင်းနိုင်ငံ၏ ခေါင်းဆောင်မှုအောက်၌ ချမှတ်သွားမည့် အာဆီယံဆုံးဖြတ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေးကိုလည်း မိမိတို့အနေဖြင့် အာဆီယံနိုင်ငံများနှင့်အတူ ဆောင်ရွက်သွားပါမည်ဟု ကတိပြု ပြောကြားလိုပါကြောင်း။

အာဆီယံ အတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်၏ သစ်လွင်ပြီး ဆန်းသစ်သည့် အစီအမံများကို ကြိုဆိုပါကြောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်၏ အာဆီယံအသိုက်အဝန်း ထူထောင်မှုနှင့် ၂၀၁၅ ခုနှစ်လွန် အတွေးအမြင်များကိုလည်း ထောက်ခံပါကြောင်း။

မိမိတို့အနေဖြင့် လူ့အခွင့်အရေး ကြေညာစာတမ်းကို အကောင်အထည်ဖော်မှု၌ တိုးတက်မှုများ မြင်တွေ့လိုပါကြောင်း၊ အာဆီယံ ပဋိညာဉ်စာတမ်းကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်သွားရန် မိမိတို့အနေဖြင့် ထောက်ခံသွားရန် အဆင့်သင့်ရှိမည်ဆိုသည်ကိုလည်း ဤနေရာ၌ ပြောကြားလိုပါကြောင်း။

အာဆီယံအသိုက်အဝန်း ၂၀၁၅ (ASEAN Community 2015) ထူထောင်မှုနှင့် ပတ်သက်၍ မိမိတို့အမြင်အချို့ကို တင်ပြလိုပါကြောင်း၊ ပထမအချက်အနေဖြင့် အာဆီယံ၏ စီးပွားရေးသည် ကောင်းမွန်နေပြီး ကမ္ဘာ့စီးပွားရေး မတည်ငြိမ်မှုများအကြား၌ အာဆီယံအနေဖြင့် ပုံမှန်တိုးတက်မှုများ ရရှိနေပါကြောင်း။

ဥရောပသမဂ္ဂဝင်နိုင်ငံများ အနေဖြင့် ဘဏ္ဍာရေးအကျပ်အတည်းများကြားမှ လွန်မြောက်အောင် ကြိုးပမ်းနေသည့်အချိန်တွင် အာဆီယံနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုသည် ၅ ဒသမ ၅ ရာခိုင်နှုန်းရရှိနေပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် ယခုစီးပွားရေးအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားခြင်းဖြင့် အာဆီယံပြည်သူများ၏လူနေမှုဘဝကို တိုးမြှင့်ပေးနိုင်မှာ ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့အနေဖြင့် အာဆီယံ၏ တလုံးတစည်းတည်းသော ဈေးကွက်နှင့် ကမ္ဘာ့ထောက်ပံ့မှုစနစ်မှာ တစည်းတလုံးတည်းသော ထုတ်လုပ်မှု အခြေခံဖြစ်ပေါ်လာစေမှာဖြစ်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ဒေသတစ်ခုအဖြစ် ရပ်တည်သွားနိုင်မှာ ဖြစ်ပါကြောင်း။

အာဆီယံနိုင်ငံများ အနေဖြင့် ကုန်စည်စီးဆင်းမှု ချောမွေ့ခြင်း၊ အလယ်အလတ်နှင့် အသေးစားလုပ်ငန်းများ တိုးတက်ထွန်းကားခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်လုပ်သားများအပြန်အလှန်ရွှေ့ပြောင်းနိုင်ခြင်းဖြင့် အာဆီယံနိုင်ငံများအတွင်း ထုတ်လုပ်မှုစွမ်းအားစုများ ခွဲဝေအသုံးချမှုကို စွမ်းဆောင်ရည် ပြည့်ဝအောင် ဆောင်ရွက်ပေးစေနိုင်မှာ ဖြစ်ပြီး ထုတ်လုပ်မှု စွမ်းအားကို တိုးတက်စေမှာဖြစ်ပါကြောင်း၊ အာဆီယံအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်မှု၌ ၇၅ ရာခိုင်နှုန်းမျှ ပြီးစီးအောင်မြင်ခဲ့ပြီဆိုသည်ကို သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့်ပတ်သက်၍ ရည်မှန်းချက်များ ပြည့်မီရေးကို ဦးတည်ဆောင်ရွက်နေပြီးရည်မှန်းချက်၏ ၈၄ ရာခိုင်နှုန်းကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံ၏ ရည်မှန်းချက်များနှင့်အညီ ပြည်တွင်းဦးစားပေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယအချက်အနေဖြင့် မိမိတို့တည်ထောင်မည့် အာဆီယံအသိုက်အဝန်းသည်ခိုင်မာပြီး ရေရှည်တည်တံ့ရန်လိုအပ်ပါကြောင်း၊ အာဆီယံသည် အာရှငွေရေးကြေးရေး အကျပ်အတည်း၊ ဆားစ်ဟုခေါ်သည့် ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ်များကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ပါကြောင်း၊ တစ်ဖက်၌ မိမိတို့အနေဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရင်ဆိုင်နေရပါကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် စိန်ခေါ်မှုများကို စုပေါင်းဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မှာ ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်၏ ဆိုးကျိုးများကို ရင်ဆိုင်ဖြေရှင်းရန် အစီအမံများ ချမှတ်ပြင်ဆင်ထားရန် လိုအပ်မှာ ဖြစ်ပါကြောင်း၊ ပြောင်းလဲလာသည့် ရာသီဥတုဖြစ်စဉ်ကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် အကောင်းဆုံး နည်းလမ်းများမှာ Green Growth Technology နှင့်Green Economy စသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ကြပါကြောင်း။

ယင်းကြောင့် မိမိတို့အနေဖြင့် အမျိုးသား စီးပွားရေးစီမံချက်များ ချမှတ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးအနက်ထား ထည့်သွင်း စဉ်းစားပါကြောင်း။

တတိယအချက် အနေဖြင့် အာဆီယံအသိုက်အဝန်း ထူထောင်ရာ၌ ကောင်းမွန်သည့် ဆက်သွယ်မှုစနစ်ရှိရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းဆိုင်ရာ ဆက်သွယ်ပေါင်းစည်းမှုကို တိုးတက်ဆောင်ရွက်နေသည့် တစ်ချိန်တည်း၌ အဖွဲ့အစည်းများအကြား ဆက်သွယ်ရေးနှင့် အာဆီယံပြည်သူများအကြား ထိတွေ့ဆက်ဆံကူးလူးမှုကို တိုးမြှင့်ရေးသည်လည်း ထပ်တူထပ်မျှ အရေးကြီးပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံဆက်သွယ် ပေါင်းစည်းမှု မဟာစီမံကိန်းကြီး အကောင်အထည်ဖော်နေမှုနှင့် ရည်မှန်းချက်အောင်မြင်ရေးအတွက် လုပ်ဆောင်နေမှုအားလုံးကို အပြည့်အဝ ထောက်ခံပါကြောင်း။

ဤစီမံကိန်းကြီး၌ ပါဝင်ဆောင်ရွက်ရန် ဆွေးနွေးဖက်နိုင်ငံများနှင့် နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းတို့ကို ယခုအစည်းအဝေးမှ ဖိတ်ခေါ်လိုပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာ၌ နိုင်ငံတော်နှင့် ပုဂ္ဂလိက အတူပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ယင်းစီမံချက်များသည် ဒေသဆိုင်ရာဆက်သွယ်ပေါင်းစည်းမှုကိုလည်း အထောက်အကူဖြစ်စေမှာဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကိုဖော်ဆောင်ပေးသွားရမှာ ဖြစ်ပါကြောင်း။

စတုတ္ထအချက်အနေဖြင့် စစ်မှန်သည့် အာဆီယံအသိုက်အဝန်း ထူထောင်မှု၌ ကောင်းမွန်သော ပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်သွားကြရေးဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် စီမံခန့်ခွဲမှုကောင်းမွန်ရေး၊ ဒီမိုကရေစီအခြေခံသဘောထားများ၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးကို အလေးထားဆောင်ရွက်နေချိန်တွင် သက်ဆိုင်သူအားလုံး ပါဝင်ဆောင်ရွက်ခွင့် ရရှိကြမှာဖြစ်ပါကြောင်း၊ ယင်းသို့ သက်ဆိုင်သူအားလုံး ပါဝင်လာကြခြင်းအားဖြင့် ပြည်သူလူထုကို အခြေခံသည့် အသိုက်အဝန်း ပေါ်ပေါက်ရေးကို ဦးတည်သွားမှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံအသိုက်အဝန်းကို သက်ဆိုင်သူ အားလုံးအကြား စိမ့်ဝင်သဘောပေါက်နားလည်လာရန် လိုအပ်မှာဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံအတွင်း၌ အာဆီယံအသိုက်အဝန်းကြီးနှင့် ပတ်သက်သည့် အသိပညာပေးရေးကို တိုးမြှင့်လုပ်ဆောင်လျက် ရှိပါကြောင်း။

ပဉ္စမအချက်အနေဖြင့် အာဆီယံသည် မတူညီမှုများသည့် ဝိသေသများ၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည့် ဒေသဆိုင်ရာအဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ခဲ့ပါကြောင်း၊ အာဆီယံ၏ ထူးခြားသည့် ဝိသေသကို ဆက်လက်ထိန်းသိမ်းကြရမှာဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံအဖွဲ့ဝင်များ၏ ကွဲပြားခြားနားသည့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ပေးသော ဓလေ့ထုံးစံနှင့် ကိုးကွယ်မှုများကို လေးစားလိုက်နာသည့် သဟဇာတရှိသည့် လူ့အဖွဲ့အစည်းထူထောင်သွားရန် လိုအပ်ပါကြောင်း။

မိမိတို့အနေဖြင့် အစွန်းရောက်မှုကို ရှောင်ရှားပြီး စိတ်ရှည်သည်းခံမှု၊ ဘာသာရေးဆိုင်ရာ သဟဇာတဖြစ်မှုကို တိုးတက်မြှင့်တင်ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း၊ နိုင်ငံများအကြား ဆက်ဆံရာ၌ ယင်းရပ်တည်ချက်ကို လေးစားလိုက်နာရမှာ ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံ၏ လူမှုရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် ကျန်အာဆီယံအဖွဲ့ဝင်များနှင့် လက်တွဲအကောင်အထည်ဖော်သွားမှာ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌လည်း နိုင်ငံအတွင်း မှီတင်းနေထိုင်သည့် ပြည်သူလူထုအားလုံး ငြိမ်းချမ်းပြီး သဟဇာတ ရှိသည့်ပတ်ဝန်းကျင်ကောင်းကို ဖန်တီးရန်အတွက် အစွမ်းကုန်လုပ်ဆောင်နေပါကြောင်း။

ဆဋ္ဌမအချက်အနေဖြင့် အာဆီယံအနေဖြင့် အာဆီယံအသိုက်အဝန်း ထူထောင်ရာ၌ မိသားစု တန်ဖိုးထားမှုနှင့် မျှဝေခံစားမှုများကိုအလေးထား ဆောင်ရွက်နေသည်ကို အထူးအားရပါကြောင်း ပြောကြားလိုပါကြောင်း၊ အာဆီယံနိုင်ငံများအကြား၌ ဖွံ့ဖြိုးမှုကွာဟချက်များကို လျှော့နည်းအောင် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း။

ယင်းသို့ လုပ်ဆောင်သည့်နေရာတွင် စီအယ်လ်အမ်ဗွီ (CLMV)၊ အက်ခ်မက်စ်(ACMECS)၊ ဘင်မီယာဂါ (BMIP-EAGA)၊ အိုင်အမ်တီဂျီတီ (IMT-GT)၊ ဂျီအမ်အက်စ် (GMS)နှင့် မဲခေါင်မြစ် အောက်ခြေနိုင်ငံများအစီအစဉ် (LMI) စသည့် ဒေသခွဲဆိုင်ရာ အဖွဲ့အစည်းများကို ပိုမိုရှင်သန်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပြီး အာဆီယံဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပေါင်းစည်းရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း။

တစ်ချိန်တည်းမှာပင် ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်နှင့်အတူ ပေါ်ပေါက်လာသည့် နိုင်ငံအားလုံး အလေးထားရမည့် ကိစ္စများဖြစ်သော တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ ပင်လယ်ဓားပြမှု၊ လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးနှင့် ရွှေ့ပြောင်းလုပ်သားဆိုင်ရာ ကိစ္စရပ်များတွင် အနီးကပ် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မှာ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း ဆင်းရဲနွမ်းပါးမှု လျှော့နည်းရေးကို အလေးထားဆောင်ရွက်နေပြီး ယင်းလုပ်ငန်းစဉ်သည် ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်နှင့် တစ်ထပ်တည်းရှိပြီး အာဆီယံပေါင်းစည်းမှုဆိုင်ရာ ဦးဆောင်ဦးရွက်မှု အောင်မြင်ရေးကို အထောက်အကူပြုစေမှာဖြစ်ပါကြောင်း။

တောင်တရုတ်ပင်လယ်ကိစ္စနှင့် ပတ်သက်၍ မိမိတို့နိုင်ငံခြားရေးဝန်ကြီးများ အကျေအလည်ဆွေးနွေးခဲ့ကြောင်းသိရသည့်အတွက် ဝမ်းသာမိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်တွင်း နယ်မြေအငြင်းပွားမှုများ၌ တိုက်ရိုက်ပါဝင်သည့်နိုင်ငံ မဟုတ်သော်လည်း အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ယင်းကိစ္စကို အထူးအလေးထားပါကြောင်း ပြောကြားလိုပါကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည့် နည်းလမ်းမှန်သမျှကို မိမိတို့အစဉ်တစိုက်ထောက်ခံအားပေးခဲ့ပါကြောင်း။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ တောင်တရုတ်ပင်လယ်ဆိုင်ရာ အခြေခံမူ (၆)ချက်နှင့် တောင်တရုတ်ပင်လယ်နှင့် ပတ်သက်သည့် အာဆီယံနှင့်တရုတ်အကြား သဘောတူညီချက်များကို မိမိတို့ ထောက်ခံပါကြောင်း။

တောင်တရုတ် ပင်လယ်တွင်း နိုင်ငံများ လိုက်နာစောင့်ထိန်းရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာကြေညာချက် (DOC)ကို အပြည့်အဝ အကောင်အထည်ဖော်သွားရေးနှင့် တောင်တရုတ်ပင်လယ်ဆိုင်ရာ နိုင်ငံများလိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ (COC) ပေါ်ထွက်ရေးအတွက် ရှေ့သို့ ဦးတည်သည့်လုပ်ငန်းများကို အကောင်အထည်ဖော်သွားရမှာ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်ကိစ္စ၌ အာဆီယံ၏ တူညီသည့် ရပ်တည်ချက်ထွက်ပေါ်ရေးအတွက် ကြိုးပမ်းသည့်နေရာတွင် အာဆီယံ၏ တူညီဆန္ဒနှင့် တစ်သားတည်းရှိနေမှာ ဖြစ်ပါကြောင်း။

တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးမျိုးသစ်တစ်မျိုး ပေါ်ပေါက်လာခြင်းနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် စိုးရိမ်မကင်း ဖြစ်မိပါကြောင်း၊ ယင်းတုပ်ကွေးမျိုးသစ်သည် ကပ်ရောဂါအသွင်အဖြစ် ကူးပြောင်းမသွားစေရန်နှင့် ဒေသအတွင်း ပျံ့နှံ့ရောက်ရှိမလာစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုပါကြောင်း၊ ယင်းတုပ်ကွေးမျိုးသစ်အတွက် ကာကွယ်ဆေးပေါ်ပေါက်လာရန် ဆောင်ရွက်နေကြသူများကိုလည်း ထောက်ခံအားပေးပါကြောင်း၊ တစ်ချိန်တည်းတွင် မိမိတို့အနေဖြင့် ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း။

အာဆီယံသည် ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ အတွေ့အကြုံရှိပြီးဖြစ်၍ ယင်းရောဂါကိုလည်း ထိရောက်စွာ ထိန်းချုပ်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် သတိဝီရိယရှိရန်လည်း လိုအပ်မှာ ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ဖလှယ်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှာလည်း ဖြစ်ပါကြောင်း။

ဥရောပကောင်စီမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းခဲ့သည့် ဧပြီလ ၂၂ ရက်က ဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်း ပြောကြားလိုပါကြောင်း၊ အီးယူမှ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှုများနှင့် ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုခဲ့ခြင်း ဖြစ်ပါကြောင်း။

၎င်းအတွက် ထောက်ခံအားပေးခဲ့သည့် အာဆီယံနိုင်ငံများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအပေါ် ကျန်ရှိသည့် ပိတ်ဆို့မှုများကိုလည်း အမြန်ဆုံးရုပ်သိမ်းနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေး အပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သုံးဆောင်ကြသည်။

(သတင်းစဉ်)

လေကြောင်းအာမခံလုပ်ငန်းနှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းနှင့် စင်ကာပူနိုင်ငံအခြေစိုက် Pana Harrison(Asia) Pte.Ltd., တို့သည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် လေကြောင်းအာမခံလုပ်ငန်းနှီးနှောဖလှယ်ပွဲကို ရန်ကုန်မြို့ Park Royal Hotel ၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့အာမခံလုပ်ငန်းမှ အရာထမ်းများ၊ လေကြောင်းလိုင်းများမှတာဝန်ရှိသူများ၊ ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ တာဝန်ရှိသူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြပြီး နှီးနှောဖလှယ်ပွဲတွင် လေကြောင်းတစ်ဆင့်အာမခံဆိုင်ရာ လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ ၂၅-၄-၂၀၁၃

ကော့ကရိတ်မြို့	၂ ဒသမ ၂၀ လက်မ
ကော့သောင်းမြို့	၁ ဒသမ ၉၇ လက်မ
နေပြည်တော် (လေဆိပ်)	၀ ဒသမ ၃၉ လက်မ
ကန့်ဘလူမြို့	၀ ဒသမ ၃၉ လက်မ

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ယင်းတားစနစ် မွေးမြူရေးဖြင့် အင်းငါးထုတ်လုပ်

နေပြည်တော် မေ ၂၅

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ကျေးရွာအနီးရှိ စကျင်ကန်တွင်းအင်းအတွင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ နည်းပညာ ကူညီမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ယင်းတားစနစ် (Pen Culture) ငါးမွေးမြူရေးလုပ်ငန်းသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ယမန်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီသော ငါးသားပေါက်များကို ငါးလုပ်ငန်းဦးစီးဌာနအောက်ရှိ ငါးသားပေါက်စခန်းများမှ ဝယ်ယူ၍ ယင်းတားစနစ် မွေးမြူခြင်းဖြင့် ငါးကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားရန်နှင့် ဧရာဝတီမြစ်အတွင်း သဘာဝတိုင်းရင်းငါးမျိုးများ မပြုန်းတီးစေရေး မျိုးစိုက်ထိန်းသိမ်းဆောင်ရွက်သွားရန်၊ စားနပ်ရိက္ခာ ဖူလုံရေးအတွက် သမားရိုးကျငါးမွေးမြူရေးစနစ်မှ ယခုကဲ့သို့ ယင်းတားစနစ်ဖြင့် ပြောင်းလဲမွေးမြူမှုကျယ်ပြန့်လာအောင် ပညာပေးလုပ်ဆောင်ကြရန် မှာကြားသည်။

ထို့နောက် ရေနံ့သာကျေးရွာ ယင်းမျောအင်းရှိ စံပြဝက်မွေးမြူရေးခြံနှင့် ငါးလုပ်ငန်းဦးစီးဌာန၏ မတ္တရာမြို့နယ် ရေနံ့သာငါးသားပေါက်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်

အလားတူ ယင်းတားစနစ် ငါးမွေးမြူခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိ ပေါက်အင်းတွင်လည်း လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများ ဖွဲ့စည်း

ကန့်ဘလူ မေ ၂၅

ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဖွဲ့စည်းရေးအခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းမြတ်က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဖွဲ့စည်းရခြင်းအကြောင်း ရှင်းလင်းပြီး မြို့နယ်လဝကဦးစီးမှူး ဦးအောင်ထွန်းမြင့်က ဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ ရွေးချယ်ခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့မိမြို့ဖနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကိုယ်စားလှယ်၊ လူမှုရေးအဖွဲ့အစည်းကိုယ်စားလှယ်၊ စီးပွားရေးအသင်းအဖွဲ့ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်၊ တောင်သူလယ်သမားကိုယ်စားလှယ်များမှ ကော်မတီဥက္ကဋ္ဌကို ရွေးချယ်၍ မြို့မိမြို့ဖနှင့် လူမှုရေး၊ စီးပွားရေးကိုယ်စားလှယ်များမှ ကော်မတီအတွင်းရေးမှူးကို ရွေးချယ်၍လည်းကောင်း ရွေးချယ်ခဲ့ရာ ကော်မတီ ဥက္ကဋ္ဌတစ်ဦး၊ အဖွဲ့ဝင်ငါးဦး၊ ဌာနဆိုင်ရာအဖွဲ့ဝင်နှစ်ဦး၊ (ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ) ကော်မတီအတွင်းရေးမှူးတစ်ဦးဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီအားစုစုပေါင်း ကိုးဦးနှင့် ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။ **အောင်ဝင်းငြိမ်း**

မူကြိုကျောင်းဆောင်သစ် ပန္နက်တင်

မြစ်ကြီးနား မေ ၂၅

ဂျပန်အထောက်အပံ့ဖြင့် ဆောက်လုပ်မည့် မူကြိုကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှ ကြီးကြပ်မှုဖြင့် မေ ၂၄ ရက် နံနက် ၈ နာရီ ၂၇ မိနစ်က မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်၌ ကျင်းပရာ ကချင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကံဆီးဆိုင်းလုံ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြနု၊ အတွင်းရေးမှူး ဒေါ်တင်မိုးစံတို့က ပန္နက်တင်အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ကြယ်ဖြူမင်းကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်မည်ဖြစ်ပြီး အလျား ၈၆ ပေ၊ အနံ ပေ ၄၀၊ အမြင့် ၁၂ ပေဖြစ်ပြီး အာရ်စီတစ်ထပ်ဆောင် ခြောက်ခန်းတွဲ ရေချိုးခန်း အိမ်သာပါဝင်ကြောင်းသိရသည်။ ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယကနှင့် အဖွဲ့ဝင်များသည် လယ်ကုန်းရပ်ကွက် အောင်တော်မူပရဟိတဘုန်းကြီးကျောင်းတွင် ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဧရာရပ်ကွက်ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၁) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်း (အမျိုးသမီး)ကျောင်း၌ အဝတ်အထည်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ) (ခရိုင် ပြန်/ဆက်)**

ရေစကြိုဒ်၌ မိုဘိုင်းဖုန်းများရောင်းချပေး

ရေစကြို မေ ၂၅

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပြည်သူများအတွက် ဧပြီလ ခွဲတမ်းမှာ အလုံး ၆၀၀ ဖြစ်ပြီး မဲနှိုက်ရောင်းချပွဲကို မေ ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ကျင်းပရာ မြို့နယ်ခွဲတမ်းအရ အလုံး ၆၀၀ အနက် မကွေးတိုင်းဒေသကြီး ဆ. သ. ရ၏ ညွှန်ကြားချက်အရ နယ်မြေခံ တပ်မတော်သားများအတွက် အလုံး ၅၀ နှင့် ပြည်သူများအတွက် အလုံး ၅၅၀ကို မဲနှိုက်ရောင်းချပေးခဲ့သည်။

မဲပေါက်သူများအား မြို့နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ခံအရာရှိ ဦးဇော်မြင့်ဦးနှင့် ဝန်ထမ်းများက ဆင်းကတ်များကို ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **(ဖေထွဏ်းဇော်-ရေစကြို)**

မြို့သာစက်မှုဥယျာဉ်မြို့တော်အတွင်း ရင်းနှီးမြှုပ်နှံနိုင်ပြီ

မန္တလေး မေ ၂၅

မန္တလေးမြို့သာစက်မှုဥယျာဉ်မြို့တော်နှင့် ဆီမီးခုံဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်းမှ ဆိပ်ကမ်းမြေနေရာအား စစ်ဆေးမှုများပြုလုပ်ပြီး တည်ဆောက်မှုလုပ်ငန်းများ စတင်နေပြီဖြစ်သည်။ ဆိပ်ကမ်းနှင့် စက်မှုဥယျာဉ်မြို့ကို ဆက်သွယ်ထားသည့် အဓိကလမ်းမကြီး ဖောက်လုပ်ပြီးဖြစ်ရာ စက်မှုမြေနေရာပြင်ဆင်မှုများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါစီမံကိန်းသည် မန္တလေးမြို့ ၃၆ မိုင်အကွာ ငါန်းဇွန်မြို့နယ်တွင် တည်ရှိပြီး မန္တလေးတိုင်းဒေသကြီးစက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် MMID အများပိုင်ကုမ္ပဏီတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြခြင်း ဖြစ်သည်။ စီမံကိန်း၏ Master Plan အား စင်ကာပူနိုင်ငံ State City and Planning မှ အသေးစိတ်ရေးဆွဲထားပြီး ဆိပ်ကမ်းမြေနေရာ စမ်းသပ်ခြင်းနှင့် တည်ဆောက်ခြင်းကို စင်ကာပူနိုင်ငံမှ Global Maritime and Port Service နှင့် နယ်သာလန်နိုင်ငံ Royal Haskoning တို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

ဝယ်ယူနိုင်

စီမံကိန်းတွင် ကုန်တင်ကုန်ချဆိပ်ကမ်းနှင့်အတူ နိုင်ငံတကာအဆင့်မီ စက်မှုဇုန်၊ အဆင့်မြင့်အိမ်ရာ၊ အဆင့်မီဂေါက်ကွင်း၊ ကူးသန်းရောင်းဝယ်ရေးဇုန်စသည့် စက်မှုဥယျာဉ်မြို့အင်္ဂါရပ်များနှင့်အညီ တည်ဆောက်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံလိုသူများအတွက် ရှယ်ယာစုများအား ရန်ကုန်နှင့် မန္တလေးမြို့ရှိ MMID ရုံးများတွင်လည်းကောင်း၊ ဧရာဝတီဘဏ်ခွဲများ၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲများ၊ City Mart ဆိုင်ခွဲများတွင်လည်းကောင်းဝယ်ယူနိုင်ပြီး ယခုနှစ်ဇူလိုင်လအတွင်း စက်မှုမြေရောင်းချခြင်းကို စတင်နိုင်မည်ဟု မျှော်မှန်းထားကြောင်းနှင့် အစုရှယ်ယာဝယ်ယူထားသူများအား နှစ်စဉ်ငွေစာရင်းရှင်းတမ်းနှင့် အမြတ်များ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးမြ**

လျှပ်စစ်မီးများ ပုံမှန်ပြန်လည်ရရှိ ရပ်ကွက်နေပြည်သူများ ဝမ်းမြောက်

စစ်ကိုင်း မေ ၂၅

မေ ၂၂ ရက် ည ၈ နာရီခွဲက ရုတ်တရက်မိုးသက်လေပြင်း မုန်တိုင်းကျရောက်ခဲ့ရာ စစ်ကိုင်းမြို့ ရပ်ကွက်အချို့နေရာများတွင် သစ်ပင်ကြီးများလဲကျခြင်း၊ ဓာတ်ကြိုးတိုင်များ ပြိုလဲခြင်း၊ တယ်လီဖုန်းကြိုးများ ပြတ်တောက်ခြင်းများဖြစ်ပေါ်ခဲ့သည်။

"လေပြင်းမုန်တိုင်းကြောင့် ဓာတ်တိုင် ၂၉ တိုင်လောက် ပျက်စီးပြီး မီးကြိုးများလည်းပြတ်တောက်သွားပါတယ်။ ရပ်ကွက်နေပြည်သူတွေ အချိန်မီလျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက် နေ့ဆိုင်း၊ ညဆိုင်းများခွဲပြီး ဆောင်ရွက်လိုက်တာ မေ ၂၃ ရက် ညနေ ၄ နာရီလောက်က လျှပ်စစ်မီးများပုံမှန် ပြန်လည်ပေးနိုင်ခဲ့ပါပြီ" ဟု လျှပ်စစ်ဌာနမှ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

နန်းဦးမြို့သစ်ရပ်ကွက်နေ ပြည်သူတစ်ဦးဖြစ်သူ ဒေါ်နွယ်နီအေးကလည်း "လျှပ်စစ်မီးအခုလို အမြန်ဆုံးပြန်လည်ရရှိတာ အလွန်ဝမ်းသာပါတယ်။ ကျွန်မတို့မျှော်မှန်းထားတဲ့ရက်ထက်တောင် စောပြီးရရှိလာတာပါ။ သက်ဆိုင်ရာ ဌာနကိုလည်း ကျေးဇူးတင်ပါတယ်။ သူတို့ဝန်ထမ်းတွေလည်း ခက်ခက်ခဲခဲ လုပ်ဆောင်နေတာတွေကို တွေ့ရပါတယ်။ အန္တရာယ်ကင်းအောင် လုပ်ဆောင်နိုင်ပါစေဆိုပြီးလည်း ဆုတောင်းပေးရတယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

ဇော်မြင့်နိုင်(ခရိုင် ပြန်/ဆက်)

လေပြင်းနှင့်အတူ ငှက်ကြီးတစ်ကောင်လည်းရောက်လာ

စစ်ကိုင်း မေ ၂၅

စစ်ကိုင်းမြို့နယ်တွင် မေ ၂၂ ရက် ည ၇ နာရီ ၄၅ မိနစ်က မိုးသက်လေပြင်း ကျရောက်ခဲ့ပြီးနောက် မိုးသက်လေနှင့်အတူ ထားဝယ်ဈေး ရပ်ကွက်နေအိမ်တစ်အိမ်သို့ လင်းယုန်ငှက်ကြီးတစ်ကောင်ရောက်ရှိလာကြောင်း သိရှိရသည်။

စစ်ကိုင်းမြို့ ထားဝယ်ဈေးရပ်ကွက် ဦးအောင်အောင်နေအိမ်သို့ လေပြင်းကျရောက်သည့်နေ့က လင်းယုန်ငှက်ကြီးတစ်ကောင်ကျရောက်ခဲ့သည်။ **(အပေါ်ပုံ)**

လှူဒါန်း

အဆိုပါ လင်းယုန်ငှက်ကြီးကို မန္တလေးမြို့ ရတနာပုံတိရစ္ဆာန်ရုံသို့ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၄၀)**

ထန်းသီးစေ့ခြောက်အမှိုက်က ငွေဖြစ်နေ

ရေစကြို မေ ၂၅

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ အညာဒေသ၏ ရတနာတစ်ပါးထန်းပင်များကို ခေတ်အဆက်ဆက်စိုက်ပျိုးခဲ့ကြခြင်းကြောင့် ယခုအခါ ထန်းပင်ပေါင်း ငါးသိန်းကျော်ပေါက်ရောက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ထန်းပင်များအနက် ထန်းအမပင်မှ သီးသော ထန်းသီးလုံးတစ်လုံး၌ ထန်းသီးစေ့ အိမ်သုံးအိမ်ပါသကဲ့သို့ နှစ်အိမ်ပါသော အသီးများကိုလည်း တွေ့ရသည်။ ထန်းသီးလုံးနုနုကို ထိပ်ဖွင့်၍ အရေစုပ် အဖတ်စားရသည်မှာလည်း တစ်နှစ်မှတစ်ခါရာသီစာမို့ ကလေး လူကြီးမကျန် မမုန်းတမ်းစားသုံးကြသည်။

အသုံးပြု

ထန်းသီးလုံးရင့်ပါက အပေါ်ခွံကို နွားစာအဖြစ် အသုံးပြုပြီး ရင့်ရာကမှည့်လာသည့်အခါ ထန်းသီးစေ့ကို မြေတွင်ပျိုး၍ ထန်းပင်မြစ်ကို စားသုံးကြပြန်သည်။

နှစ်စဉ် ထန်းသီးလုံးပေါင်းများစွာမှ ထန်းသီးစေ့များစွာတို့သည် မြေပေါ်တွင် ပြန့်ကျဲ၍ အမှိုက်များဖြစ်လာသော်လည်း ထန်းသီးစေ့ခြောက်အမှိုက်များသည် ငွေဖြစ်နေသည်ကို မြင်ခဲ့ရသည်။

ပြောပြ

"ကျွန်တော်တို့က တစ်တင်းခွဲဝင် ပီနံအိတ်တစ်အိတ်စာ ထန်းသီးစေ့ခြောက်တွေကို ငွေကျပ် ၂၀၀ နဲ့ ပေးဝယ်တဲ့အတွက် ကျေးရွာတွေမှာ ကောက်ယူစုဆောင်းထားကြပါတယ်။ ကလေးတစ်ယောက် တစ်နေ့ငါးအိတ်လောက်ရပြီး လူကြီးတွေကတော့ ၁၀ အိတ်၊ ၁၅ အိတ်ရတော့ ဒေသခံတွေ အပိုဝင် ငွေရနေကြပါတယ်။ အခုကားတစ်ခေါက်ကို အိတ် ၁၆၀ ကျော်ခန့်ပါပြီး ပဲဆန်ကြော်ဖိုမှာ လာရောင်းတော့ တစ်အိတ် ငွေကျပ် ၃၅၀ ရပါတယ်။ ဆီဖိုးနုတ်လိုက်ရင် ကျွန်တော်တို့လည်း အလုပ်ဖြစ်တယ်" ဟု ကားဆရာက ပြောပြပါသည်။

အညာဒေသနှင့် လိုက်ဖက်စွာ ပေါက်ရောက်နေသော အမြဲတမ်းလှပနေသည့် မြန်မာ့ထန်းပင်က အမှိုက်ဖြစ်နေသည့် ထန်းသီးစေ့ခြောက်များသည် ယခုအခါ ငွေဖြစ်နေခြင်းမှာ ဝမ်းသာစရာကောင်းလှပါသည်။ **ဖေထွဏ်းဇော်-ရေစကြို**

သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

နေပြည်တော် မေ ၂၅

သောက်သုံးရေရှားပါးခက်ခဲသော မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာအုပ်စု လှေဝန်းကျေးရွာသို့ မြို့နယ်စည်ပင်ရေသယ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ အလှူရှင်ရေသယ်ယာဉ်တို့ဖြင့် မေ ၁၂ ရက်နှင့် ၂၁ ရက်တွင် သောက်သုံးရေ သွားရောက်လှူဒါန်းဝေငှခဲ့ကြောင်း သိရသည်။ အဆိုပါ ကျေးရွာသည် အိမ်ခြေ ၁၀၂ အိမ်၊ လူဦးရေ ၅၃၀ ခန့်နေထိုင်သော ကျေးရွာဖြစ်သည်။ ကျေးရွာ တွင်းရှိ အလျား ပေ ၂၅၀၊ အနံပေ ၇၀ ရှိ မိုးရေလှောင်ကန်မှာ နွေရာသီတွင် ရေခန်းခြောက်လေ့ရှိပြီး ကျေးရွာမှ သုံးမိုင်ခန့်အကွာရှိ ဘုတ်ချောင်းဆည်မှ ရေကို သွားရောက်ရယူသုံးစွဲရသည်။

အဆိုပါ မိုးရေလှောင်ကန်အဆင့်မြှင့်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မီးဘေးရှောင် မလောင်ခင်တား

ပြည်တွင်းသတင်း

မန္တလေးတိုင်းဒေသကြီးတွင် မိုဘိုင်းဖုန်းများ စတင်ရောင်းချ

မန္တလေး ဧပြီ ၂၅

မန္တလေးတိုင်းဒေသကြီးအတွင်း ဧပြီ ၂၄ ရက်က ခွဲဝေရရှိသော ဆင်းကတ် ၆၅၀၀ ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများနှင့် ပြည်သူများအား နယ်မြေအလိုက် လူဦးရေအချိုးအလိုက် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ကော်မတီအဖွဲ့များ ပွင့်လင်းစွာ ရောင်းချပေးကြရာ ပြည်သူများဝမ်းမြောက်ဝမ်းသာကျေနပ်လျက်ရှိကြသည်ကို တွေ့ရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ရေဒီယိုတိုင်စခန်းပေါင်း ၅၁ ခု၏ လိုင်းဆွဲအားအရ ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ ပုသိမ်ကြီးနှင့်အမရပူရမြို့နယ်စသည့် မြို့နယ်ခုနစ်မြို့နယ်အတွင်း ဆင်းကတ် ၃၂၄၀၀ နှင့် ပြင်ဦးလွင်၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ညောင်ဦး စသည့် ခရိုင်ခြောက်ခု၌ ဆင်းကတ် ၃၂၆၀၀ တို့ကိုကြိုတင်တန်းစီစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြရာ ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြကြောင်း သိရှိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

မကွေးတိုင်းဒေသကြီးအတွင်း တန်ပိုးနည်းဖုန်းများ ရောင်းချ

မကွေး ဧပြီ ၂၅

မကွေးမြို့နယ်တွင် CDMA 800 MHz ဖုန်းများကို မကွေးမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ မြန်မာ့ဆက်သွယ်ရေးရုံးတွင် ဧပြီ ၂၄ ရက် နံ နက် ၁၀ နာရီမှ စတင်ပြီး ဆင်းကတ်များအား ရောင်းချနေပြီဖြစ်သည်။

တန်ဖိုးနည်း ၁၅၀၀ ကျပ်တန် ဆင်းကတ်များကို မကွေးမြို့ပေါ်ရှိ ရပ်ကွက်အသီးသီး၌ ဝယ်ယူလိုသူများက သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ လျှောက်ထားခဲ့ကြပြီး ဧပြီ ၂၃ ရက်တွင် မကွေးမြို့ မြန်မာ့ဆက်သွယ်ရေးရုံး ကြော်ငြာသင်ပုန်း၌ ရောင်းချပေးမည့်သူများစာရင်းအား ကြော်ငြာထားကြောင်း သိရသည်။ မကွေးမြို့နယ်တွင် CDMA တန်ဖိုးနည်းဖုန်း လျှောက်ထားသူဦးရေမှာ ၁၃၄၆ ဦးသာရှိသေးကြောင်း သိရှိရသည်။ **ခိုင်စိုးလင်း (မကွေး-ကိုယ်ပွား)**

ရမည်းသင်းမြို့တွင် တန်ဖိုးနည်း ဖုန်းကတ်ဝယ်သူများနှင့်စည်ကား

ရမည်းသင်း ဧပြီ ၂၅

ရမည်းသင်းမြို့နယ်အတွင်းရှိ ရပ်ကွက်(၅)ရပ်ကွက်နှင့် ကျေးရွာ ၃၄ ရွာသို့ အချိုးကျ တန်ဖိုးနည်းဖုန်းကတ် ၁၃၀၀ ကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ဖုန်းကတ်ဝယ်ယူခွင့်ရရှိသူများအနေနှင့် ရန်အောင်မြင် သာသနာ့ဗိမာန်၌ ဝယ်ယူကိုင်ဆောင်နိုင်ပြီ ဖြစ်သည်။ **(ဝ၁၁)**

ကျောက်ဆည်၌ ဖုန်းလိုင်းကတ် ၄၀၀၀ ရောင်းချ

ကျောက်ဆည် ဧပြီ ၂၅

တန်ဖိုးနည်း မိုင်းဘိုင်းဖုန်းများကို ဧပြီ ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် လေးမြို့နယ်အနက် ကျောက်ဆည်မြို့နယ်အတွက် လိုင်းကတ် ၃၀၀၀ နှင့် မြစ်သားမြို့အတွက် လိုင်းကတ် ၁၀၀၀ ရောင်းချပေးလျက်ရှိသည်။ **ထွန်းထွန်းနိုင်**

ဖုန်းကတ်များ မြစ်ငယ်၌လည်း ရောင်းချ

မြစ်ငယ် ဧပြီ ၂၅

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်၌လည်း CDMA 800 MHz ဖုန်းကတ်များကို ဧပြီ ၂၄ ရက်က လျှောက်ထားသူ ၂၃၄ ဦးအနက် ၈၆ ဦး ရွေးချယ်ခဲ့ပြီး ဝယ်ယူခွင့်ရခဲ့သည်။ **မောင်မောင်စိုး(မြစ်ငယ်)**

တာချီလိတ်၌ မိုဘိုင်းဖုန်းများ ရောင်းချပေး

တာချီလိတ် ဧပြီ ၂၅

တာချီလိတ်မြို့၌ မိုဘိုင်းဖုန်းလျှောက်ထားသူ ၉၄၀ ရှိပြီး ၇၀၀ အား မဲစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျန်ရှိသူများအား နောက်တစ်သုတ်တွင် လျှောက်လွှာထပ်တင်စရာမလိုဘဲ ဆက်လက်မဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ SIM Card များအား ဧပြီ ၂၆ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်ပန်းတောင်း၌လည်း ဆင်းကတ်များရောင်းချ

ကျောက်ပန်းတောင်း ဧပြီ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မိုဘိုင်းဆင်းကတ်များအား ဧပြီ ၂၄ ရက်က ဌာနပေါင်း ၄၃ခုအတွက် ကတ်ရေ ၁၁၀၀၊ ရပ်ကွက်(၁၂)ရပ်ကွက်အတွက် ၇၇၀၊ ကျေးရွာပေါင်း ၁၄၀ အတွက် ဆင်းကတ် ၂၀၃၀ နှင့် တပ်ရင်းတပ်ဖွဲ့များအတွက် ၃၀၀ စုစုပေါင်း ဆင်းကတ် ၄၂၀၀ ခန့် မဲစနစ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ **(၄၁၈)**

ဆီးဂိမ်းအားကစားသမားများ ဧည့်ခံကျွေးမွေးရေး စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် ထိုင်းကုမ္ပဏီ လက်မှတ်ရေးထိုး

ရန်ကုန် ဧပြီ ၂၅

၂၀၁၃ ခုနှစ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများအား နိုင်ငံတကာအဆင့်မီ ဧည့်ခံကျွေးမွေးနိုင်ရေးအတွက် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA) နှင့် Unilever Food Solutions (Thailand Co. Ltd) တို့ နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပွဲကို ဧပြီ ၂၄ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းများအသင်းဒုဥက္ကဋ္ဌ ဦးခင်အောင်ထွန်းနှင့် Unilever Food Solutions (Thailand Co.Ltd) မှ မန်နေဂျင်း ဒါရိုက်တာ Mr.Prasith Preechacha- lieo တို့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ယာပုံ)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံ နေပြည်တော်တွင် ကျင်းပနေစဉ် ရက်ပေါင်း ၂၀ ခန့်အတွင်း နိုင်ငံပေါင်း ၁၁ နိုင်ငံမှ လာရောက်ယှဉ်ပြိုင်မည့် အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များပါဝင်သည့် လူဦးရေ ၄၀၀၀ မှ ၅၀၀၀ ခန့်အား အစားအသောက်ဘေးကင်းလုံခြုံစိတ်ချ၍ အာဟာရပြည့်ဝပြီး သန့်ရှင်းစွာစားသုံးနိုင်ရန်အတွက် ရည်ရွယ်၍ နိုင်ငံတကာ အတွေ့အကြုံရှိ အစားအသောက်နယ်ပယ်၌ အောင်မြင်ကျော်ကြားလျက်ရှိသည့် Unilever Food Solutions နှင့် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းသည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ တွက်ချက်မှုများ တင်ပြခြင်း၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း၊ လုပ်ဆောင်မည့်အချိန်ဇယားများ ရေးဆွဲခြင်းတို့ကို အဆင်သင့် ပြုလုပ်ထားရှိပြီး နိုင်ငံတော်မှ တာဝန်ပေးအပ်လာပါက အဆင်သင့် လုပ်ဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်ကြောင်း အသင်းဒုဥက္ကဋ္ဌ ဦးခင်အောင်ထွန်းက လက်မှတ်ရေးထိုးပွဲတွင် ပြောကြားသွားသည်။

ထိုင်းနိုင်ငံမှ Unilever Food Solutions သည် နိုင်ငံပေါင်း ၇၀ နှင့်ပူးတွဲ၍ စားသောက်ဆိုင် လုပ်ငန်းများကို လုပ်ကိုင်ပြီး နိုင်ငံတကာ အတွေ့အကြုံများစွာရှိသော လုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လာမည့်သုံးနှစ်အတွင်း မြန်မာနိုင်ငံ၌ ရုံးဖွင့်လှစ်ပြီး ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရှိရသည်။ ယခုအခါ မြန်မာနိုင်ငံရှိ စားသောက်ဆိုင်လုပ်ငန်းရှင်အချို့နှင့် နည်းပညာများ ဖလှယ်၍ ပံ့ပိုးကူညီလျက်ရှိသည်။

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA)၏ အတွင်းရေးမှူးက အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်တာဝန်ယူရခြင်းသည် တစ်ဦးတစ်ယောက်အကျိုးအမြတ်အတွက် မဟုတ်ဘဲ နိုင်ငံတော်အဆင့် ကျင်းပပြုလုပ်သောပွဲကို အမျိုးသားရေးတာဝန်ဖြင့် စားသောက်ဆိုင်ပိုင်ရှင်များ စုပေါင်း၍ အောင်မြင်စွာ လုပ်ဆောင်နိုင်မှုကို ပြသလို၍ဖြစ်ကြောင်း ပြောကြားသွားသည်။ **အောင်သူရ**

ပဲခူးမြို့နယ်အတွင်းရှိ သောက်သုံးရေပြတ်လပ်သော ကျေးရွာများသို့ ပဲခူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့်အဖွဲ့ ဧပြီ ၂၄ ရက် ညနေပိုင်းက သောက်သုံးရေလိုအပ်လျက်ရှိသော ပဲခူးမြို့နယ် ကလိကျေးရွာနှင့်ရွှေတန်ကျေးရွာများသို့ ရေကားများဖြင့် ဖြန့်ဝေပေးနေစဉ်။ သန့်စင်

ခန္တီးဒေသအတွင်း (FM) ရေဒီယိုအစီအစဉ်များ ဖမ်းယူနားဆင်လို

ခန္တီး ဧပြီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သည် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးဆိုက်ရာ မြို့တစ်မြို့ဖြစ်သည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလဟယ်၊ လေရှီး၊နန်းယွန်းမြို့နယ်များနှင့် ဆက်စပ်တည်ရှိပြီး ၄င်းမြို့နယ်များသည် ယခင်က ခန္တီးခရိုင်အတွင်းပါရှိခဲ့သည်ဟု သိရသည်။

ခန္တီးမြို့တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် မြို့မီးလင်းရေးကော်မတီတို့ ပူးပေါင်းပြီး အင်ဂျင်စက်ဖြင့် ဖြန့်ဝေပေးသည့် လျှပ်စစ်မီးကို ပြည်သူများက နေ့စဉ် ညဥ့်အမှောင်ပျိုးချိန်မှစ၍ သုံးနာရီကြာ ရရှိအသုံးပြုရသည့်အတွက် ခန္တီးမြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်ရုံမှ ထုတ်လွှင့်သည့် ရုပ်သံအစီအစဉ်များကို မီးရရှိသည့် သုံးနာရီအချိန်အတွင်း၌သာ ကြည့်ရှုကြရသည်။

ယနေ့အချိန်တွင် နိုင်ငံအနှံ့(FM) ရေဒီယိုအစီအစဉ်အမျိုးမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဖမ်းယူနားဆင်နေကြရပြီဖြစ်သော်လည်း ခန္တီးဒေသအတွင်း (FM) ရေဒီယို အစီအစဉ်များ ဖမ်းယူမရရှိသေးသည့်အပြင် အခြားရေဒီယိုအစီအစဉ်များကိုလည်း ကောင်းစွာ ဖမ်းယူမရရှိကြောင်း သိရသည်။

လျှပ်စစ်မီးမရရှိ၍ ရုပ်သံအစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ မကြည့်ရှုနိုင်သေးမီ လျှပ်စစ်မီးမလိုဘဲ ပြည်သူများကို ပညာရေး၊ ကျန်းမာရေး၊လူမှုရေး အသိပညာပေးသည့် ဆင်းရဲချမ်းသာ မရွေးဝယ်ယူအသုံးပြုနိုင်သည့် (FM) ရေဒီယိုအစီအစဉ်များကို ဖမ်းယူနားသောတဆင်လိုသည်မှာ ခန္တီးဒေသအတွင်းမှ ပြည်သူများ၏ ဆန္ဒအမှန်ဖြစ်ကြောင်းသိရသည်။ **(ပြန်/ဆက်)**

ဈေးအတက်ကြမ်းနေသော တိုင်ထောင်ခရမ်းချဉ်

ဆားလင်းကြီး ဧပြီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်သည် မိုးနည်းဒေသဖြစ်သောကြောင့် ယခင်က ယခုလိုနွေရာသီဆိုလျှင် ဟင်းသီး၊ ဟင်းရွက်၊ သီးနှံလတ်လတ်ဆတ်ဆတ် ဝယ်ယူစားသုံးမှုအတွက် အဆင်မပြေဖြစ်ခဲ့ကြရသည်။

ယခုတော့ဖြင့် ဆားလင်းကြီးမြို့နယ်အတွင်းမှ ရေသွင်းစိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်အသီးအနှံတို့ကို လတ်လတ်ဆတ်ဆတ်ဝယ်ယူစားသုံးနိုင်ကြပြီဖြစ်သည်။ ယခုလအတွင်း ဧပြီလဆန်းမှစ၍ တိုင်ထောင်ခရမ်းချဉ်စိုက်သူတို့ ဈေးကောင်းရ၍ အဆင်ပြေနေကြသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများက တစ်ပိဿာလျှင် ငွေကျပ် ၁၅၀ ဈေးရှိခဲ့သော တိုင်ထောင်ခရမ်းချဉ်သည် ဧပြီလဆန်းမှစ၍တစ်ပိဿာလျှင်ကျပ် ၇၅၀-၈၀၀ ဈေးနှုန်း အတက်ကြမ်းနေသည်မှာ ဧပြီ ၂၀ ရက်ပင်ကျော်နေပြီဖြစ်သည်။ ဝယ်ယူစားသုံးမှုအတွက် အဆင်ပြေသော်လည်း ဈေးမြင့်နေတာကြောင့် ဝယ်သူနည်းသွားခဲ့ပေမယ့် တိုင်ထောင်ခရမ်းချဉ်စိုက်ပျိုးသော ဆားလင်းကြီးမြို့နယ်များမှ တောင်သူ ဦးကြီးများက "ခရမ်းချဉ် ဈေးတက်လာတော့ ထိုက်သင့်တဲ့ အကျိုးအမြတ်တော့ ရရှိပါတယ်" ဟု ဆားလင်းကြီး မြို့မဈေးသို့ ခရမ်းချဉ်လာရောက် ရောင်းဝယ်ရင်း ပြောပြသွားသည်။

စားသုံးသူတို့လည်း အဆင်ပြေ ခရမ်းချဉ်စိုက်ပျိုးသူတွေလည်း အဆင်ပြေပြေဖြင့် ရောင်းဝယ်စားသုံးနိုင်ကြပါစေကြောင်း တင်ပြလိုက်ပါသည်။ **ဦးငယ်(ဆားလင်းကြီး)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ရှာင်မြို့၌ သွားနှင့် ခံတွင်း အခမဲ့ကုသပေး

ရှာင် ဧပြီ ၂၅

ရှမ်းပြည်နယ် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့ မြို့ဦးမင်္ဂလာကျောင်းကြီးတွင် ဧပြီ ၂၄ ရက် မှ ၂၆ ရက်အထိ သွားနုတ်၊ သွားပေါက်ဖာ၊ သွားချေးချွတ်ခြင်း စသည့် သွားကျန်းမာရေးကိစ္စများကို ဒေါက်တာရဲဝင်းနိုင်ဦးဆောင်သော သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) သုခဒန္တီသွားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် အခမဲ့ဆေးကုသဆောင်ရွက်မှုပေးမည်ဖြစ်ပါသဖြင့် မည်သူမဆို လာရောက်ကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။

(ပြန်/ဆက်)

ပြည်တွင်းသတင်း

အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဒုတိယနေ့အစီအစဉ်များဆောင်ရွက်

နှီးနှောဖလှယ်ပွဲတက်ရောက်သူများအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၅

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် စိန်ရတုခန်းမ၌ ကျင်းပလျက်ရှိသော အခြေခံပညာကဏ္ဍ ၂၀၁၃ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ အစီအစဉ်များဆောင်ရွက်နေမှု၊ အဖွဲ့လိုက်အုပ်စုခွဲပြီး စာတမ်းများအပေါ် အကြံပြုဆွေးနွေးနေမှုများ လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

မွန်းလွဲ ၂ နာရီခွဲတွင် စိန်ရတုခန်းမ၌ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရှင်ကြီးများနှင့် နှီးနှောဖလှယ်ပွဲတက်ရောက်လာသူများအားတွေ့ဆုံပြီး ဒုတိယဝန်ကြီးက အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းစာကြည့်တိုက်များကို မဖြစ်မနေ ဖွင့်လှစ်အသုံးပြုရန်၊ ကျောင်းကောင်စီစနစ်တကျဖွဲ့စည်းရန်၊ ဒီမိုကရေစီအခြေခံကောင်းများကို လေ့ကျင့်သင်ကြားပေးရန်၊ အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် စကားရည်လုပွဲ၊ အလယ်တန်းအဆင့် ပုံပြောပြိုင်ပွဲ၊ မူလတန်းအဆင့် စတုတ္ထတန်းကျောင်းသား ကျောင်းသူများ ကဗျာရွတ်ပြိုင်ပွဲများကို ကျောင်းတွင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ဗဟိုအဆင့်အထိ ကျင်းပရန်၊ ဗဟိုအဆင့် ဆုရသူများအား နေပြည်တော်တွင်ကျင်းပမည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနား၌ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ရန်၊ ပညာရေးဆိုင်ရာ မေးလိုသည့် မေးခွန်းများကို ပွင့်ပွင့်လင်းလင်း မေးမြန်းရန်၊ ယခုနှီးနှောဖလှယ်ပွဲ အစီအစဉ်ပါ ခေါင်းစဉ်များနှင့် မသက်ဆိုင်သော်လည်း ပညာရေးကောင်းကျိုးအတွက် အကြံပြုပေးကြရန်၊ မေးမြန်းလိုသော အကြောင်းအရာများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ထံ စာရေးမေးမြန်းအကြံပြုကြရန်၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲနှင့် သက်ဆိုင်သော အကြောင်းအရာများကို ဆွေးနွေးပေးကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် နှီးနှောဖလှယ်ပွဲ တက်ရောက်လာကြသူများက ပညာရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ပညာရေးဝန်ထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ခန့်အပ်ခြင်းဆိုင်ရာများ၊ အခွင့်အလမ်းများဆိုင်ရာတို့ကို စာဖြင့်လည်းကောင်း၊ လူကိုယ်တိုင်လည်းကောင်း ပွင့်ပွင့်လင်းလင်းမေးမြန်းအကြံပြုတင်ပြကြရာ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်-ပြည် (အမြန်)ရထားနှင့် လမ်း အဆင့်မြှင့်တင် ပြုပြင်မွမ်းမံပေးမည်ဟု မျှော်လင့်

ရထားကို အားကိုးအားထားပြုနေရသော အခြေခံလူတန်းစားများအဖို့ မိမိတို့၏လိုရာခရီးသို့ နိစ္စဓူဝသွားလာနေကြရာတွင် အခက်အခဲပေါင်းစုံနှင့် စိတ်ညစ်ညူးဖွယ်ရာအဖုံဖုံတို့ကို ကိုယ်တွေ့သော်လည်းကောင်း၊ မီဒီယာများမှသော်လည်းကောင်း ကြားသိနေရပေရာ သက်ဆိုင်ရာမှ ရထားစီးပြည်သူတို့အတွက် အထူးလိုအပ်နေသည့် ခရီးသွားပြည်သူနှင့် ပို့ဆောင်ရေး ရထားမျှတစေရန်၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ရထားဖြင့် နေ့စဉ်ပို့ဆောင်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါက ရထားစီးခရီးသည်ပြည်သူများ၏ဘဝ အခက်အခဲတွေ ပြေပျောက်စေမည်ဖြစ်ပေသည်။

ယခင်နှစ်ပေါင်း (၅၀) ခန့်က ရန်ကုန်-ပြည်(အမြန်) အစုန်/အဆန် ရထားနှင့် ရထားလမ်းသည် နိုင်ငံအဝန်း၌ ရေပန်းစားခဲ့သည်။

ရထားခုတ်မောင်းနေစဉ် ရထားပေါ်၌ ကော်ဖီ၊ လက်ဖက်ရည်သောက်၍ ရခဲ့သည်။ ယင်း ကော်ဖီ၊ လက်ဖက်ရည် ဖိတ်စင်မကျအောင် ရထားလမ်းများက ငြိမ့်ညောင်းကောင်းမွန်ခဲ့သလောက် ယခု ရန်ကုန်-ပြည်ရထားလမ်းမှာ မကောင်းတော့ပါ။ တစ်လမ်းလုံး ခုန်၍နေသည်။ အချို့နေရာများတွင် ခုန်လွန်းလို့ တွဲချော်မှာစိုးရသည်။ ရထားစီးခရီးသွားများ စိတ်မချမ်းမြေ့ဖြစ်ရသည်။

ယခင်က ရန်ကုန်-ပြည်(အမြန်) ရထားသည် အချိန်မှန်သည်၊ တိကျသည်၊ စက်ခေါင်းများ မပျက်ပါ။ လူစီးတွဲများဆိုလျှင် အထက်တန်း၊ ပထမတန်းနှင့် ရိုးရိုးတွဲများပါရှိသလို စားသောက်စရာ ရောင်းချသည့်တွဲနှင့် ကုန်စည်ပို့ဆောင်ရေးအတွက် ကုန်တွဲ၊ တန်ဆာတွဲများ ပါရှိခဲ့ဖူးပါသည်။

(စာရေးသူ သိခဲ့ရသမျှဆိုရင် မြန်မာနိုင်ငံကို အသစ်ရောက်ရှိလာသည့် ရထားစက်ခေါင်းနှင့် တွဲသစ်များကို ရန်ကုန်-ပြည်လမ်းမှာ အရင်ဆုံး ပြေးဆွဲစေခဲ့ပါတယ်။)

တွဲများတွင် လေပန်ကာများ၊ လျှပ်စစ်မီးများနှင့် စပီကာများ ပါရှိသည်။ စပီကာများမှ ထွက်ခွာတော့မည့်အချိန်နှင့် ရောက်ရှိတော့မည့် ဘူတာကို ကြိုတင်အသိပေးခြင်း၊ ခရီးသည်များအား အနားယူအပန်းဖြေစေရန် တေးသီချင်းများဖွင့်ပေးခြင်း စသည့် ဝန်ဆောင်မှုများပေးခဲ့သည်။

သန့်စင်ခန်းများတွင်လည်း ခရီးစဉ်တစ်လျှောက် သန့်စင်လျက်ရှိကာ တွဲစောင့်များ၏တာဝန်သည် ခရီးစဉ်အစမှအဆုံး မိမိတာဝန်ကျရာတွဲ၌ ပါရှိသော ခရီးသည်များကို စောင့်ရှောက်ပေးသည်ကလည်း ခရီးသည်များအတွက် စိတ်ချလက်ချ စိတ်ချမ်းမြေ့စေခဲ့ပါသည်။

ယခု တစ်ချိန်ကရေပန်းစားခဲ့သော ရန်ကုန်-ပြည်(အမြန်) အဝေးပြေးရထားသည် လမ်းကလည်း မကောင်း၊ စက်ခေါင်းတွေကလည်းပျက်၊ လူစီးတွဲများဖြစ်သော အထက်တန်း၊ ပထမတန်း၊ ရိုးရိုးတန်းတွဲများနှင့် ကုန်တွဲ၊ တန်ဆာတွဲများကလည်း ရန်ကုန်မြို့ကြီး၏ မြို့ပတ်ရထားလောက်မျှ မကောင်းတော့ပါ။

တွဲများတွင် လေပန်ကာများ တော့ရှိပါသည်။ အားလုံးဖွင့်မရပါ။ လျှပ်စစ်မီးကတော့ မီးလင်းသည့်တွဲကလင်းပြီး မလင်းသည့်တွဲကတော့ မှောင်ထဲမှာပေါ့။ စပီကာတွေက ရထားကြီး ခုတ်မောင်းနေသည့် အသံကြောင့် ဘာမျှမကြားရပါ။

သန့်စင်ခန်းတွေကတော့ ကျန်းမာရေးရှုထောင့်ကကြည့်ရင် ကျန်းမာရေးနှင့် ညီညွတ်စေရန် သုံးစွဲသူများကပါ ပူးပေါင်းပါဝင်သန့်ရှင်းစေချင်ပါသည်။

တွဲစောင့်များကတော့ ခရီးသည်များ အားကိုးရဖို့နေနေသာ ရထားစထွက်ကတည်းက တစ်နေရာမှာ စုဝေးနေလိုက်ကြတာ ရထားနောက်ဆုံး ဘူတာရောက်သည်ထိ ဆိုပါတော့ဗျာ။

စိတ်မကောင်းစရာ တစ်ခုကတော့ ထင်သာမြင်သာလက်မှတ် မရောင်းတဲ့ကိစ္စပါပဲ၊ မြို့တိုင်းရှိ ဘူတာတိုင်းလိုလိုက ရထားလက်မှတ်ကို တစ်ရက်ကြိုတင်ရောင်းကြပါတယ်။

လက်မှတ်က ထိုင်ခုံပါသည့် လက်မှတ်နှင့် ထိုင်ခုံမဲ့လက်မှတ်တို့ဖြစ်တယ်။ သတ်မှတ်ထားတဲ့ရက် လက်မှတ်သွားဝယ်တဲ့အခါ ထိုင်ခုံပါသည့် လက်မှတ်ကကုန်ပြီလို့ပြောတယ်။ သို့သော်လည်း ရထားပေါ်ရောက်တော့ ထိုင်ခုံလွတ်တွေက တွဲတိုင်းလိုလိုမှာ ရှိနေတယ်။

ရထားဖြင့် ခရီးသွားလိုသည့် ပြည်သူများ၊ ရထားလမ်းသာရှိပြီး ကားလမ်းမရှိသည့် မြို့များမှပြည်သူများ ကားခမတတ်နိုင်၍ ရထားကို သာအားထားနေရသော ပြည်သူများနှင့် အဝေးပြေးကားသည် ခရီးသည် တစ်ဦးစနှစ်ဦးစအတွက် ကားခသော်လည်းကောင်း၊ ထိုင်ခုံပါလက်မှတ်အတွက် သော်လည်းကောင်း အဆင်ပြေသော်လည်း မိသားစုလိုက်အတွက် ပေးရမည့် ကားခနှင့် ထိုင်ခုံပါလက်မှတ်ရရှိရေးအတွက် အဆင်မပြေနိုင်ပါ။ သို့ပါ၍ ရထားလက်မှတ် အဆင်မပြေသောကြောင့် ကားဖြင့်သွားရသဖြင့် ခရီးသည်ပြည်သူများတွင်လည်း စိတ်အနှောင့်အယှက်ဖြစ်ရသလို သက်ဆိုင်ရာဌာနတွင်လည်း ဝင်ငွေအမှန်တကယ်နစ်နာနေပါသည်။

သို့ပါ၍ သက်ဆိုင်ရာဌာနက ရထားဖြင့်ခရီးသွားသည့် ပြည်သူများ စိတ်အနှောင့်အယှက် မဖြစ်စေရေးအတွက် ပြည်သူကိုအလေးအနက်ထားပြီး ပွင့်လင်းမြင်သာစွာဖြင့် ယခုထက် ပိုမိုဆောင်ရွက်ပေးမည်ဆိုပါက ပြည်သူနှင့်ရထားဝန်ထမ်း တစ်သားတည်းရှိလာမည် ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် ရထားစက်ခေါင်း၊ ရထားတွဲများ၊ ရထားလမ်းများ၊ သန့်ရှင်းသပ်ရပ် ကြံ့ခိုင်ကောင်းမွန်ရေး၊ ဘူတာ ပလက်ဖောင်းမှအစ **ရန်ကုန်-ပြည်(အမြန်) ရထားနှင့် ရထားလမ်းကို အဆင့်မြှင့်တင်ပြုပြင်မွမ်းမံမှုများ**နှင့်အတူ ရန်ကုန်-ပြည်ကားလမ်းဖြတ်သန်းရာ /ရန်ကုန်-ပြည် ရထားလမ်းတစ်လျှောက်ရှိ မြို့များ၊ ဘူတာများထက် ကားလမ်းနှင့်ဝေးသော၊ ကားလမ်းမရှိသောမြို့များ၊ ဘူတာများကို ရထားလက်မှတ်အရေအတွက်ပို၍ သက်ဆိုင်ရာက အမြန်ဆုံးဦးစားပေး ဆောင်ရွက်ပေးပါက ယင်းသို့ ဆောင်ရွက်ပေးခြင်းသည် သက်ဆိုင်ရာဌာနအတွက် အမှန်တကယ်ဝင်ငွေ ရရှိလာမည်ဖြစ်ကာ ဒေသခံရထားစီး ခရီးသွားပြည်သူများလည်း သက်သောင့်သက်သာစွာဖြင့် အချိန်ကုန် လူမပင်ပန်းဘဲ လိုရာခရီးသို့ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိမှာဖြစ်ပြီး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများလည်း အဆင်ပြေချောမွေ့လာမည်ဖြစ်ပါကြောင်း။

ဦးမောင်(သဲကုန်း)

ချထားပေးမှု၏ သုံးဆလျှောက်ထားကြသည့် ၁၅၀၀ တန် ဆင်းကတ်များ

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် MECTEL အမှတ်တံဆိပ် ၁၅၀၀ ကျပ်တန် တန်ဖိုးနည်း CDMA-800 MHz ဆင်းကတ်များကို ရောင်းချပေးခဲ့ရာ မြို့သစ်(က+ခ) ရပ်ကွက်၌ လျှောက်ထားသူ အရေအတွက်မှာ ရောင်းချပေးနိုင်မှု၏ သုံးဆခန့်ရှိကြောင်း သိရသည်။

မြို့သစ် (က+ခ) ရပ်ကွက် အတွက် ဆင်းကတ်လျှောက်ထားသူ ၆၂၀ ရှိခဲ့ပြီး ကတ် ၂၁၀ ချထားပေးခဲ့ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ဆင်းကတ် ၂၁၀ အနက် ဘုန်းကြီးကျောင်း၊ ဘုရားကျောင်း စသည့် ဘာသာရေးအဆောက်အအုံတို့အတွက် ၁၀ ကတ်၊ ပြည်သူလူထုအတွက် ကတ် ၂၀၀ ခွဲပေးခဲ့ကြောင်း၊ မြို့သစ် (ခ) ရပ်ကွက်တွင် အိမ်ခြေ ၅၀၀ ကျော်ရှိသည့်အတွက် ဆင်းကတ် ၅၀၊ (က) ရပ်ကွက်တွင် အိမ်ခြေ ၂၅၀ ကျော် ရှိသည့်အတွက် ဆင်းကတ် ၁၅၀ စသည်ဖြင့် ခွဲဝေပြီး မဲဖောက်ပေးခဲ့ကြောင်း သိရှိရသည်။ "အင်းစိန်မြို့နယ်အတွက် ဆင်းကတ်အရေအတွက် ၄၄၀၀ ရပါတယ်။ ရပ်ကွက်ပေါင်း ၂၁ ခုရှိတဲ့အတွက် ရပ်ကွက်တစ်ခုကို ၂၁၀ နှုန်းရပြီး ဝန်ထမ်းများတဲ့ ရပ်ကွက်တစ်ခုကို ၂၀၀ နှုန်း ချပေးထားခဲ့ ပါတယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောပြသည်။

"အခုလိုစနစ်နဲ့ ရောင်းပေးတော့ အမှန်တကယ်သုံးစွဲချင်တဲ့ သူတွေလက်ထဲရောက်ပါတယ်။ ကျွန်မတို့က မဲပေါက်လို့ရပေမယ့် လိုချင်ပြီး မဲမပေါက်တဲ့သူတွေကျန်နေသေးလို့ အားနာမိတယ်။ ဒါပေမယ့် နောက်လတွေဆက်တိုက် ဆက်ရောင်းပေးမှာဆိုတော့ လူတွေကိုယ်စီရသွားမယ်လို့ ထင်ပါတယ်"ဟု ဆင်းကတ်မဲပေါက်သူ အသက် ၅၀ အရွယ်အမျိုးသမီးတစ်ဦးက ပြောပြသည်။

မဲမပေါက်သူများနှင့် မလျှောက်ရသေး၍ ထပ်မံလျှောက်ထားသူများကို နောက်တစ်ကြိမ်ထွက်မည့် တန်ဖိုးနည်း ဆင်းကတ်များတွင် ထည့်သွင်း၍ မဲနှိုက်ပေးသွားမည်ဖြစ်ကြောင်း မြို့သစ် (က+ခ) ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောပြခဲ့သည်။

နန္ဒာဝင်း

ပန်းသီးစားသုံးခြင်း၏အကျိုး

နေပြည်တော် မေ ၂၅

ပန်းသီးစားခြင်းသည် ခန္ဓာကိုယ်အတွင်း ကိုလက်စထရော လျော့ပါးစေသည်။ နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်းတို့ဖြစ်ပွားမှုကို ကာကွယ်နိုင်စွမ်းရှိသည်။ ပန်းသီးတို့၏ အရောင်များကွဲပြားသော်လည်း ပါဝင်သည့် အာဟာရဓာတ်များမှာ တူညီကြသည်။ ပန်းသီးတစ်လုံးတွင် ဗီတာမင်အေ၊ ဗီတာမင်စီနှင့် အမျှင်ဓာတ်များ ကြွယ်ဝစွာပါဝင်သည်။ ပန်းသီးအခွံ၌လည်း အာဟာရဓာတ်များပါဝင်ခြင်းကြောင့် အခွံမခွာပဲ စားသုံးရမည်။ သို့ရာတွင် ပန်းသီးအစေ့၌ အဆိပ်အတောက်ဖြစ်စေသော ဂုဏ်သတ္တိများပါဝင်မှုကြောင့် အထူးသဖြင့် ကလေးငယ်များ မစားမိစေရန် ဂရုစိုက်ရမည်။

သွင်သွင်နဒီ

CNG Taxi **ရောင်းမည်**

ငွေကျပ် ၂၀၆ သိန်း၊ ၁င/…၊ Toyota ဖင်ကောက်၊ Manual Gear Engine 1.3

ဖုန်း-၀၉-၄၂၀၀၄၇၅၅၇

တစ်ဦးတည်းဖြစ်ကြောင်း

မတင်တင်ဝေ ၁၁/ကဖန(နိုင်)၀၆၈၂၂၅ စစ်တွေတက္ကသိုလ် ဥပဒေဌာနမှ (LL.B), (LL.M)ဥပဒေမဟာဘွဲ့ရ၏ဖခင် ဦးအောင်တင်စော(ကွယ်လွန်)နှင့် ဦးအောင်တင်စိုး(ကွယ်လွန်)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မတင်တင်ဝေ



ပြည်တွင်းသတင်း

MNL ပွဲစဉ်(၉)ကို ကြိုတင်ခံစားခြင်း

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန်　မေ　၂၃

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ကို ယခုတစ်ပတ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များ

ကမ္ဘောဇအသင်းသားများ

တွင် ပြန်လည်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မဟာသင်္ကြန်ကာလကြောင့် ပွဲစဉ်(၈)အပြီးတွင် ခေတ္တရပ်နားထားရာမှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။

ပွဲစဉ်(၈)အပြီးတွင် ကမ္ဘောဇအသင်းက ထိပ်ဆုံးမှဦးဆောင်နေပြီး ဇေယျာရွှေမြေအသင်းက ဒုတိယ၊ မကွေးအသင်းက တတိယ၊ လက်ရှိချန်ပီယံ ရန်ကုန်အသင်းက စတုတ္ထ၊ ဧရာဝတီအသင်းက ပဉ္စမ၊ နေပြည်တော်အသင်းက ဆဌမ၊ ဆောက်သမ်အသင်းက သတ္တမနေရာတို့တွင် ရပ်တည်နေသည်။ ယခုတစ်ပတ်ကစားမည့် ပွဲစဉ်(၉)တွင် ပရိသတ်အကြိုက်တွေ့နိုင်သည့် ပွဲကောင်းများပါဝင်နေပြီး ကမ္ဘောဇနှင့် ဇေယျာရွှေမြေ၊ နေပြည်တော်နှင့် ရတနာပုံတို့ တွေ့ဆုံနေလျက်ရှိသည်။ ကမ္ဘောဇအသင်းမှာ ရမှတ်(၁၇) မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး ဇေယျာရွှေမြေအသင်းက တစ်မှတ်လျော့ဖြင့် ဒုတိယနေရာမှ လိုက်နေသည်။ ကမ္ဘောဇအသင်းမှာ အဖွင့်ပွဲစဉ်တွင် ဆောက်သမ်အသင်းကို ရှုံးနိမ့်ပြီးကတည်းက ရှုံးပွဲမရှိအောင် ကစားထားသည့် အသင်းဖြစ်သည်။ ဇေယျာရွှေမြေအသင်းမှာ ထိပ်ဆုံးနေရာကို နှစ်ကြိမ်တိုင်ရယူနိုင်ခဲ့သော်လည်း အိမ်ကွင်း၌ မကွေးကို ရှုံး၊ အဝေးကွင်း၌ နေပြည်တော်ကိုသရေကျကာ ဒုတိယနေရာသို့ ဆင်းပေးခဲ့ရသည်။ ယခုပွဲကို ဇေယျာရွှေမြေ အသင်းခေါင်းဆောင် ဇော်လင်းထွန်းမှာ ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မည်မဟုတ်သော်လည်း ဇေယျာရွှေမြေအသင်းမှာ တောင်ကြီးမြေ၌ အစဉ်အလာကောင်းများ ပိုင်ဆိုင်ထားသည်။ ၂၀၁၁ ရာသီတွင် အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရအောင် ဇေယျာရွှေမြေတို့က ကစားနိုင်ခဲ့သလို ပြီးခဲ့သည့် ၂၀၁၂ ရာသီတွင်လည်း တစ်ဂိုးစီသရေကျခဲ့သည်။

NPT ကွင်းတွင် ရင်ဆိုင်ရမည့် နေပြည်တော်နှင့် ရတနာပုံအသင်းတို့ပွဲမှာလည်း စိတ်ဝင်စားစရာကောင်းသည်။ ရာသီကြိုပြင်ဆင်မှု ကစားသမားကောင်းတွေကို ငွေကြေးများစွာအသုံးပြုပြီး ခေါ်ယူခဲ့သော်လည်း ရလဒ်ပိုင်းက ကျဆင်းနေသည့် ရတနာပုံအသင်းမှာ ပွဲစဉ်(၈)အပြီးတွင် အပြောင်းအလဲတစ်ခုကို ပြုလုပ်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်း၏ နည်းပြချုပ်ဟောင်း၊ MNL ကလပ် မကွေးအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့၏ နည်းစနစ်ဒါရိုက်တာဟောင်း ဦးတင်ဟန်ကို နည်းစနစ်အကြံပေးအဖြစ် ခန့်အပ်ထားသည်။ နိုင်ပွဲများ ဆက်တိုက်ပျောက်ဆုံးပြီး အမှတ်များလိုနေသည့် ရတနာပုံအသင်းအနေဖြင့် အိမ်ကွင်းမာကျောသည့် နေပြည်တော်အသင်းကို ဘယ်လိုရင်ဆိုင်မလဲဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။ နေပြည်တော်အသင်းမှာလည်း အဆင့်(၆)နေရာတွင် ရပ်တည်နေပြီး အိမ်ကွင်းရှုံးပွဲမရှိသေးသည့် အသင်းဖြစ်သည်။

ပွဲကြီးပွဲကောင်းများ ပါဝင်နေသည့် MNL ပွဲစဉ်(၉)တွင် ဘယ်အသင်းတွေ အောင်ပွဲခံမလဲ။ ဘယ်အသင်းတွေ ကျရှုံးမလဲဆိုတာ စောင့်ကြည့်ရင်ခုန်ရမည်ဖြစ်ပါကြောင်း။

ဇေယျာရွှေမြေအသင်းသားများ

ပွဲစဉ်(၉)

၂၆.၄.၂၀၁၃	ဧရာဝတီ-ဇွဲကပင်	အောင်ဆန်းကွင်း
၂၇.၄.၂၀၁၃	ကမ္ဘောဇ-ဇေယျာရွှေမြေ	ကမ္ဘောဇကွင်း
	နေပြည်တော်-ရတနာပုံ	NPT ကွင်း
၂၈.၄.၂၀၁၃	ရန်ကုန်-ဆောက်သမ်း	YUSC ကွင်း
	ရခိုင်-မကွေး	အောင်ဆန်းကွင်း
	ဟံသာဝတီ-မနောမြေ	သုဝဏ္ဏကွင်း

တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော်　မေ　၂၃

ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ အောင်လံမြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ နေပြည်တော်(လေဆိပ်)နှင့် ကန့်ဘလူမြို့တို့တွင် ၀ ဒသမ ၃၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

နေပြည်တော်　မေ　၂၄

တရုတ်နိုင်ငံ၌ H7N9 ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိပါသည်။ အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံသို့ ၎င်းရောဂါ ကူးစက်မလာစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဆောင်းခိုငှက်များနှင့် အိမ်မွေး၊ ကြက်၊ ဘဲ၊ ငုံးများ ဆက်စပ်ထိတွေ့မှုမရှိရေး ဂရုပြုဆောင်ရွက်ရန်။

(၂) ကြက်၊ ဘဲ၊ ငုံး စသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။

(၃) ကြက်ငှက်မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။

(၄) ကြက်ခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(၅) ကြက်၊ ငှက်၊ အသား၊ ဥ စသည်တို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်။

(၆) ကြက်ငှက်များ ရုတ်တရက်သေဆုံးကြောင်းသိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်းသတင်းပို့ရန်။

(၇) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန



အမြို့မြို့ အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။



ပျောက်ဆုံး

ကျွန်တော်ကျော်ဝင်းနိုင် Pass Post နံပါတ် M 870324 ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးရန် မေတ္တာရပ်ခံပါသည်။

ဖုန်း-၀၉-၄၂၁၀၅၆၃၂၅

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ကမ္ဘားဖြူကျေးရွာနေ
ဦးငွေမောင်-ဒေါ်ခင်သိန်းညွန့် တို့၏သား

ဗိုလ်ဝေယံဖြိုး

M.B.,B.S, D.S.M.A

ဘူးသီးတောင်မြို့

နှင့်

နေပြည်တော်၊ စံပယ်အိမ်ရာနေ
ဦးမြင့်ကြိုင်[အကြံပေးအရာရှိ၊ အင်ဂျင်နီယာချုပ်(စက်မှု)၊ ဆည်မြောင်းဦးစီးဌာန၊ နေပြည်တော်]-
ဒေါ်ငွေငွေ (ချယ်ရီမေ အမျိုးသမီးဘော်ဒါဆောင်၊ မိတ္ထီလာမြို့) တို့၏သမီး

မစောစန္ဒာမြင့်

A.G.T.I Mechanical Power, B.Sc(Physics)

တို့သည် ၁၂-၄-၂၀၁၃ရက် (သောကြာနေ့)တွင် နေပြည်တော်၊ မြတ်တော်ဝင်ဟိုတယ် (Meeting Hall)၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဝေယံဖြိုး-မစောစန္ဒာမြင့်

နိုင်ငံတကာအားကစားသတင်း

အဝေးကွင်းမှာ သက်ပြင်းချ ရင်မောခဲ့ရတဲ့ ရီးရဲမက်ဒရစ်

မိုးမြင့်လင်းလက်

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တွေကတော့ မမျှော်လင့်ထားတဲ့ရလဒ်တွေနဲ့အတူ ပရိသတ်တွေရဲ့ရင်ကိုဆွဲကိုင်လှုပ်ယမ်းစေခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာ့ထိပ်တန်းကလပ်တွေဖြစ်တဲ့အပြင် ကမ္ဘာကျော်ဘောလုံးသမားတွေနဲ့ ငွေကုန်ကြေးကျခံပြီး ဖွဲ့စည်းထားတဲ့ စပိန်ကလပ်တွေကို ဂျာမန်ကလပ်အသင်းတွေက ပြတ်ပြတ်သားသားချေမှုန်းဖြိုလှဲခဲ့ကြလို့ ချန်ပီယံလိဂ်မှာ အံ့အားသင့်စရာတွေ ဖြစ်လာတော့မလားဆိုတဲ့ အတွေးနဲ့ ပရိသတ်တွေရဲ့ရင်ထဲမှာ ဆူဝေစေခဲ့ပြီဖြစ်ပါတယ်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ရဲ့ ဒုတိယပွဲစဉ်အဖြစ် ဒေါ့မွန်နဲ့ ရီးရဲမက်ဒရစ်တို့ပွဲကို ဧပြီ ၂၅ ရက် နံနက်မှာ ယှဉ်ပြိုင်ကစားတဲ့အခါ ဒေါ့မွန်တိုက်စစ်မှူး လီဝမ်ဒေါစကီးရဲ့ ခြေစွမ်းအောက်မှာ ရီးရဲမက်ဒရစ်တို့ နစ်မြုပ်ခဲ့ရပါတယ်။

မော်ရင်ဟိုရဲ့ ရီးရဲမက်ဒရစ်ဟာ ဒေါ့မွန်ကို အဝေးကွင်းမှာ အနိုင်ရယူရေးကြိုးစားပြင်ဆင်လာခဲ့ပြီး တကယ်တမ်းကစားတဲ့အခါ နှစ်သင်းစလုံး တိုက်စစ်၊ ခံစစ်မျှအောင် ကစားခဲ့ပေမယ့် ပွဲအစ ၈ မိနစ်မှာပဲ ဒေါ့မွန်တိုက်စစ်မှူး လီဝမ်ဒေါစကီးရဲ့ အဖွင့်ဂိုးနဲ့ ဦးဆောင်ခြင်းကို ရီးရဲမက်ဒရစ်တို့ ကြုံတွေ့ခဲ့ရပါတယ်။

ရီးရဲမက်ဒရစ်ဟာ အဖွင့်ဂိုးသွင်းယူခံလိုက်ရလို့ ချေပဂိုးရရှိရေး စီရိုနယ်ဒိုဦးဆောင်တဲ့ တိုက်စစ်မှူးတွေ ကြိုးစားခဲ့ပေမယ့် အပိုအလိုဖြစ်မှုတွေနဲ့ ဘောလုံးဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့လို့ ချေပဂိုး ရုတ်တရက် ပြန်မသွင်းနိုင်ခဲ့ပါဘူး။ ပထမပိုင်း ပွဲပြီးချိန်နီးလို့ ၄၃ မိနစ်အရောက်မှာ တိုက်စစ်မှူး စီရိုနယ်ဒိုက ချေပဂိုးပြန်သွင်းယူနိုင်ခဲ့လို့သာ ပထမပိုင်းပွဲအပြီးမှာ တစ်ဂိုးစီဖြစ်နေခဲ့ပါတယ်။

ဒါပေမယ့် ရှေ့၊ လယ်၊ နောက် ဟန်ချက်ညီအောင်ကစားနိုင်တဲ့ ဒေါ့မွန်တို့ဟာ ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်ကို ဟန့်တားထိန်းချုပ်ရင်း တိုက်စစ်ဆင်ခဲ့ရာက ပွဲချိန် မိနစ် ၅၀ မှာ လီဝမ်ဒေါစကီးကပဲ တစ်ဂိုးထပ်မံသွင်းယူခဲ့လို့ ဒေါ့မွန်တို့ နှစ်ဂိုးရရှိခဲ့ပါတယ်။

ရီးရဲမက်ဒရစ်ဟာ ဒေါ့မွန်ရဲ့ စနစ်တကျဟန့်တားထိန်းချုပ်မှုကို ကျော်လွှားရင်း ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့ပေမယ့် ဒေါ့မွန်တိုက်စစ်မှူး လီဝမ်ဒေါစကီးကပဲ ပွဲချိန် ၅၅ မိနစ်မှာ တစ်ဂိုးထပ်မံသွင်းယူခဲ့တာမို့ သုံးဂိုးရရှိသွားခဲ့ပြန်ပါတယ်။ မော်ရင်ဟိုဟာ ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်နိုင်ရေး ကြိုးစားခဲ့ပေမယ့် မပီပြင်ခဲ့တဲ့အပြင် အိုဇယ်၊ ရာမို့စ်တို့သာ အဝါကတ်ပြသတိပေးခံခဲ့ရပါတယ်။ အဲဒီနောက် ပယ်နယ်တီအပေးခံခဲ့ရပြီး လီဝမ်ဒေါစကီးကပဲ ကန်သွင်းယူခဲ့လို့ ဒေါ့မွန်တို့ လေးဂိုးရရှိခဲ့ရာက ပွဲအပြီးမှာ လေးဂိုး-တစ်ဂိုးနဲ့ ရီးရဲမက်ဒရစ်တို့ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပါတယ်။ အဝေးကွင်းမှာ ရီးရဲမက်ဒရစ်တို့ မရှုမလှရှုံးနိမ့်ခဲ့တဲ့အတွက် ဒုတိယအကျော့အိမ်ကွင်းမှာ အပြင်းအထန်ကြိုးစားရမယ့်ကိန်း ဆိုက်သွားခဲ့ပြီဖြစ်ပါတယ်။ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့မှာတော့ စပိန်အသင်းတွေ ဂိုးပြတ်တွေရှုံးခဲ့လို့ ဒုတိယအကျော့ အိမ်ကွင်းတွေမှာတော့ ဘယ်လိုခြေစွမ်းတွေပြပြီး တုံ့ပြန်အောင်ပွဲခံနိုင်မယ်ဆိုတာတော့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

လီဗာပူးတိုက်စစ်မှူးဆွာရက်ဇ်အား အက်ဖ်အေက ၁၀ ပွဲပိတ်ပင်လိုက်ပြီ

လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်သည် ချယ်လ်ဆီးနောက်တန်းလူ ဘရန်နစ်စလက်အီဗန်နိုဗစ်အား ကုန်းကိုက်သည့်အမှုဖြင့် အက်ဖ်အေက ၁၀ ပွဲပိတ်ပင်လိုက်သည်။

ဧပြီ ၂၁ ရက်က လီဗာပူးနှင့် ချယ်လ်ဆီးတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်နေ့က ဆွာရက်ဇ်က အီဗန်နိုဗစ်အား ကိုက်ခဲ့ခြင်းဖြစ်သည်။ အသက် ၂၆ နှစ်ရှိ လီဗာပူးတိုက်စစ်မှူးက ချယ်လ်ဆီးနောက်တန်းကစားသမားအား တောင်းပန်ခဲ့သည်။ သို့သော်လည်း လီဗာပူးက ဆွာရက်ဇ်အား ဒဏ်ရိုက်ခဲ့သည်။ ဆွာရက်ဇ်အား ယခုလက်ကျန်လေးပွဲနှင့် လာမည့်ရာသီပွဲအစ ခြောက်ပွဲပိတ်ပင်သွားမည်ဟု ဆိုသည်။

ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲ ကမ္ဘာ့နံပါတ်တစ် ရာဖေးလ်နာဒယ်နိုင်

ကမ္ဘာ့နံပါတ်နှစ်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ကျင်းပလျက်ရှိသည့် ဘာစီလိုနာအိုးပင်းအဖွင့်ပွဲတွင် အနိုင်ရရှိခဲ့သည်။ သို့သော် ၎င်း၏ထိပ်တန်းပြိုင်ဘက် ဒေးဗစ်ဖာယာမှာ ပြိုင်ဘက်ကို ဆုံးရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ရာဖေးလ်နာဒယ်သည် အဖွင့်ပွဲတွင် အာဂျင်တီးနားမှ ကားလို့စ်ဘာလော့ကို ၆-၄၊ ၆-၂ ဖြင့်နိုင်ခဲ့သည်။ နာဒယ်သည် ဘာစီလိုနာအိုးပင်းဖလားကို ရှစ်ကြိမ်မြောက် ဆက်တိုက်ဆွတ်ခူးရန် ကြိုးစားလျက်ရှိသည်။ ၎င်း၏ပြိုင်ဘက်ဒေးဗစ်ဖာယာသည် မမျှော်လင့်ဘဲ ရုရှားမှ ဒီမစ်ထရီတာ ဆူနော့ကို ၇-၅၊ ၃-၆၊ ၆- ၁ ဖြင့် ရှုံးနိမ့်သွားခဲ့သည်။

တောရက်စ် ချယ်လ်ဆီးတွင် သုံးနှစ်ဆက်တိုက် ကစားမည်ဆို

ချယ်လ်ဆီးတိုက်စစ်မှူး တောရက်စ်က ၎င်းအနေဖြင့် ချယ်လ်ဆီးတွင် အနည်းဆုံး သုံးနှစ်ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အသက် ၂၉ နှစ်ရှိ စပိန်တိုက်စစ်မှူးတောရက်စ်သည် ၂၀၁၁ ခုနှစ်က ပေါင်သန်း ၅၀ ဖြင့် လီဗာပူးမှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ခဲ့ပြီး ၇၈ ပွဲပါဝင်ကစားရာတွင် ၁၄ ဂိုးသွင်းယူပေးခဲ့သည်။ တောရက်စ်သည် လီဗာပူးတွင် ၁၄၂ ပွဲကစားရာတွင် ၈၁ ဂိုးသွင်းယူခဲ့သည်။ ၎င်း၏ မူလကလပ် အက်သလက်တီကိုတွင် ၂၁၄ ပွဲကစားခဲ့ရာတွင်လည်း ၈၄ ဂိုး သွင်းယူခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က ချယ်လ်ဆီးနှင့်အတူ ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သည်ဟု ယခုနှစ်တွင်ယူရိုပါလိဂ်ဖလားဆွတ်ခူး ရန်မျှော်လင့်ထားသည်။

ကောင်းမြတ်သူ

မှူးဆယ်မြေကွက်ရောင်းမည်

မူဆယ်မြို့၊ ဟိုမွန်ရပ်၊ ဝေါက်လေ့ကျင့်ရေးကွင်းနှင့်လေယာဉ်ကွင်းဟောင်းအနီး ပေ(၇၀×၈၀)၊ ထောင့်ကွက်။
ဝယ်မည့်သူသာဆက်သွယ်ပါ။
ဖုန်း-၀၉-၅၁၅၉၈၉၃၊ ၀၉-၅၁၁၆၂၄၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး နယ်မြေအတွင်းမြို့နယ်များရှိ မူလတန်းဆင့်ကျောင်းသား၊ ကျောင်းသူများသို့ အခမဲ့ ဖြန့်ဖြူးထောက်ပံ့ပေးရန်အတွက် လိုအပ်သော ကျောင်းသုံးလေ့ကျင့်ခန်း ဗလာစာအုပ် ရိုက်နှိပ်ခြင်းလုပ်ငန်းကို အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

တင်ဒါပိတ်မည့်ရက် - ၂၀၁၃ခုနှစ်၊ ဧပြီ ၂၉ရက် နံနက် ၁၀နာရီ
တင်သွင်းရမည့်နေရာ - တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး၊ ၃၀×၆၈ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (တင်သွင်းရမည့်လျှောက်လွှာပုံစံကို တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးတွင် လာရောက်ထုတ်ယူရန်)

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုသည် ချယ်လ်ဆီးသို့ ပြန်လည်နည်းပြလုပ်ရန် သဘောတူညီထားပြီဖြစ်ကြောင်း မီဒီယာများကဖော်ပြသည်။
- ဘရာဇီးတိုက်စစ်မှူး အသက် ၂၁ နှစ်အရွယ်ရှိ နေမာအား ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်နှင့် ချယ်လ်ဆီးတို့က ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ ဖြင့် ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- မန်စီးတီးတောင်ပံကစားသမား စတော့ဆင်ကလဲယားအား ဖူလ်ဟမ်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၄ သန်းဖြင့် ခေါ်ယူရန် ကြိုးစားနေသည်။
- အာဆင်နယ်အသင်းသည် ဆီဗီလာအသင်းနောက်တန်းကစားသမား ဖာဇီရိုအား ခေါ်ယူရန်ဆွေးနွေးလျက်ရှိသည်။
- ဘေဆယ်အသင်းမှ နောက်ခံကစားသမားအသက် ၂၂ နှစ် အရွယ် ဒရာဂိုဗစ်သည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်သည်။

ပျောက်ဆုံးကြောင်း

ဦးချစ်ထွေး ၁၀/သထန(နိုင်)၀၄၂၇၉၃ ၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၇၂၀၄၄၉

အမည်ပြောင်း

ကျိုင်းတုံမြို့နေ ဦးဆန်နီ၏ သား မောင်ရန်နိုင်ထွန်း ၁၃/ကတန(နိုင်) ၁၅၃၈၆၇ အား ယနေ့မှစ၍ မောင်လင်းမိုးသစ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်လင်းမိုးသစ်

ပြင်ဦးလွင် အိမ်နှင့်ခြံ မြေရောင်းမည်

RC တစ်ထပ်တိုက်၊ ရေ၊ မီး၊ ဖုန်း ပရိဘောဂပြည့်စုံပါ။ ပတ်ဝန်းကျင်သန့်။ ဂရန် အမည်ပေါက် ပေ (၆၀×၈၀) ရပ်ကွက်ကြီး (၈)၊ နဝရတ်လမ်း၊ အမှတ် လ/---၊ ညိုနိုင်းဈေး။
စုံစမ်းရန် - ဖုန်း-၀၉-၄၉၃၅၂၇၅၆၊ ၀၉-၄၂၂၂၀၇၆၇၀

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဆိုင်ရာလုပ်ငန်းများ (Telecommunications and Information Technology) အား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် ပြည်တွင်း ကုမ္ပဏီ/အဖွဲ့အစည်းများသို့ ဆွေးနွေးညှိနှိုင်းရန် ဖိတ်ခေါ်ခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပြည်သူများ ဆက်သွယ်မှု အဆင်ပြေချောမွေ့စေရန် အစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် ကုမ္ပဏီ/ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းလိုပါသဖြင့် စိတ်ပါဝင်စားသည့် ပြည်တွင်းကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် ၂၉-၄-၂၀၁၃ ရက် ၁၀ နာရီတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် ၂၊ နေပြည်တော်သို့ ကုမ္ပဏီ/ အဖွဲ့အစည်းတစ်ခုလျှင် ကိုယ်စားလှယ်နှစ်ဦးစီ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ တက်ရောက်မည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းအား လုပ်ငန်းနှင့်စစ်ဆေးရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဖုန်း-၀၆၇-၄၀၇၀၅၆၊ ၀၉-၂၄၀၀၀၀၄၊ အီးမေးလ်- moesaung.agm@ mpt.net.mm သို့ ဆက်သွယ်ပေးပို့ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အမြတ်ရမှ ရောင်းမည်

တစ်သိန်းပဲထားလိုက်ပါ။

"မရလို့ပါ။ ဝယ်ရင်းဈေးက တစ်သိန်းရှိတယ်။ တစ်သိန်းတစ်သောင်း ထက်လျှော့ပြီး မရောင်းနိုင်ပါဘူး"

အရောင်းဆိုင် တစ်ဆိုင်ထဲတွင် ဝယ်သူနှင့် ရောင်းသူအပြန်အလှန် ပြောနေကြသည်။ ဝယ်သူက တစ်သိန်းနှင့် ဈေးဆစ်နေသည်။ ရောင်းသူက တစ်သိန်းရင်းထားရသည့် ပစ္စည်းဖြစ်ကြောင်း ရှင်းပြနေသည်။ ရောင်းသူသည် ရောင်းကုန်ပစ္စည်းတစ်ခုကို အမြတ်ရမှရောင်းပေးနိုင်မည်။ ရောင်းသူ၏ လောဘအလျောက် ဈေးတင်ရောင်းမည်။ တင်ထားသည့်အမြတ် နည်းခြင်းများခြင်းသာကွာမည်။ အရင်းဈေးအတိုင်း မည်သူမျှ ရောင်းပေးမည်မဟုတ်။ ရင်းထားရသည့်ငွေနှင့် ကာမိအောင် အမြတ်တင်မည်သာဖြစ်၏။

ရောင်းသူနှင့် ဝယ်သူတို့ပြောစကားကို ကျွန်တော်ကြားခဲ့ရသည်။ ထိုကြားလိုက်ရသောစကားက ကျွန်တော့်ကို အတွေးပွားစေပြီ။

ယနေ့ မျက်မှောက်ကာလတွင် အချို့နေရာ၊ အချို့ဌာနရှိ အချို့ဝန်ထမ်းတို့၏ ဝန်ဆောင်မှုတို့သည်ကား အရောင်းအဝယ် သဘောဆန်လွန်းလှ၏။ ဆောင်ရွက်ရမည့်ကိစ္စများတွင် ဆောင်ရွက်ပေးရမည့် တာဝန်ရှိသူအချို့သည် အရောင်းအဝယ်ဆန်နေဆဲဖြစ်သည်။ အနီး တာဝန်ရှိသူအချို့၏ အနီးတာဝန် လုပ်ပိုင်ခွင့်ရရှိရေးအတွက် ရင်းနှီး မြှုပ်နှံခဲ့ကြရသူများ ဖြစ်ပေမည်။ အနီးပုဂ္ဂိုလ်သည် ရင်းနှီးမြှုပ်နှံခဲ့ရသည့် အရင်းထက် အမြတ်အစွန်း ပိုမိုရရှိရန် မျှော်လင့်ချက်ဖြင့် ရင်းနှီး မြှုပ်နှံခြင်းအမှုကို ပြုခဲ့ကြခြင်း ဖြစ်ပေမည်။ ထိုအခါ ထိုပုဂ္ဂိုလ်သည် တာဝန်လုပ်ပိုင်ခွင့်ကို အမှီပြုလျက် အရင်းထက်ပိုသော အမြတ်ရရှိအောင် တွေးတောကြံစည်လျက်ရှိမည်။ အရင်းကျေရုံနှင့်မပြီး၊ အမြတ်ရဖို့ အရေးကြီးသည်မဟုတ်ပါလော။

တာဝန်အသီးသီးကို ဆောင်ရွက်လျက်ရှိသော တာဝန်ရှိအသီးသီးတို့အနက် အရင်းပြုပြီးမှ တာဝန်ရရှိလာသူများလည်း ရောနှောလျက်ရှိပေမည်။ အနီးရောနှော တာဝန်ရှိသူတို့သည်ကား တာဝန်နှင့် လုပ်ပိုင်ခွင့်တို့ အလွဲသုံးစားပြုရန် အကွက်ဆင်လျက်ရှိ၏။ အကွက်ဝင်သည်နှင့် အလွတ်မပေးတော့ပေ။ ထိုသူတို့နှင့် ကြုံတွေ့ရသူအားလုံးက ထိုသူတို့အား အကျင့်ပျက် ခြစားလောက်ကောင်များဟု ကင်ပွန်းတပ်ကြလေတော့၏။

သို့အကျင့်ပျက် ခြစားလောက်ကောင်များဟု ကင်ပွန်းတပ်ခံလိုက်ရသူများကို မည်သူက မွေးဖွားပေးခဲ့ပါသနည်း။ တာဝန်နှင့် လုပ်ပိုင်ခွင့်ရှိသော ဖောက်ပြန်သူအနည်းစုက မွေးဖွားသန့်စင်ပေးလိုက်ခြင်းဖြစ်၏။ တာဝန်နှင့် လုပ်ပိုင်ခွင့်ရှိသော ဖောက်ပြန်သူအနည်းစုသည်ကား အကျင့်ပျက် ခြစားလောက်ကောင်များ၏ မိရင်းဖရင်းများ ဖြစ်ကြကုန်၏။ တာဝန်နှင့် လုပ်ပိုင်ခွင့်ရှိသော ဖောက်ပြန်သူများရှိနေသ၍ အကျင့်ပျက် ခြစားလောက်ကောင်များသည်လည်း ရှိနေဦးမည်သာဖြစ်သည်။ အကျင့်ပျက် ခြစားလောက်ကောင်များသည် အရင်းထက်အမြတ်ရရှိရေးကို ကြံစည်ဆောင်ရွက်နေမည်ဖြစ်ရာ အကျင့်ပျက် ခြစားလောက်ကောင်များ ရှိနေသရွေ့ ကောင်းမွန်သော အုပ်ချုပ်ရေးသည် ပီပြင်ရန်ကြန့်ကြာနေဦးမည်သာဖြစ်၏။

စပါးဖျက်ပိုးသည် စပါးခင်းထဲက စပါးပင်တွင် ရှိနေသည်။ စပါးခင်းထဲတွင် ရှိသောစပါးပင်မှ စပါးဖျက်ပိုးကို မနှိမ်နင်းနိုင်ပါက စပါးတစ်ခင်းလုံးပျက်စီးမည်။ တခြားစပါးခင်းများသို့ပါ ကူးစက်ပျက်စီးမည်။ သို့ဆိုလျှင် စပါးခင်းထဲမှ ရှိနေသော စပါးပင်မှ စပါးဖျက်ပိုးကို အချိန်မီ နှိမ်နင်းရန်လိုမည်။ အချိန်မီ မနှိမ်နင်းနိုင်ပါမူ ထိုစပါးခင်းကို ပျက်စီးစေမည်သာမက အခြားစပါးခင်းများသို့ ပါကူးစက်ပျက်စီးမည်မှာ သေချာ၏။

စပါးဖျက်ပိုးနှင့်တူသော အကျင့်ပျက် ခြစားလောက်ကောင်များသည် စပါးခင်းမှ စပါးပင်နှင့်တူသော အသိုက်အဝန်းအတွင်း ရှင်သန်ကြီးထွားလျက်ရှိ၏။ စပါးခင်းနှင့်တူသော အသိုက်အဝန်းအတွင်းမှ စပါးဖျက်ပိုးနှင့်တူသော အကျင့်ပျက် ခြစားလောက်ကောင်များကို အချိန်မီ နှိမ်နင်းရှင်းလင်းနိုင်မှသာ ပိုးကင်းသော စပါးခင်းမှ အထွက်နှုန်းတိုးမြင့်လာမည်ဖြစ်သလို ရိုးသားသန့်ရှင်းသော အသိုက်အဝန်းအတွင်းမှ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်သည် ငွားငွားစွင့်စွင့် ပေါ်ထွန်းလာမည်မှာ သေချာပါဘိကောင်း။

ရေနံ့သာမောင်ကျော်ညွန့်

ပြည်တွင်းသတင်းနှင့်မှုခင်း

MRTV နှင့် MWD မကြည့်ကြရတာကြာ

မိုးညှင်း ဧပြီ ၂၅

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ထပ်ဆင့်လွှင့်စက်ရုံမှ ထုတ်လွှင့်လျက်ရှိသော MRTV မြန်မာ့ရုပ်မြင်သံကြားမှာ အဖြူအမည်း အစက်အပြောက်များဖြင့် ဝိုးတဝါးဖြစ်လိုက်၊ ရုပ်သံပျောက်လိုက်ဖြစ်နေသည်မှာ ရက်သတ္တတစ်ပတ်ကျော်လာပြီ ဖြစ်ပြီး ယခင်ကိုယ့်အားကိုယ်ကိုး ထပ်ဆင့်လွှင့်စက်မှ MWD မြဝတီရုပ်မြင်သံကြားကိုလည်း မရှုမြင်ရသည်မှာ ရက်ပေါင်းများစွာ၊ လများစွာ ကြာမြင့်ပြီဖြစ်သဖြင့် ရုပ်မြင်သံကြားကြည့်ပြည်သူတို့ အားမလိုအားမရဖြစ်ကာ MRTV နှင့် MWD ကိုမျှော်လင့်ချက်များစွာဖြင့် တောင့်တောင့်တတ ရှုမြင်ချင်ကြပြီဖြစ်သည်။

ရုပ်မြင်သံကြားပရိသတ် ပြည်သူအမျိုးသမီးနှစ်ဦးက "နိုင်ငံတော်ရဲ့ သတင်းထုတ်လွှင့်ချက်တွေ၊ မှတ်သားဖွယ်သုတတွေ၊ ယဉ်ကျေးမှုတွေ၊ ဖျော်ဖြေရေးတွေနှင့် နိုင်ငံတကာသတင်းတွေ တိုးချဲ့ထုတ်လွှင့်ပေးချိန်မှာ ဒီလိုပျက်နေတာမျိုး အကြာကြီး မဖြစ်သင့်ဘူး၊ အလျင်အမြန်ပြင်ဆင်ပေးသင့်ပါတယ်"ဟု ပြောကြားသည်။

(ဝ၆၃)

သစ်လုံးတင် တန်ပိုယာဉ်များကြောင့် တံတားကျိုး

ကလေး ဧပြီ ၂၅

ကလေးမြို့နယ် ချမ်းသာကြီးကျေးရွာနှင့်စခန်းကြီးကျေးရွာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ နောင်ဆော့တံတားသည် ဧပြီ ၂၄ ရက် နံနက် ၄ နာရီခန့်တွင် သစ်လုံးတင်ယာဉ် ခြောက်ဘီးကား ခေါင်းတိုကြောင့် ကျိုးကျပျက်စီးမှုဖြစ်ပွားခဲ့သည်။

(အပေါ်ပုံ)

ကားပိုင်ရှင် ခုံသာကျေးရွာအုပ်စုနေ ဦးညိုဝင်းသည် သစ်လုံး ရှစ်လုံး တန်အားဖြင့် ငါးတန်ခွဲရှိ သစ်လုံးများ တင်ဆောင်လာကာ ကလေး-တမူးလမ်းမဘက်မှ မောင်းနှင်လာခြင်းဖြစ်ပြီး ချမ်းသာကြီးကျေးရွာအဝင် နောင်ဆော့တံတားပေါ်အရောက်တွင် တံတားနှင့် ခံဝန်အားမမျှသောကြောင့် ကျိုးကျခြင်း ဖြစ်ပွားခဲ့သည်။

ပျက်စီးသွားသော တံတားသည် ၂၀၀၉-၂၀၁၀ ခုနှစ် ပတ်ဝန်းကျင်ခန့်က မြို့နယ်စည်ပင်နှင့် ပြည်သူပူးပေါင်းဆောက်လုပ်ထားခြင်းဖြစ်ပြီး တံတားအရှည်မှာ ပေ ၄၀ ခန့်ဖြစ်ကြောင်း သိရသည်။

သစ်လုံးတင် ယာဉ်များသည် ကလေး-တမူးလမ်းပေါ်ရှိ တန်ပိုဂိတ်ကြေးများကင်းလွတ်ရန်နှင့် ဘီးခွန်ခများ ကင်းလွတ်ရန်အတွက် ကျေးရွာချင်းဆက်လမ်းများမှတစ်ဆင့် ကလေးမြို့သစ်စက်များသို့ ပို့ဆောင်နေကြကြောင်း သိရသည်။ **သျှင်နေမင်း**

အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ဝေါ ဧပြီ ၂၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဆပ်သွားခြံကျေးရွာအနီး မိုင်တိုင်အမှတ် ၈၁/၄ တွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန Mobile Team-2 လရ-၂ ပူးပေါင်းအဖွဲ့သည် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်များအား ရပ်တန့်စစ်ဆေးရာ ဧပြီ ၁၀ ရက်က ယာဉ်အမှတ် ၇င/---- ယာဉ်ပေါ်တွင် ပစ္စည်းပိုင်ရှင် ဦးရဲမင်းစိုး ပိုင်ဆိုင်သော ဟန်းဆက်၊ Tablet အမျိုးပေါင်း ၁၅ မျိုး၊ အလုံးရေ ၁၆၁ လုံး ကာလတန်ဖိုးငွေကျပ် ၆၄၆၀၀၀၀ ၂၀၁၃(၅၉၃)ကို လည်းကောင်း၊ ဧပြီ ၂၀ ရက်တွင် ယာဉ်မောင်း ဦးဇော်သက်မောင်းနှင်လာသော ယာဉ်အမှတ် ၃င/---- ယာဉ်ပေါ်တွင်

(Beer Chang) ဖာ ၂၉၀၊ ကွဲရိုင်းအချိုရည်တစ်ဖာ ကာလတန်ဖိုးငွေ ၃၄၉၂၀၀၀ ကျပ်ကို လည်းကောင်း၊ ဧပြီ ၂၂ ရက်တွင် ယာဉ်မောင်း ဦးဝင်းနိုင်ဦး မောင်းနှင်လာသော ယာဉ်အမှတ် ၂က/---သည် Mobile Team အား ရှောင်ကွင်း၍ မောင်းနှင်လာခြင်းကို Mobile Team ညွှန်မှူးနှင့် ပူးပေါင်းအဖွဲ့မှ ရှောင်တခင်စစ်ဆေးရာ Singna beer ဖာ ၄၂၀ ကာလတန်ဖိုး ငွေကျပ် ၅၀၄၀၀၀၀ ကိုလည်းကောင်း၊ ဧပြီ ၂၃ ရက်တွင် ယာဉ်အမှတ် ၈င/---- ယာဉ်ပေါ်တွင် ပစ္စည်းပိုင်ရှင် ဦးကျော်ကျော်ဦး ပိုင်ဆိုင်သော Toshiba ရေခဲသေတ္တာ ၁၄ လုံး ကာလတန်ဖိုးငွေ ၄၂၀၀၀၀၀ ကျပ်ကို လည်းကောင်း အကောက်ခွန်မဲ့ စစ်ဆေးတွေ့ရှိရသည့်အတွက် အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

ဘုန်းသော်(ဝေါ)

ဘုရားဖူးယာဉ် လမ်းဘေးထိုးကျရာမှ ယာဉ်နောက်လိုက်သေဆုံး

ဇလွန် ဧပြီ ၂၅

ဇလွန်မြို့နယ် ရန်ကုန်-ဇလွန်ကားလမ်း မိုင်တိုင်အမှတ် ၂၈/၄ နှင့် ၂၈/၃ အကြား ရွာသစ်ကုန်းကျေးရွာအနီး၌ ဧပြီ ၁၄ ရက် နံနက် ၄ နာရီခွဲက ရန်ကုန်မှ ဇလွန်ဘက်သို့ ယာဉ်မောင်း အောင်ဝင်းထိုက်(၂၆ နှစ်) ထုံးဘိုရပ်ကွက် တောင်ကြီးမြို့နေသူ မောင်းနှင်သော ရွှေတောင်ရိုးဘုရားဖူးယာဉ်သည် ၎င်းလမ်းအတိုင်း မောင်းနှင်လာသည့်ဆိုင်ကယ်ကိုကျော်တက်စဉ် လမ်း၏ ဝဲဘက်သို့ထိုးကျပြီး သစ်ပင်နှင့်တိုက်မိ၍ ယာဉ်နောက်လိုက် မြဇော်ထက်(၂၈ နှစ်) အင်းစိန်မြို့နယ်နေသူမှာ သစ်ပင်နှင့်ကားကြား ညှပ်၍ ဦးခေါင်းပြားဒဏ်ရာရရှိ သေဆုံးသွားသည်။ အဆိုပါဘုရားဖူးယာဉ်ဖြင့် လိုက်ပါလာသူ ကျား ၂၅ ဦး၊ မ ၂၀ မှာ ထိခိုက်ဒဏ်ရာမရှိကြောင်း သိရသည်။ နံနက် ၁၀ နာရီတွင် ဒုရဲအုပ်ဇော်ထက်၏ တိုင်တန်းချက်အရ ဇလွန်ရဲစခန်းမှ ယာဉ်မောင်းအောင်ဝင်းထိုက်အား ဖမ်းဆီးအရေးယူထားကြောင်း သိရှိရသည်။

ပုသိမ်လှကြည်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။	သံချောင်းလုံး (အရွယ်စုံ)	၄၅၀.၉၁၆ တန်
၂။	တာယာ (အရွယ်စုံ)	၂၅၇၂ စုံ
၃။	ဘက်ထရီ (အရွယ်စုံ)	၁၆၅၀ လုံး

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၅-၄-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၃-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် ၄၃၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွက်Current Setting Board(2)Sets နှင့် Triggering Board(2)Sets ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၉၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်မည့်ရက်မှာ ၂၉-၅-၂၀၁၃ရက် ၁၆:၀၀နာရီထိ ဖြစ်ပါသည်။

မင်္ဂလာဆောင်ခြင်း

ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်ကိုင်းမြို့၊ ပါရမီရပ်နေ
ဦးသန်းမောင်-ဒေါ်တင်မြင့် တို့၏သား
ဗိုလ်ကြီးဇော်လင်းမောင် M.B.,B.S (DSMA)
နှင့်
ရန်ကုန်မြို့၊ အလုံမြို့နယ်နေ
ဦးသောင်းမြင့်-ဒေါ်သိန်းစိုး တို့၏သမီး
ဒေါက်တာသီရိလှိုင် M.B.,B.S
1st Year M.Med. Sc (Dermatology)
တို့သည် ၂၁-၄-၂၀၁၃ရက်တွင် Western Park Royal ၌ နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်၌ ဓမ္မစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

၉/၁၀တန်း
(Teaching and Guide)
ဘာသာစုံ အိမ်လိုက်သင်သည်။
(စာသင်နှစ် ၁၀နှစ်ရှိသော ဆရာမများ သင်မည်။) ဖုန်း-၀၉-၇၃၀၄၇၂၆၇

အမည်ပြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ အထက(ကဖြူ) ဆဋ္ဌမတန်း(က)မှ ဦးဝင်းလှိုင် ၉/ညဥန(နိုင်)၁၂၄၈၅၆၏သမီး မခင်ဖုန်းကျော့လှိုင်အား မကျော့ကျော့ဝင်းလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မကျော့ကျော့ဝင်းလှိုင်**

FOR SALE

2002 DIHATSU HIJET PICK UP , 660CC, 2WD, MT ပုံဟောင်း 53 LKS (ညှိ) 2007 MAZADA BONGO LIGHT TRUCK, DIESEL TURBO 2000CC, 850Kg, 2WD, AT, AC, PW, PS, 115 LKS (ညှိ)

ဖုန်း-၀၉-၇၃၀၃၃၇၁၄

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ (၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ သားဖြစ်သူ မောင်ပတ္တမြား ၇/တငန(နိုင်)၁၆၉၂၁၃သည် မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုးပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင် ဦးမြင့်အောင် (တောင်ငူ)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မိုးကုတ်မြို့၊ ရှောလီဝိုင်းရပ်ကွက်အုပ်စု၊ အောင်သာယာရပ်နေ ဒေါ်ဟီရာဒေဝီ၏သား မောင်ဒေဗီလာလ် ၉/မကန(နိုင်)၁၂၃၉၇၂သည် မိခင်နှင့် ဆွေမျိုးအသိုင်းအဝိုင်းမှ လက်မခံနိုင်သည့်ကိစ္စအား ပြုမူဆောင်ရွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဟီရာဒေဝီ ၉/မကန(နိုင်)၀၅၃၃၉၃

ကြော်ငြာ

မွန်မြတ်ဆေးခန်း

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

ရန်ကုန်မြို့၊ မော်လမြိုင်မြို့

လိပ်ခေါင်းရောဂါကုသခြင်း

- ဆေးကုသချိန် (၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- [illegible]

သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါ၊ သွေးထဲအဆီများသူများကုသခြင်း

- (၁)ရက် [illegible]
- (၇)ရက် [illegible]
- (၆)လ [illegible]

ဆီးချို၊ သွေးချိုရောဂါကုသခြင်း

- [illegible]
- [illegible]

အမှတ်(၅၅)၊ [illegible] ရန်ကုန်မြို့ Ph:01-225532,09 73171033

အမှတ်([illegible])၊ [illegible] မော်လမြိုင်မြို့ Ph : 09 401585945

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးသူ ကျောင်းသား/ကျောင်းသူများအတွက်

PRE-UNIVERSITY ORIENTATION TRAINING

MCC.i မှ ဖွင့်လှစ်မည့် နိုင်ငံခြားတက္ကသိုလ်ဘွဲ့များအတွက် အကြိုသင်တန်း

- B.Sc (Hons) Business IT ကွန်ပျူတာ သိပ္ပံဘွဲ့
- B.S.E အင်ဂျင်နီယာ သိပ္ပံဘွဲ့
- B.B.A စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့
- B.Tech - Computer Game Multimedia ဂိမ်းတီထွင် ထုတ်လုပ်မှုဘွဲ့

MCC Training Institute (MCC.i)

Yangon Campus	Yatanarpon Campus	Mandalay Campus	Naypyitaw Campus
Ph : 01-245762, 01-246634, 01-249152, 01-395512	Ph : 02- 5178112, 02-5178113, 02-5178130 02- 5178114	Ph : 02- 77930 09-402671562 09- 91034062,	Ph : 067 - 421617 Ext: 108, 067 - 421345

အဋ္ဌကထာဆရာကြီးပိဋကတ်တော်လှူဒါန်းကြစို့

အလှူရှင် ပါရာဇိကအဋ္ဌကထာကျမ်းစာအကြေးပိဋကတ်တော်အလှူရှင်များ -

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈/ဝေဘာဂီ၊ မြေကွက်အမှတ် ၃၄၇၊ မြေကွက်တည်နေရာအမှတ် ၃၄၇၊ ဝေဘာဂီလမ်းမကြီး၊ ၈/ဝေဘာဂီ၊ မြောက်ဥက္ကလာပမြို့နယ် ဦးမျိုးအောင်(ခ) စောချင်ဝေါ် ၁၂/ဥကမ(နိုင်)၁၅၁၀၅၁ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးမျိုးအောင်(ခ)စောချင်ဝေါ်ကွယ်လွန်သဖြင့်ဒေါ်ခင်လှဝင်း(ခ)ဒေါ်ရှုလွမ်း၁၂/ဥကမ(နိုင်)၁၅၁၀၅၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်း(တောင်)၊ အကွက်အမှတ် ၈၂/၈၆၈မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်သူ ဦးစောထွန်းတင် ၁၃/လလန(နိုင်)၀၄၅၈၂၈ က ဆက်စပ်စာချုပ်များအရ ဝယ်ယူ၍ ယခုပိုင်ဆိုင်သူ ဒေါ်ဌေးလွင် 5/OKA-074321 ထံမှ ကျွန်တော် မောင်ပင်းပင်း ၁/မကန (နိုင်) ၀၀၁၈၉၈မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေချထားသည်ဖြစ်သဖြင့် ထိုအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မောင်ပင်းပင်း ဖုန်း-၀၉-၈၆၂၃၂၉၁
အမှတ် ၁၀၀၆၊ ရဲတံခွန်တာဝါ၊
ကြည့်မြင်တိုင်မြို့နယ်

လောကတွင် ခေတ်လူငယ်တို့သည် မိမိတို့အကြောင်းဖော်ပြချက် ... [illegible]

မောင်ညီညီ(က-စ-လ)၏ ဒုတိယမြောက်

နို့သားရွှင်းထက် မြတ်ဘြေသာရက်

နှင့် အခြားဝတ္ထုတိုများ

(ဝတ္ထုတို - ၁၃ ပုဒ်၊ စျေးနှုန်း - ၁၂၀၀ ကျပ်)

"အာရှူဘာက်သကောင်းကောင်းစာပေ" အမှတ်(၂၄)၊ လမ်း(၃၀) ရန်ကုန်မြို့ ဖုန်း-[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၈၊ဒက္ခိဏသီရိအလယ်ရပ်လမ်း၊ မြေကွက်အမှတ် ဒ-၃၁၁၃၀ ၊ မြေဧရိယာ ဧကရှိ မြေကွက်မှာ ဒေါ်ဌေးဌေး(ခ)ငွေဌေး(ဘ) ဦးထွန်းမောင် ၁၂/လကန(နိုင်)၀၇၁၂၅၁အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသောမြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ဌေးဌေး(ခ)ငွေဌေး(ဘ)ဦးထွန်းမောင် ၁၂/လကန(နိုင်)၀၇၁၂၅၁မှ အထက်ဖော်ပြပါမြေကွက်အားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ချို ၁၄/ဟသတ(နိုင်)၀၆၁၅၁၀**

၁၀၂၀(ခ)၊ ကင်းဝန်မင်းကြီးလမ်း၊ (၁၈)ရပ်ကွက်၊ လှိုင်သာယာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာ၊ ကွင်းအမှတ် -၉၈၈က°၊ ဦးပိုင်အမှတ် ခ/၈၆/၂၄၊ အကျယ်အဝန်း ပေ၈၀× ပေ ၁၂၀ ရှိ မြေကွက်နှင့် ပတ်သက်၍

ကန့်ကွက်နိုင်ပါသည်

အထက်ဖော်ပြပါ မြေကွက်ကို ရောင်းချခွင့်ရှိသည်ဟုဆိုသူ ဦးလှကြိုင် ၁၂/လကန(နိုင်) ၁၀၇၅၂၁ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စောသီရိစန္ဒာမွန်သည် ရောင်းဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့် ပတ် သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို (LL.B, D.B.L) — **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၄၄)**

ဒေါ်သီတာအောင်(အင်းတကော်)LL.B — **အထက်တန်းရှေ့နေ(စဉ်-၃၀၂၁၉)**

အမှတ်-၃၊ ၃၄လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၇၃၀၇၁၉၈၅၊ ၀၉-၇၃၁၇၀၀၇၆

မင်္ဂလာတိုက်ကျောင်းရွေကျုံတိုက်ကြီး[illegible] ကြားဘောရရှိကွက်၊ ဖေါင်း ဖုန်း -၅၄၈၈၀၅၊ ၀၉ ၅၁ ၅၅၂၈၊ ၀၉ ၄၉၃ ၁၆ ၂၈၃

ဂုဏ်ထူးပန်းခင်း

8-9-10

ရှယ်ဝိုင်း / နေ့တက်ဘော်ဒါ

နှစ်လုံးပေါက်တန်းခွဲများ

6.5.2013 စမည်

[illegible]

09-5118647,73009869,73077351

မြန်မာစာ
[illegible]
အင်္ဂလိပ်စာ
[illegible]
သင်္ချာ
[illegible]
ဓာတုဗေဒ
[illegible]
ရူပဗေဒ - ဇီဝဗေဒ
ဇီဝဗေဒ
[illegible]
ဘောဂဗေဒ
[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ ၊ ပုဇွန်တောင်မြို့နယ် ၊ (စ) ရပ်ကွက် ၊ ယုဇနလမ်း၊ အမှတ် (၃၃) ဟုခေါ်တွင်သည့် နှစ်ခန်းတွဲ (၆) ထပ်တိုက် [illegible] (ဓမ္မ-ထပ်) တိုက်ခန်း ကို ဝယ်ယူပိုင်ဆိုင်ထားပြီး ၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ - ဒေါ်[illegible] (၁၂/မဂဒ(နိုင်)[illegible]) ထံမှ ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းဖြင့် ယခုကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ၊ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း၊ ကန့်ကွက်ခြင်းမရှိပါက ၊ ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦး[illegible] တရားလွှတ်တော်ရှေ့နေ (စဉ်-[illegible])

အမှတ်(၆၆) [illegible] ၊ [illegible] ၊ [illegible]

ဖုန်း-[illegible] ၊ ၀၉ ၅၁၀၅၇၂၅

"အများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ၂၉ ရပ်ကွက် [illegible]

[illegible]

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဘိုဘိုဇော် C.D.C အမှတ် ၅၉၁၆၇ ၏ E.D.H လက်မှတ်မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၅၀၇၇၆၉၁

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၉၇၃၈ Honda Dream ND 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထိုက်လွင် ၆/ကစန(နိုင်) ၀၇၅၄၇၄ ၏ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၀၊ မြေကွက်အမှတ် ၇၇၄/ခ အမည်ပေါက် ဦးမြသင်းနိုင် ကေအိပ်ချ်ယူ-၀၀၇၁၇၉ ၏ ဇနီးဖြစ်သူ ဒေါ်ချိုချိုမာ တီကေအေ-၀၅၂၉၄၂ က မြေပါမစ်ပြုလုပ်ပေးပါရန် တင်ပြလျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ၁၅ ရက်အတွင်း ဤဦးစီးဌာန၊မြေယာရုံးခွဲ(၁၂)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း၊ အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်၊ မြေကွက်အမှတ် ဒ-၃၁၀၇၃ ရှိ မြေကွက်မှာ ဒေါ်နီလာအောင် (ဘ) ဦးထွန်းအောင် ၉/မနတ(နိုင်)၀၃၀၆၀၄ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်နီလာအောင် (ဘ) ဦးထွန်းအောင် ၉/မနတ(နိုင်)၀၃၀၆၀၄ က အထက်ဖော်ပြပါ မြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ယုယုခိုင် ၁၄/ဟသတ(နိုင်)၂၀၉၂၆၃
၁၀၇၃(က)၊ ကင်းဝန်မင်းကြီးလမ်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ် ဒ-၃၂၅၀၈ ရှိ မြေကွက်မှာ ဦးစိုးအောင် (ဘ) ဦးသိန်းကျော် ၉/လဝန(နိုင်) ၁၂၀၆၄၄ အမည်ဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှချထားပေးသောမြေကွက် ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးစိုးအောင် (ဘ) ဦးသိန်းကျော် ၉/လဝန(နိုင်)၁၂၀၆၄၄ က အထက်ဖော်ပြပါ မြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မြင့် ၁၂/ရကန(နိုင်)၀၀၈၈၄၅
၁၈(ခ)၊ သီရိမင်္ဂလာလမ်းသွယ်၊ ရွာမအရှေ့၊
အင်းစိန်မြို့နယ်

မီးဘေးရှောင် မလောင်ခင်တား

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မန္တလေးကွန်ပျူတာတက္ကသိုလ်

မန္တလေးကွန်ပျူတာတက္ကသိုလ်၏ သတ္တမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးကွန်ပျူတာတက္ကသိုလ်မှ ၂၀၁၃ခုနှစ်တွင်အောင်မြင်သော Ph.D(IT) သင်တန်းနှင့် ၂၀၁၂ခုနှစ်တွင် အောင်မြင်ခဲ့သော B.C.Sc(Hons:)/B.C.Tech (Hons:)ဘွဲ့သင်တန်း၊ B.C.Sc/B.C.Tech ဘွဲ့သင်တန်းများမှ သင်တန်းသား သင်တန်းသူများအတွက် မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် သက်ဆိုင်ရာကွန်ပျူတာ တက္ကသိုလ်များတွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် သုံးလအတွင်း ရိုက်ကူးထားသော (၂×၁½)လက်မအရွယ် ဓာတ်ပုံသုံးပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၁၃ခုနှစ် မေ ၆ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀၀/-(ကျပ်တစ်သောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို မန္တလေးကွန်ပျူတာတက္ကသိုလ် ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များက ပထမဘွဲ့ယူပြီး ယခုနှစ်အတွက် ဘွဲ့လွန်ယူရန် လျှောက်ထားသူများသည် မူလဘွဲ့လက်မှတ်မိတ္တူကို ပူးတွဲတင်ပြ လျှောက်ထားရမည်။

၅။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို တစ်နှစ်ကြာမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal money order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း**ဟု ဖော်ပြပြီး မန္တလေးကွန်ပျူတာတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့် လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့်ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

မော်ကွန်းထိန်း
မန္တလေးကွန်ပျူတာတက္ကသိုလ်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမှတ်(၃၈)၊ မြသီဂီလမ်း၊ (၃)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ (ဦးလှဝင်း)-ဒေါ်အေးဝင်း၏ တစ်ဦးတည်းသောသား

မောင်ဝင်းထူး B.A English 2nd အင်ဂျင်နီယာ (M.O.T)
မြန်မာ့ကြယ်ငါးပွင့်

နှင့်

ပဲခူးတိုင်းဒေသကြီး၊ ဓိုးကုန်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ ရွှေတောင်တက် ၁လမ်းနေ ဦးမြင့်အောင်-ဒေါ်ဖြူဖြူ(ပန်းဖြူစတိုး) ရွှေမြန်မာရေခဲမုန့်တို့၏သမီး

မဖြူသက်နွယ် B.A Music

တို့သည် ၂၂-၄-၂၀၁၃ရက်တွင် နှစ်ဖက်သောမိဘနှင့်ဆွေမျိုးများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ဝင်းထူး B.A English 2nd အင်ဂျင်နီယာ-မဖြူသက်နွယ် BA Music

---

အမည်ပြောင်း

ဦးမြင့်စိုး၏သား အထက(၄) သတ္တမတန်း(A) တောင်ဒဂုံမှ မောင်ဆက်ပိုင်စိုးအား ယနေ့မှစ၍ မောင်ဆက်လင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဆက်လင်းထက်

အမည်ဖြည့်စွက်ခြင်း

ဖေဖော်ဝါရီလ ကုန်သွယ်မှုပမာဏများ တိုးတက်မြင့်မားခြင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်သွယ်မှု မူဝါဒဆိုင်ရာများ၊ အခွန်အခဆိုင်ရာ ကိစ္စရပ်များအပေါ်တွင် ဖြေလျှော့မှုများစွာ ပြုလုပ်ပေးခဲ့ခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်ရေးအတွက် (Mobile Team)အဖွဲ့၏ ပညာပေးတားဆီးဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ခြင်း၊ တစ်ပိုင်တစ်နိုင် ကုန်သွယ်မှုပြုလုပ်လိုသူများအတွက် တစ်ဦးတည်းပိုင် ထုတ်ကုန်/သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်ကတ်များ (Individual Trading Card) ခွင့်ပြုဆောင်ရွက်ပေးခဲ့ခြင်းများကြောင့် ရာနှုန်းပြည့်ကျော်ခဲ့ခြင်းဖြစ်ပြီး မတ်လ၏ ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ သန်း ၁ ဒသမ ၇၈၉ သန်းသာရှိခဲ့ပြီး ၆၇ရာခိုင်နှုန်းမျှသာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ဖေဖော်ဝါရီလနှင့် နှိုင်းယှဉ်ကြည့်သော် ကုန်သွယ်မှုပမာဏမှာ များစွာလျော့နည်းကျဆင်းသွားခဲ့သည်။

မတ်လ၏ ကုန်သွယ်မှုပမာဏများ လျော့နည်းကျဆင်းသွားရခြင်း၏ အဓိကအကြောင်းရင်းမှာ တရားမဝင်နည်းလမ်းများဖြင့် ပြန်လည်ကုန်သွယ်မှုများနှင့် တမူးနယ်စပ်မြို့၏ စားသုံးသူ အကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက် ထိန်းချုပ်ရေးအဖွဲ့ (Mobile Team) အား ဒေသန္တရ အခြေအနေများကြောင့် ယာယီရပ်ဆိုင်းထားခဲ့သဖြင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံးသည် တရားဝင်လမ်းကြောင်းပေါ်မှ အခွန်အခပေးဆောင်ပြီး သွားလာမှုနည်းပါးလာပြီး ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်တွင် တရားမဝင်ကုန်သွယ်မှုများ ရောင်ကွင်းလမ်းများနှင့် အဆင့်ဆင့်သော တရားမဝင်အဖွဲ့အစည်းဂိုဏ်းများနှင့် သယ်ဆောင်သွားလာနေမှုများကြောင့် ကုန်သွယ်မှုပမာဏများ လျော့နည်းကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

နယ်စပ်ကုန်သွယ်မှုတွင် အဓိကအားဖြင့် နယ်စပ်ဒေသတွင်ရှိသော ပြည်သူများစားသုံးရန်နှင့် သုံးစွဲရန်အတွက် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ တင်ပို့ရောင်းချမှုများသာ များပြားကြောင်း တွေ့ရှိရသည်။ တင်ပို့သည့် အဓိကကုန်ပစ္စည်းများမှာ ကွမ်းသီးအစိုအခြောက်၊ မုန်ညင်းစေ့၊ ငါးလေးခြောက်တို့ဖြစ်ပြီး စားသောက်ကုန်၊ လူသုံးကုန်၊ ဟင်းသီးဟင်းရွက်များနှင့် တရုတ်နိုင်ငံလုပ် ရှူးဖိနပ်၊ အဝတ်အထည်၊ အနွေးထည်၊ လျှပ်စစ်ပစ္စည်းမျိုးစုံ၊ ဓာတ်ဘူး၊ ပန်းကန်များ၊ ပလတ်စတစ်ကော်ပစ္စည်းများနှင့် မုံရွာနယ်ဒေသမှထွက်ရှိသော မုံရွာစောင်၊ ဂွမ်းကပ်၊ မွေ့ရာ၊ ခေါင်းအုံးများနှင့် ဖယောင်းတိုင်မျိုးစုံများသည် နယ်စပ် နန်းဖာလုံဈေးမှ တစ်ဆင့် တစ်ဖက်နိုင်ငံ မိုးရေးမြို့သို့ လက်လီလက်ကားဖြန့်ချိ တင်ပို့ရောင်းချခြင်းသာဖြစ်သည်။

သွင်းကုန်ပစ္စည်းများ အနေဖြင့် တစ်နိုင်တစ်ဆွဲ တင်သွင်းမှုများပြီး စပျစ်သီးခြောက်၊ ကျားစီးဖိနပ်များ၊ ပွင့်ရိုက်စ၊ ချည်နိုင်လွန်အထည်များ၊ ဘယဆေး ကုန်ကြမ်းပစ္စည်းများ၊ ဘက်ထရီအိုး၊ အလှကုန်ပစ္စည်းများ၊ ရွှေရည်စိမ်လက်ကောက်၊ ပလတ်စတစ်လက်ကောက်၊ စတီးပန်းအိုးနှင့် ဆံပင်၊ တမူးလုံချည်ဟု လူသိများသည့် အိန္ဒိယနိုင်ငံလုပ် အမျိုးသမီးဝတ်လုံချည်၊ အိန္ဒိယပါတိတ်၊ ကျားဝတ်ပလေကပ်လုံချည်၊ စွပ်ကြယ်မျိုးစုံတို့ဖြစ်ကာ မုန့်ပဲသရေစာ(မုန့်ထုပ်အမျိုးမျိုး)၊ စွန်ပလွံယိုနှင့် အသားတုံးပါပလာများ တစ်ပိုင်တစ်နိုင် ဝယ်ယူတင်သွင်းကြပြီး ဂျုံမှုန့်နှင့်ဂျုံစေ့များလည်း ပြည်တွင်းဈေးကွက်အနေအထားအလိုက် တင်သွင်းမှုရှိကြကြောင်း တွေ့ရသည်။

နယ်စပ်ကုန်သွယ်မှုတွင် တမူးမြို့နယ်စပ် နန်းဖာလုံဈေးနှင့် အမယ်စုံကုန်ပစ္စည်းများသည် ကုန်သွယ်မှုလုပ်ငန်း၌ အဓိကကျနေပြီး နယ်စပ်ကုန်သွယ်မှုပမာဏ တိုးတက်မြင့်မားလာစေရန် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် တာဝန်ရှိအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပြီး ကုန်သွယ်မှုတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သောအခွန်အခများ တိုးတက်ရရှိလာမည့်အပြင် ကဘော်ချိုင့်ဝှမ်းမြို့တော် တမူးနယ်စပ်ဒေသသည်လည်း တိုးတက်စည်ပင်လာမည်ဖြစ်ပါသည်။

ဝင်းနိုင်(တမူး)

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

ရန်ကုန်မြို့လယ်ရောက် ပူစီဖောင်း

ဖော်ပြပါဓာတ်ပုံသည် ရန်ကုန်မြို့လယ်တစ်နေရာ၌ အိမ်နီးချင်းနိုင်ငံကြီးတစ်ခုမှ တင်သွင်းသော ဆေးပူဖောင်းအထုပ်များရောင်းချသည့်ဆိုင်တစ်ဆိုင်တွင် ဆေးပူစီဖောင်းကြီးတစ်လုံး မှုတ်ပြထားသည်ကို တွေ့ရခြင်းဖြစ်သည်။ **(မြန်မာနိုင်ငံသို့ ကလေးကစားစရာများ တင်သွင်းရာတွင် ဆေးပူစီဖောင်းကဲ့သို့ လေထဲတွင် ပျက်စီးသွားသည့် ကစားစရာပစ္စည်းများကြောင့် တစ်ဖက်နိုင်ငံသို့ တန်ဖိုးရှိသော နိုင်ငံခြားငွေများစွာ ပေးနေရသည်ကို သတိပြုဆင်ခြင်ဖွယ်ဖြစ်ပါသည်။)**

ဓာတ်ပုံ-မြင့်မောင်စိုး

ပန်းတောင်း၌ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်

ပန်းတောင်း ဧပြီ ၂၅

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာအချို့တွင် ဧပြီ ၂၂ ရက် ညနေ ၃ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် ညောင်ပင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းရှိ သွပ်မိုးများလွင့်ကျပြီး နေအိမ်အချို့ ပျက်စီးခြင်း၊ ရေကျော်ကျေးရွာအုပ်စု လယ်တီကွက်သစ်တွင်လည်း နေအိမ်များ ပြိုကျပျက်စီးခဲ့သည်။

ထို့အတူ ပုသိမ်-မုံရွာကားလမ်းမကြီး မိုင်တိုင်အမှတ် ၁၇၂/၆ နှင့် ၁၇၆/၃ အတွင်း သစ်ပင်များပြိုလဲခြင်း၊ ပြုတ်ကျခြင်းတို့ကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပေါ်ကာ ယာဉ်သွားလာမှု ခေတ္တအခက်အခဲကြုံတွေ့ခဲ့ရသည်။

အဆိုပါလမ်းပိတ်ဆို့မှုဖြစ်သော သစ်ပင်များကို တာဝန်သိဒေသခံပြည်သူများနှင့် သက်ဆိုင်ရာ မော်တော်ယာဉ်ဝန်ထမ်းများက သွားလာရေးလွယ်ကူစေရန် ဝိုင်းဝန်းဖယ်ရှားပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

နေဒူး

သတိပြုဖွယ် လျှပ်စစ်အန္တရာယ်

နေပြည်တော် ဧပြီ ၂၅

နေပြည်တော်၌ လမ်း၊ တံတား တိုက်တာအဆောက်အအုံ၊ ရေ မီး၊ လျှပ်စစ်တို့ကို နိုင်ငံတကာအဆင့်အတန်း စံချိန်စံညွှန်းတို့နှင့်အညီ အဘက်ဘက်မှ ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ တိုက်တာအဆောက်အအုံတို့သည်လည်း အရိပ်ရသစ်ပင်စားပင်တို့နှင့် ပန်းတင့်လျက်ရှိသည်။ သို့သော် ကြီးထွားလာသည့် အရိပ်ရသစ်ပင်တို့နှင့် လျော့ကျနေသည့် လျှပ်စစ်ကြိုးတို့ထိငြိနေသည့်အခါ လျှပ်စစ်အန္တရာယ် အလိုအလျောက်ဖြစ်ပွားပြီး အသက်အန္တရာယ်ကို ထိခိုက်လာစေနိုင်ပါတော့သည်။ ယခုအခါ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ဓမ္မာရုံရှေ့ပြည်ကြီးရတနာလမ်းတွင် လျှပ်စစ်သွယ်တန်းကြိုးများလျော့ကျပြီး အရိပ်ရအပင်များနှင့် ထိငြိလျက်ရှိနေကြသည်ကို တွေ့မြင်နေရသည်။ မိုးရာသီရောက်လျှင် အများပြည်သူတို့ အသက်အန္တရာယ်အတွက် စိုးရိမ်စရာပင်ဖြစ်သည်။

"ဒီလိုဖြစ်နေတာကို လွန်ခဲ့တဲ့နှစ်လကတည်းက အိမ်ရာကွပ်ကဲရေးရုံးကို သွားရောက်သတင်းပို့ ထားပါတယ်။ စိုးရိမ်လို့ အပင်ခုတ်ဖို့ကျတော့လည်း စည်ပင်ဥပဒေကိုနားမလည်တဲ့အတွက် မခုတ်ရဲဘူးဗျ။ မုတ်ကြိုကျောင်းနဲ့လည်း နီးတော့ ဒီလမ်းပေါ်သွားလာမယ့်ကလေးတွေ၊ ပြည်သူတွေအတွက် ကျွန်တော်စိုးရိမ်မိတယ်ဗျာ"ဟု ရပ်ကွက်နေ ပြည်သူတစ်ဦးက ရင်ဖွင့်စကားဆိုခဲ့သည်။

မင်းမင်းဇော်(ကလေး)

ကျောက်ကပ်ဝေဒနာရှင်များအတွက် ရေဝါးဆေးပင်(အစို) (အခြောက်) များကို ရရှိနိုင်ပါသည်။ဖုန်း-၀၉-၄၉၂၉၉၂၃၀

ဣသရမူလီ
ဣသရမူလီ ပျိုးပင်ပေါက်များ လက်လီ/လက်ကားရရှိနိုင်ပါသည်။
ဖုန်း-၀၁-၉၆၆၃၅၂၂

စာကြည့်တိုက်ဖွင့်မလား
စာအုပ်အသစ်အုပ်(၄၀၀)ကို ငွေတစ်သိန်းကျပ်ဖြင့် ပို့ပေးမည်။ ပုံပြင်၊ ဝတ္ထု၊ ဟာသ၊ ဘာသာရေး၊ ကာတွန်း၊ ရုပ်ပြ၊ ဗေဒင်၊ ဆေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သက်သာစုံလင်စေရမည်။ (မိုးမြင့်စာပေ)
ဖုန်း-၀၁-၅၄၃၁၄၃၊ ၀၁-၅၀၀၉၃၁

ကျွမ်းကျင်ယာဉ်မောင်း အလိုရှိသည်
အောက်ပါဖုန်းနံပါတ်တွင် စုံစမ်းပါ။ ဖုန်း-၀၁-၅၁၀၇၀၃

Peking Diary by Derk Bodde
ပီကင်း ဒိုင်ယာရီ
လူထုစိန်ဝင်း
ထုတ်ဝေရေး စာမဏီမော်ထွန်းစာပေ ဖုန်း-၀၁ ၃၇၅ ၁၇၇
ဖြန့်ချိရေး နှစ်ကာလများစာပေ ဖုန်း-၀၉-၇၃၀၂၇၆၆၉

သက်ဆိုင်သူမြေရှင်သိစေရန် အကြောင်းကြားခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ၉၁ လမ်း၊ အမှတ်(၄၆)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂-ကေ)၊ မြေကွက်အမှတ်(၁၇/အီး)မြေပေါ်တွင် နှစ်ခန်းတွဲ၊ နှစ်ထပ်အုတ်ညှပ်အဆောက်အအုံပေါ်တွင် ဆောက်လုပ်ထားရှိသော မြေညီထပ်(လက်ယာဘက်အခန်း)+ပထမထပ်(လက်ယာဘက်အခန်း)များနှင့် ၎င်းတိုက်ခန်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချသူများထံမှ ဝယ်ယူသူများက ဝယ်ယူပြီးစီးသော်လည်း ၎င်းမြေနှင့်ပတ်သက်၍ သက်ဆိုင်သူ မြေရှင်များကို မတွေ့ရှိပါ၍ ဤကြော်ငြာသည့်ရက်မှစ၍ ၎င်းမြေနှင့်သက်ဆိုင်သူ မြေရှင်များ အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ဆက်သွယ်အကြောင်းကြားပေးပါရန် ရိုသေလေးစားစွာဖြင့် ဝယ်ယူသူများဘက်မှ အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီနီရှိန်
၁၂/တမန(နိုင်)၀၃၀၁၇၈
အမှတ် ၃၆၂၊ လေးလွှာ(ဘီ)၊ ဗညားဒလလမ်း၊
ကျောက်ထက်ရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၅၀၄၃၇၄၈

မြေရောင်းမည်

ပုလဲမြို့သစ်၊ မင်္ဂလာဒုံ
(အမှတ် ၃လမ်းမအနီး)
ဂရန်အမည်ပေါက် ပေ(၁၀၀×၂၀၀)
ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၁၁၀၁၃၂၄၊ ၄၅၀၀၃၄၂၈၀

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်တရားမရုံးတော်၌
၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၂၅ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၁

ဒေါ်မို့မို့ရှိန်	နှင့်	ဦးဝေမင်းထွန်း
တရားနိုင်		**တရားရှုံး**

ဦးဝေမင်းထွန်း အမှတ်(၂၈၁/က)၊ အလယ်ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၄၂၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်စုံတစ်ရာရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၁၅ရက် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် မတ်၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၀/စီ)၊ မြေကွက်အမှတ် ၄၇၊ ဧရိယာ ၁ဒသမ၅၇၉ဧက၊ မြေကွက်တည်နေရာအမှတ် ၄၇၊ ကုန်းတလဘောင်ကျေးရွာ၊ ရွှေနံ့သာသစ်ခွရွာ(ဘားလား)ရှိ မြေကွက်ကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာ ရရှိထားသူ ဒေါ်ခင်အေးဝင်းညိုထံမှ ၂၅-၅-၂၀၁၂ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါက်တာဝင်းကျော် ၁၀/ခဆန(နိုင်)၀၂၂၇၃၀က နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄၊ မြေကွက်အမှတ် ၃၅၉+၃၆၀၊ မြေကွက်တည်နေရာအမှတ် (၃၅၉+၃၆၀)၊ ဖောင်ကြီးလမ်း၊ (၆၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးလှထွန်း P/RGN-၀၀၂၀၂၇ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးလှထွန်း ကွယ်လွန်သဖြင့် ဒေါ်ခင်ဆွေမြင့် ၁၂/တမန(နိုင်)၀၆၄၈၁၁က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည် အသက်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)
ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်တရားရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၉

ဦးတင်မောင်သန်း	နှင့်	ဦးဌေးဝင်း(ခ)လှိုင်ဝင်း
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင်ဖြစ်သော ဦးဌေးဝင်း(ခ)လှိုင်ဝင်း အမှတ် ၃၃၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ငွေကျပ်သိန်း ၁၈၀ ရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၁၅ရက် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၆ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သန်းဝင်း
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မော်ကျွန်းရောဆိပ်ခံတံတားအား ဖွင့်ပွဲမတိုင်မီ အသုံးပြုစေလို

မော်လမြိုင်ကျွန်း ဧပြီ ၂၅

တည်ဆောက်ပြီးစီးခဲ့သော လှည်းတန်းခုံးကျော်တံတားကို ဧပြီလဒုတိယပတ် သင်္ကြန်မတိုင်မီကာလအတွင်း ဖွင့်ပွဲအခမ်းအနားမကျင်းပရသေးသော်လည်း အများပြည်သူသွားလာမှုလွယ်ကူစေရန် ခွင့်ပြုခဲ့ကြောင်း သိရသည်။ သို့သော် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့သို့ ရေလမ်းခရီးဖြင့် သွားရောက်ရာတွင် ပုဂ္ဂလိက လူစီး- ကုန်တင်နှစ်ထပ်ရေယာဉ်များ မြို့အဝင်ဆိုက်ကပ်ရန် သတ်မှတ်ထားသည့် မဟာဗန္ဓုလလမ်း (၁)လမ်းထိပ်ရှိ မော်ကျွန်းရောဆိပ်ခံတံတား ၂၀၁၃ အမည်ရှိ ကွန်ကရစ်ဆိပ်ခံတံတားသစ်တွင် ဆိုက်ကပ်ခွင့်မပြုသည့်အတွက် (၂)လမ်းထိပ်ရှိ မြို့မှအထွက် နှစ်ထပ်ရေယာဉ်များ ဆိုက်ကပ်ရာ သံတံတားဆိပ်တွင် ဆိုက်ကပ်ခွင့်ပြုထားကြောင်း တွေ့ရသည်။

နေ့စဉ် အဝင်-အထွက် နှစ်စင်းစီရှိရာ ရန်ကုန်မှ ဝင်ရောက်သော သင်္ဘောစီး ခရီးသည်များအတွက် ကြားခံသင်္ဘော နှစ်စင်းမှ သုံးစင်းအတွင်းဖြတ်ကျော်ကာ လမ်းပေါ်သို့ တက်နေရသည့်အပြင် သက်ကြီးရွယ်အိုနှင့် အမျိုးသမီး၊ ကလေးသူငယ်များ သတိထား သွားလာနေကြရကြောင်း ရန်ကုန်မြို့နေ မော်လမြိုင်ကျွန်းဇာတိပြည်သူများက ပြောပြသည်။

ရှပ်ပြေးရေယာဉ်လိုင်းနှစ်လိုင်းအနက် တစ်လိုင်းတွင် ယခင်နှစ်များက ဆိုက်ကပ်ခဲ့သော တံတားတွင် မကပ်တော့ဘဲ ပြည်တွင်းရေကြောင်းဖောတံတားတွင် ပြောင်းလဲ၍ ဆိုက်ကပ်ပေးခဲ့သော်လည်း ယခုအခါ ယင်းဖောတံတားတွင်မကပ်ဘဲ တောရွာများ၌ တွေ့ရှိရသည့် ဝါးလုံးနှစ်လုံးစီကာ ကြက်ခြေခတ် သစ်သားပြားခင်းထားသော ကျေးရွာများရှိ ယာယီတံတားသဖွယ် တံတားမျိုးမှ အတက်အဆင်းပြုနေရသဖြင့် အခက်အခဲနှင့်တွေ့ကြုံနေရသည်ဟုဆိုသည်။

သို့ဖြစ်ပါ၍ မော်လမြိုင်ကျွန်းမှ ရေကြောင်းသင်္ဘောများဖြင့် စီးနင်းလိုက်ပါရာတွင် ဖွင့်လှစ်ခြင်းမပြုသေးသော ဆောက်လုပ်ပြီးစီးနေသည့် ကွန်ကရစ်ဆိပ်ခံတံတားကို ရန်ကုန် လှည်းတန်းခုံးကျော်တံတားကဲ့သို့ပင် ဖွင့်ပွဲမပြုလုပ်သေးသော်လည်း အသုံးပြုခွင့်ပေးစေလိုကြောင်း၊ ရှပ်ပြေးနှစ်ထပ် ယာဉ်လိုင်းတစ်လိုင်းနှင့် ယာယီသစ်သားပြားခင်း တံတားကို အသုံးပြုနေခြင်းကိုလည်း တားမြစ်ပေးစေလိုကြောင်း ဒေသခံများထံက သိရသည်။

လွန်ခဲ့သည့် လအနည်းငယ်က နိုင်ငံပိုင် သတင်းစာများတွင် မော်လမြိုင်ကျွန်းမြို့ရှိ ရှပ်ပြေးနှစ်ထပ်ယာဉ်လိုင်းနှစ်လိုင်းမှ တစ်လိုင်း၏ ဆိပ်ခံဖောတံတား ညံ့ဖျင်းမှုကြောင့် ခရီးသွားများရေထဲသို့ ပြုတ်ကျမှု ဖြစ်ပွားခဲ့သည်ကို ဖတ်ရှုခဲ့ရကြောင်း၊ ခရီးသွားများလုံခြုံမှုအတွက် အတက်အဆင်းတံတားများ ကောင်းမွန်ရေးလိုအပ်ချက်များကို ပြုပြင်ပေးရန် လိုအပ်ကြောင်း ခရီးသွားများက ပြောကြားသည်။

ဘေးချင်းယှဉ်ထပ် ရန်ကုန်ဆိပ်ကမ်းဖောတံတားများတွင် ဆိပ်ခံတစ်ခု၌ နှစ်စင်းထက်ပို၍ ဆိုက်ကပ်ခွင့်မပြုဘဲ ထိပ်တိုက်သာဆိုက်ကပ်ခွင့်ပြုရာ သင်္ဘောလေးစင်းလျှင် နှစ်စင်းသာ ထပ်၍ဆိုက်ကပ်လေ့ရှိပြီး သင်္ဘောတစ်စင်းနှင့်တစ်စင်း အနိမ့်အမြင့်မညီ၍ သင်္ဘောများပေါ်မှ ဖြတ်ကျော်အတက်အဆင်းပြုရာတွင် ခရီးသည်များ အန္တရာယ်ရှိနိုင်သည်ကို မြင်တွေ့ခဲ့ရသည်။

ခင်ဆိုင်

ပဲခူး အခြေခံသာမန်ပြည်သူတွေရဲ့ အိပ်မက် တကယ်ဖြစ်ပြီ

ပဲခူး ဧပြီ ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်သည် ကျေးရွာအုပ်စုပေါင်း ၃၃ အုပ်စု၊ မြို့ပေါ်ရပ်ကွက် ၃၁ ရပ်ကွက်နှင့် လူဦးရေသုံးသိန်းကျော်ရှိသည်။ ယခင်က လက်ကိုင်ဖုန်းတစ်လုံး ကိုင်တွယ်ပြောဆိုနိုင်ရန်မှာ သာမန်လူတန်းစားများအတွက် အိပ်မက်တစ်ခုသာဖြစ်ခဲ့ပြီး ယခုအချိန်မှာတော့ နိုင်ငံတော်အစိုးရက CDMA 800 Mobile Sim Card တစ်ခုကို ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချပေးခဲ့ရာ ပြည်သူများ အတိုင်းမသိ ဝမ်းသာနေကြသည်။ ဧပြီ ၂၄ ရက်တွင် ပဲခူးမြို့နယ်နေပြည်သူများအတွက် သက်ဆိုင်ရာတာဝန်ရှိသူများမှ Sim Card အရေအတွက် ၅၃၈၀ လုံးကို ပထမအရစ်အနေဖြင့် စနစ်တကျခွဲဝေပေးခဲ့သည်။ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများမှ မဲစနစ်ဖြင့် အိမ်ထောင်စုအလိုက် စနစ်တကျရောင်းချပေးခဲ့ရာ ပဲခူးမြို့ပေါ်ရှိ အိမ်ထောင်စုအများဆုံးနေထိုင်သော ရပ်ကွက်တစ်ခုဖြစ်သည့် နန်းတော်ရာ ရပ်ကွက်ရုံးတွင် ပြည်သူများအား Sim Card များကို စနစ်တကျ မဲနှိုက်ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

သန့်စင်

ကန့်ဘလူ – မြေထူး ကျောက်ချောခင်းခြင်းဆောင်ရွက်ပြီးစီး

ကန့်ဘလူ ဧပြီ ၂၅

မြို့ပြကျေးလက်ဒေသများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ဆက်သွယ်သွားလာရေး လွယ်ကူစေရန်နှင့် လူမှုရေး၊ စီးပွားရေး၊ ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်စေရေးအတွက် လမ်းများကိုပြုပြင်ခြင်း၊ မြေသား၊ ကျင်း၊ ကျောက်ချောခင်းခြင်းတို့ကို တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တင်ဒါယူ၍ ဦးမောင်ပိုမှ ကန့်ဘလူ-မြေထူးလမ်း (ဆိပ်ဖူးမြောင်-ဝါးရုံဘုတ်အဝင်) ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ ရက်၌ ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၅၇၈၅၀၀၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့၍ လမ်းအရှည် နှစ်မိုင်ရှိပြီး အကျယ် ၁၂ ပေရှိ ကျောက်ချောခင်းခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်ရာ ဒေသခံပြည်သူများ လွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်သည်။

(ဓါတ်ပုံ) **အောင်ဝင်းငြိမ်း**

ဟုမ္မလင်းမြို့နယ်၌ စာပေဟောပြောပွဲများကျင်းပမည်

ဟုမ္မလင်း ဧပြီ ၂၅

ဟုမ္မလင်းမြို့နယ်၌ စာရေးဆရာဦးဘုန်း(ဓာတု)နှင့် ဆရာမ ဒေါ်သန်းမြင့်အောင်တို့က ဧပြီ ၂၃ ရက်မှ ၂၆ ရက်အထိ လေးရက်တိုင်တိုင် စာပေဟောပြောပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၂၃ ရက်၊ ၂၄ ရက်များတွင် နောင်ပိုအောင် စံပြကျေးရွာ၌ လည်းကောင်း၊ ၂၅ ရက်တွင် နောင်တောကျေးရွာနှင့် ဧပြီ ၂၆ ရက်ညတွင် ဟုမ္မလင်းမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၁၇)**

ကြေညာချက်

မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ အကွက်အမှတ် ၂၆ လယ်တီ၊ ဦးပိုင်အမှတ် ၈-ခ၊ ဧရိယာ ၀ ဒသမ ၀၉၄ဧကရှိ ဘိုးဘပိုင်မြေနှင့် မြေပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ပိုင်ရှင်မှာ ကွယ်လွန်သူ ဒေါ်ခင်အုန်းမြင့်ဖြစ်ပါသည်။

ဒေါ်ခင်အုန်းမြင့် မကွယ်လွန်မီက စာချုပ်အမှတ် ၁၁၈/၁(၀၉)ဖြင့် ၂၈-၅-၂၀၀၉ရက်တွင် ဘဒ္ဒန္တပညိန္ဒအား အထက်ဖော်ပြပါမြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့၏ တစ်ဝက်တိတိအား သာသနာတော်သုံးရပ်အကျိုး ထာဝစဉ်ဆောင်ရွက်နိုင်စေရန် လှူဒါန်းခဲ့ပါသည်။

ဖော်ပြပါမြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့၏ ကျန်တစ်ဝက်မှာ ကွယ်လွန်သူ ဒေါ်ခင်အုန်းမြင့်၏အမွေကိုဆက်ခံသော ဆွေမျိုးသားချင်းများမှ ဆက်ခံကြပါသည်။

ဖော်ပြပါမြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့အား ဆရာတော် ဘဒ္ဒန္တပညိန္ဒမှ သာသနာတော်သုံးရပ်အကျိုးအတွက် ရောင်းချမည်ဖြစ်ပါ၍ သက်ဆိုင်သူများ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

လှိုင်းလှိုင်းမြတ်	ခိုင်ဝင်းသီ	သန်းသန်းအေး	သန်းထွန်း
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
စဉ်-၃၄၈၅၄	စဉ်-၃၂၃၅၈	စဉ်-၇၈၁၃/၁၀	စဉ်-၃၈၆၄/၈၆
ချမ်းမြသာစည်ရပ်၊	ရွှေသို့လမ်း၊	ရန်ကင်းလမ်း၊	ဗဟိုမီးသတ်တောင်ဘက်၊
မုံရွာမြို့။	သလ္လာအမှတ်(၂)ရပ်၊	ရန်ကင်းရပ်၊ မုံရွာမြို့။	ကျောက္ကာလမ်း၊
	မုံရွာမြို့။		အလယ်ရပ်၊ မုံရွာမြို့။
			ဖုန်း-၀၇၁-၂၃၆၀၁

လွှဲအပ်ညွှန်ကြားသူ
ဦးပြည့်စုံ
စိုင်ပြင်ကျေးရွာ၊ ဒီပဲယင်းမြို့နယ်

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝတ် ၁ လမ်း၊ အမှတ် ၂၈၊ ပေ(၄၀×၆၀) နှစ် ၆၀ဂရန်၊ ရေမီးအစုံ (ဆေးဝါးကျွမ်းကျင်တက္ကသိုလ်အနီး) ညှိနှိုင်းဈေးသိန်း ၉၀၀။ ဖုန်း-၀၉-၅၀၄၅၀၆၀၊ ၀၉-၄၂၀၁၇၆၃၆၀

အမည်ပြောင်း

ဦးမြင့်ရွှေ၏သမီး ညောင်ရွှေမြို့ အမက(၂)၊ စတုတ္ထတန်း(ခ)မှ မဖြူဖြူဝင်းအား ယနေ့မှစ၍ မအေးမြသန္တာဆွေဟု ပြောင်းလဲခေါ်ပါရန်။

မအေးမြသန္တာဆွေ

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၅ယ/၉၉၄၃၀ ဟွန်ဒါဒရင်း ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင်လှိုင် ၁၃/တကန(နိုင်)၁၉၉၁၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ တောင်ကြီး

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ တော်ဝင်လမ်း၊ သီရိရိပ်သာတာဝါ (I)၊ အခန်း (၆/စီ)ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းတစ်ခန်း၊ PA.PH၊ တယ်လီဖုန်းလိုင်း-၂၂၃၊ ၀၁-၆၅၁၆၂၈၊ အဲယားကွန်းသုံးလုံး၊ ကိုယ်ပိုင်ရေမီတာ၊ လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ကားပါကင် (Outdoor) ၆-C အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်စပ်လျဉ်း၍

အများသိစေရန် ကြေညာခြင်း

အထက်ပါ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးဇော်နိုင်ချို ၁၂/လမတ(နိုင်)၀၃၀၃၁၀၊ ဒေါ်ခင်စန္ဒာသော် ၁၂/အစန(နိုင်)၀၂၈၅၉၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ၁၃-၃-၂၀၁၃ရက်တွင် ကွန်ဒိုတိုက်ခန်းအရောင်းအဝယ် စရန်ပေးစာချုပ်ကို ချုပ်ဆိုခဲ့ပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းနိုင် ဒေါ်အေးပွင့်ဖြူ ဒေါ်ကြည်ကြည်ထွေး
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၁၇၊ လေးလွှာ၊ မလွှကုန်းလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၅၅၅၇၀

လုံးဝမသက်ဆိုင်တော့ပါကြောင်း

အောင်ကိုကိုဦး ၁၂/စခန(နိုင်) ၀၁၉၁၅၆ သည် ၂-၈-၂၀၁၂ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် ကျွန်မသိန်းသိန်းခိုင်နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

အမည်မှန်

ဦးမြင့်အောင် ၁၄/ကပန(နိုင်)၀၁၀၃၃၁၏ သမီး အထက ကျုံပျော် န၀မတန်း (A)မှ နန့်ပိုပိုထွန်း၏ အမည်မှန်မှာ နန့်ပိုပိုမြင့်အောင်ဖြစ်ပါကြောင်း။

နန့်ပိုပိုမြင့်အောင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ၉၁ လမ်း၊ အမှတ် ၄၆ ၏ ပထမထပ်(လက်ယာဘက်အခန်း)တိုက်ခန်းတစ်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ထွေး(ဘ)ဦးမင်း ၁၂/မဂတ(နိုင်)၀၇၀၇၅၅ထံမှ ကျွန်ုပ်က တိုက်ခန်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေဝယ်ယူထားပါသည်။ အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နီနီရှိန်
၁၂/တမန(နိုင်)၀၃၀၁၇၈
အမှတ်(၃၆၂)၊ လေးလွှာ(ဘီ)၊ ဗညားဒလလမ်း၊
ကျောက်ထက်ရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၅၀၄၃၇၄၈

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး နော်အယ်ဝါးဖော ၁၂/လကန(နိုင်)၁၆၈၆၂၄ သည် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၁၈-၄-၂၀၁၃ရက်မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အသိပေးအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-နော်ဖောထူး
ကျွန်းကုန်းတံခွန်တိုင်ကျေးရွာ
လှည်းကူး

ဝယ်လိုသည်

ရွှေပြည်သာမြို့နယ်ရှိ မြေတိုင်း C-၁၁၊ ၁၂၊ ၁၃၊ ၁၄။

လှိုင်သာယာမြို့နယ်ရှိ မြေတိုင်း ၂၂၊ ၂၃၊ ၂၈ ရှိ မြေကွက်များ ဝယ်လိုသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၂၀၃၁၉၅၀၂၊
၀၉-၄၂၀၇၃၁၆၄၆

ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၄-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ အချုပ်ပိုစာမျက်နှာ(ဆ)တွင် ပါရှိသော ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်နှင့်ပတ်သက်၍ အမှတ်စဉ်(၁၀) ဦးအောင်ငွေးဝင်း အမည်ဖြင့် လယ်ဧက ၈ ဒသမ ၀၉ ဧကဟု ဖော်ပြထားခြင်းအား ၈ ဒသမ ၉ ဧကဟုလည်းကောင်း၊ အမှတ်စဉ်(၁၆)ဦးဘသန်းအမည်ဖြင့် လယ်ဧက ၂၀ဒသမ ၃၂ ဧကဟု ဖော်ပြထားခြင်းအား ၉ ဧကဟုလည်းကောင်း၊ အမှတ်စဉ်(၁၉) ဒေါ်ကျင်မြ အမည်တွင် ဒေါ်ကျင်မြ(ဦးတင်ဝင်း)ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန် အသိပေးကြေညာအပ်ပါသည်။

ကြော်ငြာ

YANGON METAL INDUSTRY CO., LTD. မှ

ဘက်ထရီအိုးဟောင်းများဝယ်သည်

TOYO,GS,3K,YUASA,YUCON အမည်ပါသောအိုးများသာ

20 Ah (3400) ကျပ် NS100(80 Ah) (12600) ကျပ်
35 Ah (6900) ကျပ် 100 Ah (16100) ကျပ်
45 Ah (8000) ကျပ် N120PP(110Ah) (17200) ကျပ်
60 Ah (10300) ကျပ် 120 Ah (19500) ကျပ်
70 Ah (12000) ကျပ် 150 Ah (24100) ကျပ်
75 Ah (12600) ကျပ် 200 Ah (32200) ကျပ်

ကျွန်ုပ်တို့ဆိုင်ဘက်ထရီများနှင့်ပြန်လည်ဖြည့်တင်ထားသောဘက်ထရီများကို ကစျေးဖြင့်ဝယ်သည်။ ဈေးနှုန်းတည်မြဲရက် (၄) ရက် အတွင်းသာ၊ ကျွန်ုပ်တို့များ မဝယ်ပါ။

လွှင်ဘက်ထရီနှင့် ပလိတ်ပြား ရောင်းဝယ်ရေး
အမှတ်(က-၃၉)၊ အခန်း-၁၀၊ ဘုရင့်နောင်ဈေး ရန်ကုန်။ Ph:682268

YMI ➢ အမှတ်(၄၃၂)၊ ပြည်လမ်း ... မြို့နယ်၊ ... Ph:02-72761, 09-73501775
➢ အမှတ်(၆၃)၊ လေးထောင့်ကန်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-73132377
➢ အမှတ်(၃၀)၊ ... (၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ Ph: 09-73227623

သရ (ICT)
ပြုစုရေးသားသည်။

ကွန်ပျူတာနှင့် မကင်းသူတိုင်း ဒီစာအုပ်ဆောင်ထားရန်လိုပါမယ် ....



ကွန်ပျူတာဝါသနာပါရှိ အထူးပြုလေ့လာလိုသူများနှင့် ကျောင်းသား/သူများ မိမိလုပ်ငန်းတွင် ကွန်ပျူတာနှင့်မကင်းသူများ၊ ကွန်ပျူတာတစ်လုံးမှာ OS ၂ခု၊ ၃ခု ထည့်သုံးလိုသူများ၊ Security မြင့်ဆင်လိုသူများအတွက်ပါ။ ကွန်ပျူတာကို ပညာရှင်ဆန်ဆန်အသုံးပြုလိုသူများနှင့် အဆင့်မြင့်နည်းပညာ DOS Command, Registry, Group Policy, Script Program များနှင့် အခြားလေ့လာစရာများစွာကို လေ့လာပြီး လွယ်ကူစွာ ... ကွန်ပျူတာသုံးနိုင်မယ့် အသုံးများပါဝင်ပါတယ်။

Computer လျှင်မြန်အသုံးများနှင့် အဆင့်မြင့်နည်းပညာ

ဖြန့်ချိရေး
ပစ်တိုင်းထောင် စာပေ
အမှတ်(၃၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ... ပန်းဘဲတန်းမြို့နယ်။
ဖုန်း၊ ၀၉-၅၁၃၃၈၈၅၁၊ ၀၉-၅၃၂၂၅၆၆၆

ရွှေမိမာန်
အားတိုးဆေး

ကျားမတို့၏သဘာဝအား ကိုတိုးမြှင့်ပေးပြီးစားကောင်း အိပ်ပျော်လျက်ပိန်သူဝစေ ရှိ၊ဝသူများအတွက်သွေး တိုး၊လေငန်းရောဂါများ ကိုကာကွယ်ပေးပါသည်။ ဆေးဆိုင်တိုင်းမှာ ရောင်းပါ။
0311 YR 003633

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ... (၇)လမ်း(မြောက်)၊ အမှတ်(၅၇၁)... အကြောင်း ...

ဒေါ်မလာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆)
LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၂၄)လမ်းအောက်၊ အမှတ်(၃၈) မြေညီထပ်(ဝဲ) တိုက်ခန်းနှင့် တိုက်ခန်းတွင် တွယ်ကပ် တပ်ဆင်ထားသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏ မိတ်ဆွေများက ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်၏ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည် မဟုတ်ကြောင်းနှင့် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ရွှေနေဦးသင်ဇော်(မရမ်းကုန်း) (အဘိဓမ္မာစရ)
(စဉ်- ၉၂၂၇)
၀၉-၅၁၃၀၅၈၃၃၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ... ရပ်ကွက် ...

ဒေါ်သီရိဝင်း (စဉ်-၂၈၂၁၇) — ဦးအုန်းသန်း (စဉ်-၈၂၃၉)
LL.B, D.B.L — B.A(Geog), H.G.P, R.L, D.B.L)
အထက်တန်းရှေ့နေ — တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၀၃၀)၊ (၁၅)လမ်း(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၇၃၀၁၅၃၉၈၊ ၀၉-၅၅၀၀၈၇၅၆၊ ၀၁-၅၇၂၇၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ... မြို့နယ် ...

Win & Associates Legal Practitioner Group
ဖုန်း - ... P.C No.11182

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ် ...

LL.B,D.B.L,D.I.L, MA (Business Law),D.A.Psy

ပျောက်ဆုံးကြောင်း

မောင်ဆိုင်းလတ်ဒူ၏ နိုင်ငံကူး လက်မှတ်အမှတ် Passport Number A - 346576 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၇၀၀၄၆၄၂

စာလုံးပေါင်းအမှန်နှင့်အမည်မှန်

ဗဟန်းမြို့နယ်၊ အထက (၂)၊ နဝမတန်း(ခ)မှ ဖြေဆိုအောင်မြင်ထားသော ဦးခင်မောင်ဦး၏သား မောင်ရဲဝင့်ဟံ ၁၂/ဗဟန(နိုင်) ၁၀၃၃၃၈ မှာ စာလုံးပေါင်းအမှန်နှင့် အမည်မှန်ဖြစ်ပါသည်။
မောင်ရဲဝင့်ဟံ

ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၁၊ မြေကွက်အမှတ် ၁၀၀၇/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၀၇/ခ၊ ဇဋ္ဌိလ ၂လမ်း၊ ၁၆/၁ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် ဦးထွန်းရီ ၁၂/သဃက(နိုင်)၀၉၅၄၂၈ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းရီ (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ရင်နု ၁၂/သဃက(နိုင်) ၀၁၀၀၉၀က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၈၃၁/ခ၊ မြေကွက်တည်နေရာအမှတ် ၈၃၁/ခ၊ မြရည်နန္ဒာလမ်း၊ ၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးကျော်မြင့် CH-၀၀၃၁၈၀ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးကျော်မြင့်ကွယ်လွန်သဖြင့် ဒေါ်တင်မေက တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်တင်မေထံမှ GP No ၁၂၀၀/၂၂-၁-၁၃ ဖြင့်ရသူ ဒေါ်မဋ္ဌလူလင်းမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၂၃-သုဝဏ္ဏ၊ မြေကွက် အမှတ် ၃၅၉၊ မြေကွက်တည်နေရာအမှတ် ၃၅၉၊ ယင်းမာမြိုင်လမ်း၊ ၂၃ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် ဦးအေးမြင့် TME-၀၁၄၀၂၈ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးအေးမြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ကြူကြူဝင်း(ခ)ဒေါ်လွင်လွင်အောင် ၉/မနဖ(နိုင်)၁၁၉၅၃၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ဦးဝင်းမောင်ဝင်း
(၁၂/မဂဒ (နိုင်) ၀၀၃၇၁၈)
ဖုန်း-၀၉-၅၁၉၅၁၃၉၊ ၀၉-၇၃၂၅၅၅၂
၀၉ ၄၂၀၀၃၀၇၇
ဒေါ်မာမာသိန်း (LL.B)
တရားလွှတ်တော်ရှေ့နေ
... ဖုန်း- ၀၉ ၄၂၈၀၂၂၇၃၃

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/အီး၊ မြေကွက်အမှတ် ၁၇၄၊ မြေကွက်တည်နေရာအမှတ် ၄၀၊ ၁၆၅ လမ်း၊ တာမွေကြီး၊ (ခ)ရပ်ကွက်၊ တာမွေမြို့နယ် ဒေါ်မြသန်းအမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြသန်းနှင့်ခင်ပွန်း ဦးမျိုးညွန့်ကွယ်လွန်ပါသဖြင့် ၁။ ဒေါ်သန်းစိန် ၁၂/တမန(နိုင်)၀၆၄၀၄၇၊ ၂။ ဒေါ်ခင်မျိုးသန်း (ခ)ဒေါ်စိန်သန်း ၁၂/တမန(နိုင်)၀၆၆၅၀၄၊ ၃။ ဦးမျိုးလွင် ၆/ကသန(နိုင်)၀၀၃၁၀၈၊ ၄။ ဒေါ်တင်အေး ၁၂/ရကန(နိုင်)၀၁၂၉၆၈၊ ၅။ ဦးဝင်းသန်း ၁၂/တမန(နိုင်)၀၇၁၁၇၁၊ ၆။ ဒေါ်စန္ဒာကြိုင် ၁၂/တမန(နိုင်)၀၅၅၄၂၀၊ ၇။ ဒေါ်မာလာမျိုး ၁၂/တမန(နိုင်)၀၅၅၄၁၉တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၈စီ^၁၊ မြေကွက်အမှတ် ၄၀၊ မြေကွက်တည်နေရာအမှတ် ၄၇၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ် ဦးကိုကိုထွေးအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကိုကိုထွေး ၇/ရတရ(နိုင်)၀၇၄၈၂၀ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၃၀၁၂(၂၉-၇-၀၂)ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စန္ဒာအောင် ၁၂/မရက(နိုင်)၀၉၀၃၈၈ ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစိန်အေး ၁၄/ဖပန(နိုင်)၀၀၃၇၆၃က ၂၀၀၆ခုနှစ် အရောင်းမြေပုံကူး ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီမြေရှင်ဖြင့် ဆောင်ရွက်ခဲ့သော တိုက်ခန်းအား ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ကန်ထရိုက်တာဦးကျော်လှ CL-၁၄၀ ၁၂/တမန(နိုင်)၀၈၀၃၉၅(မှ) ဦးစိုးမြင့် EMDY-၃၁၂၈၅၇ (မှ)	ဦးမျိုးမင်းဦး ၁/မကန(နိုင်)၀၈၃၃၉၆	အမှတ်(၁၁၈/၁၂၀) သုံးလွှာ(ဝဲ+ယာ) ဆင်မင်းလမ်း၊အလုံ။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၅၉၈/ခ၊ မြေကွက်တည်နေရာအမှတ် ၅၉၈/ခ၊ ဝရဇာ ၅ လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးထွေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးထွေးကွယ်လွန်သဖြင့် ဒေါ်ခင်လှ ၁၂/ဥကတ(နိုင်)၀၆၀၀၈၄ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၂၁၇၊ မြေကွက်တည်နေရာအမှတ်၁၂၁၇၊ ဒေဝဒဟ ၃၄ လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးမြင့်စိုးအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမြင့်စိုးကွယ်လွန်သဖြင့် ဒေါ်မြင့်ကြည် ၁၂/ဥကတ(နိုင်)၁၅၄၅၃၁ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃ ကံဘဲ့၊ မြေကွက်အမှတ်၇/န-၂ ၏အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ် ၁၁၃၊ ဓနသိဒ္ဓိလမ်း၊(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် အိမ်ရာကွက်မြေအမည်ပေါက်မြေအား ဦးတောင်စွမ်မှ အရောင်းအဝယ်စာချုပ် ၆၂၀/က/၆၃(၃၁-၈-၆၃)ဖြင့် ဦးသာစိန်သို့ ရောင်းချခဲ့ပါသည်။ ဦးသာစိန်မှ အရပ်ကတိအရောင်းအဝယ်စာချုပ်၁၅-၆-၆၇ဖြင့် ဗိုလ်ကြီးမင်းဆွေအောင်သို့လည်းကောင်း၊ ဗိုလ်ကြီးမင်းဆွေအောင်ကွယ်လွန်သဖြင့် ၄င်း၏ဇနီးဖြစ်သူ ဒေါ်မြင့်ကြည်မှ အရပ်ကတိအရောင်းအဝယ်စာချုပ် ၁၉-၁၂-၂၀၁၁ ရက်စွဲဖြင့် ဒေါ်အိလွင်စိုး ၁၂/အလန(နိုင်) ၀၀၁၉၄၁ကပိုင်ဆိုင်လာပြီး စာချုပ်အဆက်အစပ်မိတ္တူ၊ ကျမ်းကျိန်လွှာမိတ္တူတို့တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ်၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက် အမှတ်၄၃၉/ခ၊ မြေကွက်တည်နေရာအမှတ် (၄၃၉/ခ)၊ အောင်ဇေယျ ၃ လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် ဒေါ်သန်းရွှေအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းရွှေကွယ်လွန်သဖြင့် ဦးမောင်ဝင်း ၁၂/သဃက(နိုင်)၀၉၀၀၂၂က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထပ်ဆင့်ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဗုဒ္ဓဝါယာမြေမြတ်မဟာ၌ သာသနာ့ရောင်ဝါထွန်းလင်းစေဖို့ သာသနိကအဆောက်အအုံ လှူကြစို့



[illegible]



ချမ်းသာကျေးရွာ ရေရရှိရေးဖောင်ဒေးရှင်းသို့ ကျေးဇူးတင်လွှာ

နွေရောက်လာပြီဆိုလျှင် သောက်သုံးရေရှားပါးမှု အခက်အခဲနှင့် ရင်ဆိုင်နေရသော ဒေသများအနက် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်အတွင်းက ကျေးရွာ(၁၁)ရွာအတွက် သောက်ရေကန်များ၊ စက်ရေတွင်းများ တူးဖော်ပေး၍သောက်သုံးရေရရှိရန် စေတနာထက်သန်စွာ ကူညီဆောင်ရွက်ပေးနေသော **ချမ်းသာကျေးရွာရေရရှိရေးဖောင်ဒေးရှင်း**အား အထူးပင်ကျေးဇူးတင်ပါကြောင်း။

ဆရာတော်ဘဒ္ဒန္တဇနိန္ဒ
ပဓာန နာယကအဘားကျောင်းတိုက်
အဘားကျေးရွာ၊ ဝေါမြို့နယ်

အမည်မှန်

ဦးမင်းသူဟန်၏သမီး အထက(၂) မင်္ဂလာဒုံ အဋ္ဌမတန်း(ဂ)အောင်မှ မဆုနန္ဒီဦး၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မနှင်းသန့်နွယ်ဖြစ်ပါသည်။

မနှင်းသန့်နွယ်

အမည်မှန်

ဦးမင်းဇော်ဦး၏သမီး အမက(၁)ဗဟိုအင်းစိန် စတုတ္ထတန်း(ဂ)အောင်မှ မမြတ်ဖူးပြည့်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မမြတ်စန္ဒီဖူးဖြစ်ပါသည်။

မမြတ်စန္ဒီဖူး

အရပ်ရပ်ကြော်ငြာစာ

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန်လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးနှင့် အုပ်ထိန်းခြင်းခံရသူလူငယ်တို့ အက်ဥပဒေပုဒ်မ-၁၁)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ် ၇၆

ဒေါ်ခင်စန်းယဉ် — လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ် ၁၁၉၃နေ အရွယ်မရောက်သေးသူ မခင်မင်းမင်းထက်၏အမှုအရေးတွင် သက်ဆိုင်သူများ သိစေလိုက်သည်။

အထက်အမည်ပါ လျှောက်ထားသူက ဆိုခဲ့သောအရွယ်မရောက်သေးသူ၏ ကိုယ်နှင့်ပစ္စည်းအတွက် အုပ်ထိန်းသူလူကြီးအဖြစ် ၎င်းအားခန့်ထားပေးပါမည့်အကြောင်းနှင့် လျှောက်ထားရာ ၎င်းလျှောက်လွှာကို ၂၀၁၃ ခုနှစ် မေ ၁၀ ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်) နံနက် ၁၀နာရီတွင် စစ်ဆေးရန်ချိန်းဆိုထားကြောင်း ဆိုခဲ့သောအရွယ်မရောက်သေးသူ၏ အခြားဆွေမျိုးများ နီးစပ်သူများ(သို့မဟုတ်) ကောင်းကျိုးလိုလားသူမည်သူတစ်စုံတစ်ယောက် မဆို ဆိုခဲ့သောအရွယ်မရောက်သေးသူများနှင့် ၎င်းတို့၏ပစ္စည်းအတွက် အုပ်ထိန်းသူလူကြီးအဖြစ် ခန့်ထား(သို့မဟုတ်) ကြော်ငြာစေခြင်းငှာ အလိုရှိလျှင် ၎င်းသူသည် ဆိုခဲ့သောနေ့ရက်တွင် ဤအရှေ့ပိုင်းခရိုင်တရားရုံးသို့ လူကိုယ်တိုင်လာရောက် လျှောက်ထား၍ ထိုကဲ့သို့ အုပ်ထိန်းသူ လူကြီးအဖြစ် လျှောက်ထား(သို့မဟုတ်)ကြော်ငြာစေခြင်းငှာ ၎င်း၏တောင်းဆိုချက်ကို ထောက်ခံရန်အတွက် ၎င်းက တင်သွင်းလိုသည့် စာရွက်စာတမ်းသက်သေခံနှင့် နှုတ်သက်သေခံမည်သည်ကိုမဆို ထိုနေ့တွင်တင်သွင်းရန် အသင့်ရှိရမည်ဖြစ်ကြောင်းသိစေလိုက်သည်။

၂၀၁၃ ခုနှစ် ဧပြီ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်လှမြင့်
ဒုတိယခရိုင်တရားသူကြီး(၆)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (မြို့သစ်-က)
လူနေရပ်ကွက်အမှတ် က/၆လမ်း၊ ၇၄၊ မြေကွက်အမှတ်၊ ၅၂၅/ခ၊ အမှတ် ၇၄၊ က/၆လမ်း၊ မြို့သစ်၊
အကျယ်အဝန်း ပေ(၂၀×၆၀) ဦးကြည်အောင် အမည်ပေါက် နှစ် ၆၀ ဂရန်၊ ခြံမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ
အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ခေါင်းစဉ်ပါ အိမ်ခြံမြေအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံလာသူ ဒေါ်ခင်ချောစုလွင် ၁၂/မရက(နိုင်)၁၂၈၉၄၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူနိုင်ရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန့်စန္ဒာဝင်း(ဥပဒေဘွဲ့) LL.B, D.B.L, D.M.L, D.I.L, P.D.S.W (Psy;), C.A.E.S အထက်တန်းရှေ့နေ(စဉ်-၃၀၄၇၁)
ဖုန်း-၀၉-၈၆၁၅၉၇၁

ပျောက်ဆုံးကြောင်း

၈က/၉၀၃၉၏ မှတ်ပုံတင်စာအုပ်နှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိထားသူအား ထိုက်တန်စွာ အထူးကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၂၁၀၁၀၀၅၇၊ ၀၉-၄၂၀၀၄၃၀၃၇၊ ၀၉-၄၃၁၇၆၆၅၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ မြေကွက်အမှတ်(၆/၇၃)၊ အကျယ်ပေ(၂၅×၅၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်ထားသော ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ၄လမ်း၊ အမှတ် ၁ဟုခေါ်တွင်သော သွပ်မိုးပျဉ်ကာ အိမ်နှစ်လုံး၊ ရေ၊ မီးအပါအဝင် ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိ၍ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဆိုလာသူ ဒေါ်ညွန့်ညွန့်စိန်(ခ)ဒေါ်နီနီဝင်း ၁၄/ပသန(နိုင်)၁၃၉၉၁၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ဝင်း B.A, H.G.P
အထက်တန်းရှေ့နေ(စဉ်-၁၂၀၉၀)
အမှတ်(၁/ခ)၊ သီရိမင်္ဂလာပတ်လမ်း၊ ၅/၇ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်
ဖုန်း-၀၉-၄၉၃၀၅၁၅၉

ဒေါ် L ခေါန်ဂျီနှင့်အများသိစေရန်ကြေညာခြင်း

ကျွန်တော်ဦးဟန်ဝင်းဇော် ၁၂/မရက(နိုင်)၀၄၀၈၄၄သည် ဒေါ် L ခေါန်ဂျီ ၁၃/တကန (နိုင်) ၁၄၁၇၂၅နှင့် ၂၀၀၀ခုနှစ်ကပင် စတင်လက်ထပ်ပေါင်းသင်းခဲ့ပြီး သားနှစ်ဦးမွေးဖွားခဲ့ပါသည်။ ကျွန်တော်ဦးဟန်ဝင်းဇော်သည် ဒေါ် L ခေါန်ဂျီနှင့်ပေါင်းသင်းနေစဉ် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာအေးမြလမ်း၊ အမှတ် ၇၀၁ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်တော်အမွေရရှိသောငွေကြေးများဖြင့် ဝယ်ယူခဲ့ပြီး ယင်းအိမ်၊ မြေကိုဝယ်ယူစဉ်က ကျွန်တော်၏ဇနီး ဒေါ် L ခေါန်ဂျီ၏အမည်ဖြင့် အမည်ခံဝယ်ယူခဲ့ပြီး ကျွန်တော်တို့မိသားစုလေးဦး အတူနေထိုင်ခဲ့ပါသည်။ ယင်းအိမ်၊ မြေမှာ ကျွန်တော် ဦးဟန်ဝင်းဇော် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော အိမ်၊ မြေဖြစ်ပါသည်။

ကျွန်တော် ဦးဟန်ဝင်းဇော်သည် နေပြည်တော်ကောင်စီနယ်မြေ၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀တွင် (ဒု/ကြီးကြပ်ရေးမှူး)ရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းဖြစ်၍ ကျွန်တော်တာဝန်ထမ်းဆောင်ရာ နေပြည်တော်ကောင်စီနယ်မြေ၌ သွားရောက်တာဝန်ထမ်းဆောင်နေရသူဖြစ်ပြီး ကျွန်တော်၏ဇနီး ဒေါ် L ခေါန်ဂျီနှင့် လင်မယားတရားဝင်ကွာရှင်းထားခြင်းလုံးဝမရှိပါ။ ကွာရှင်းထားခြင်းလည်းမဟုတ်ပါ။ ကျွန်တော် ဦးဟန်ဝင်းဇော် သိရှိခြင်းမရှိဘဲ ကျွန်တော်ပိုင်ဆိုင်သည့် အထက်ဖော်ပြပါအိမ်၊ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တစ်ဦးတစ်ယောက်၏တစ်ဖက်သတ်သဘောဆန္ဒဖြင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းမှအစ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို ပြုလုပ်ပါက ကျွန်တော်ဦးဟန်ဝင်းဇော်မှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ် L ခေါန်ဂျီနှင့် အများသိစေရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

ဦးဟန်ဝင်းဇော် ၁၂/မရက(နိုင်)၀၄၀၈၄၄
ရုံးအမှတ် ၃၀၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ

ပျောက်ဆုံး

ကျွန်တော် ဦးနိုင်ထွန်း ၁၄/ဘကလ(နိုင်)၁၅၃၇၃၆၏ Passport No-A ၃၅၃၁၇၃သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

ဖုန်း-၀၁-၅၈၅၁၈၂

မိဘအမည်မှန်

အထက(၄)ကမာရွတ် စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်ဘုန်းမြတ်သူ(ခ) မောင်အောင်မင်းပိုင်၏ မိဘအမည်မှန်မှာ ဦးမျိုးမင်းအောင်-ဒေါ်အင်ဖြူဖြစ်ပါကြောင်း။

ဦးမျိုးမင်းအောင်-ဒေါ်အင်ဖြူ

ပိုးစာတောင်နှင့်တံဆိပ်ရိုက်နည်း
အခြေခံရက်တို(၆)ရက်
အဆင့်မြင့်တန်း(၆)ရက်
ဖုန်း၊ ၀၉ ၇၃၁ ၇၂၇၃၇

ကားရောင်းမည် ပိုင်ရှင်ကိုယ်တိုင်

၉ဃ----HONDA ODYSSEY

ပုလဲအဖြူရောင်-၇ယောက်စီး

A/C သုံးတန်းပါ

2001 ရောင်းဈေးကျပ် ၂၃၇သိန်း ±

HILUX SURF 1997 SSRX Limited

အနက်ရောင် ပစ္စည်းစုံယာဉ်

ရောင်းဈေး ၂၁၇ သိန်း ±

ဖုန်း-၀၉-၅၀၇၄၉၁၃၊ ၀၉-၄၉၂၉၆၄၆၇

အများသိစေရန်ကြေညာချက်

[illegible]

ပျောက်ဆုံးကြောင်း

အနောက်ရန်ကင်း၊ တိုက်၃၆၀၊ အခန်း၂၂၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ အိမ်ထောင်ဦးစီးအမည် ဖခင်ဦးစိန်ထွန်း၊ မိခင်ဒေါ်ခင်စောနိုင်တို့ နေထိုင်ရန် အိုးအိမ်ဦးစီးဌာနမှ အိမ်ခန်းချထားသည့် အမိန့်စာအမှတ်(စာအမှတ် ၁၁/၇ က/ $\frac{၃၆၀}{၂၂}$ နေ့စွဲ၊ ၁၉၆၉ခုနှစ် အောက်တိုဘာ၂၂ရက်)နေထိုင်ခွင့် စာရွက်စာတမ်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဒေါ်ခင်စောနိုင် စီအီး-၀၉၁၀၀၈၊
မောင်သက်ထွန်း(ခ)ဦးသက်နိုင်
၁၂/သဃက(နိုင်)၁၁၅၀၉၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၁၆၊ ကံကြီးကုန်းကျေးရွာ၊ ကွင်းအမှတ် ၆၆၂၊ ဦးပိုင်အမှတ် ၃၈/က၊ ခြံအမှတ် ၇၉၊ စည်သာ ၃လမ်းရှိ မြေအကျယ်အလျား ၆၅ ပေ × အနံ $\frac{၇၈}{၆၂}$ ပေရှိ မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံတို့အား ရွာအမည် ဒေါ်မြစိန် မှတ်ပုံတင်အမည် ဒေါ်မြငြိမ်း ၁၃/နခတ(နိုင်) ၀၁၉၇၄၉ က ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုချက်အရ ဤအိမ်ခြံမြေအား ကျွန်ုပ် ဦးမျိုးမြတ် ၁၂/အစန(နိုင်)၀၅၉၆၈၉ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးမြတ်
၁၂/အစန(နိုင်)၀၅၉၆၈၉
ဖုန်း-၀၉-၇၃၁၁၂၂၇၃၊ ၀၉-၄၄၉၀၀၀၂၀၀

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ